
## သတိုးနွယ်

# လောကစံဆိုတာ "ချို" နဲ့လား

(အခက်အခဲကျော်လွှားဖြတ်သန်းခြင်းစာစုများ)



ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် - ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၅၀၀ ကျပ်
အဖုံးဒီဇိုင်း - သန့်ဇော်သစ်
ကွန်ပျူတာစာစီ - A-7 Group (၅၅၊ ၃၈-လမ်းအောက်)
အတွင်းဖလင် - A-7 Group (၅၅၊ ၃၈-လမ်းအောက်)
စီစဉ်သူ - မျိုးညွန့် (စိတ်ကြိုက်စာပေ)
ထုတ်ဝေသူ - ဦးချစ်ညွန့် (၀၄၀၀၄)၊
ဇင်ရတနာစာပေ၊
၂၅၅က/၄-လမ်း၊ မြို့သစ်
(က+ခ)ရပ်ကွက်၊ အင်းစိန်။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဒေါ်ကျင်ယု (ကောင်းစံပုံနှိပ်တိုက်)
အမှတ် (၂၉၇)၊ လမ်း ၄၀
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

၃၉၈.၂
သတိုးနွယ်
လောကဓံဆိုတာ ချိုနဲ့လား / သတိုးနွယ်။ ရန်ကုန်။
ဇင်ရတနာစာပေ၊ ၂၀၁၃။
၁၂၈-စာ၊ ၁၀.၅ × ၁၆.၅ စင်တီ။
(၁) လောကဓံဆိုတာ ချိုနဲ့လား

# လောကဓံဆိုတာ "ချို" နဲ့လား

## သတိုးနွယ်

(အခက်အခဲကျော်လွှားဖြတ်သန်းခြင်းစာစုများ)

## မာတိကာ


၁။ အဆင်သင့်ဖြစ်ပြီလား ၁
၂။ ရှုထောင့်မှဲ့ ရှုထောင့် ၁၃
၃။ အချိန်နှင့် အောင်မြင်မှု ၂၁
၄။ မိတ်ဆွေနှင့် ရန်သူ ၂၉
၅။ စွမ်းရာဂုဏ်နေ စပါ ၃၅
၆။ နတ်နှင့် ဗီရိယ ၄၈
၇။ နေရာ ၅၈
၈။ အခက်အခဲနှင့် အရှည်အဝေး ၇၈
၉။ ကိုယ့်အား ကိုယ်ကိုး ၉၃
၁၀။ ပန်းခင်းလမ်းမှ ဆူးများ ၁၀၇
၁၁။ ကိုယ်ကကောင်းမှ သူကပေါင်းမယ် ၁၂၂
၁၂။ ပေးဆပ်ခြင်း အရသာ ၁၃၄
၁၃။ အခွင့်အရေးရှိအောင်နေပါ ၁၄၂
၁၄။ တာဝန်နှင့် လုပ်ပိုင်ခွင့် ၁၅၀
၁၅။ ကိုယ်တိုင်လုပ် ၁၆၂
၁၆။ ဇွဲ ၁၇၄
၁၇။ နောက်မဆုတ်နဲ့ ရှေ့တက် ၁၈၃


## အမှာစာ

""လမ်းလျှောက်ဖူးသောသူဟာ...

ခလုတ်တိုက်ဖူးရမယ်"" တဲ့။

ဒီစကားကို အကြိမ်ပေါင်းများစွာ ပြောလေ့ပြောထရှိခဲ့ကြပါတယ်။ ဒီစကားကို အလေးအနက်ထားပြီး စဉ်းစားပြန်ပါကလည်း မှန်ကန်နေတာကို တွေ့ရပါတယ်။

ဟုတ်တယ်လေ။

ကျွန်တော်တို့ဟာ ငယ်ရွယ်စဉ်ကာလမှာ လမ်းလျှောက်တတ်ဖို့ ကြိုးစားစဉ်အခါတုန်းကောင်မှ 'ခလုတ်' ဆိုတဲ့ အခက်အခဲကို ကြုံတွေ့ခဲ့ရတယ်။

ဒါပေမယ့်...

အရွယ်က သိပ်ငယ်နေတော့ အခက်အခဲကို အခက်အခဲမှန်း မသိခဲ့ကြပါဘူး။ ကျွန်တော်တို့ကို ကျွန်တော်တို့ရဲ့ မိဘ၊ ဆွေမျိုးတွေက ကူညီခဲ့ကြတယ်။

ဒီလိုနဲ့…

ကျောင်းတက်တော့ စာမရခြင်း၊ စာနားမလည်ခြင်း၊ စာမကျက်ခြင်းဆိုတဲ့ ပညာရေးနှင့်ပတ်သက်တဲ့ အခက်အခဲတွေက ဆီးကြိုလို့။

ဒါပေမဲ့…

ဆရာက ဝင်ကူပေးတော့ အခက်အခဲတချို့ ပြေလည်သွားတယ်။ ဒါပေမယ့် ကျွန်တော်တို့ဟာ လမ်းလျှောက်နေတုန်း 'ခလုပ်'ရဲ့ အခက်အခဲကို မမြင်ခဲ့၊ သတိမမူခဲ့ကြပေမယ့် ပညာရေးရဲ့ အခက်အခဲကိုတော့ သိခဲ့ကြရတယ်။

နောက်…

ပညာသင်ကြားခြင်းကိစ္စပြီးလို့ လုပ်ငန်းခွင်ဝင်ရတာပဲဖြစ်ဖြစ်၊ မိမိရည်မှန်းချက်ကို အကောင်အထည်ဖော်တဲ့အခါမှာပဲဖြစ်ဖြစ် ဘဝကို ရင်ဆိုင်ရတဲ့အခါမှာတော့ အခက်အခဲဆိုတာကို တိတိကျကျ သိလာခဲ့တယ်။

ဒါဆိုရင်…

အခက်အခဲတွေက နေရာတိုင်းမှာ ရှိနေတာပေါ့။

**"အောင်မြင်မှုဆိုဟူသည်**

**အခက်အခဲများ၏ အခြားတစ်ဘက်မှာရှိနေသော အရာဖြစ်၏"**

အောင်မြင်တဲ့ ဘဝတစ်ခုကိုတည်ဆောက်ဖို့၊ မိမိရည်မှန်းချက်တွေ လက်တွေ့အကောင်အထည်ဖော်ဖို့၊ ဆန္ဒနှင့်ဘဝ တစ်ထပ်တည်းကျဖို့ဆိုတာ အခက်အခဲတွေ့ကို ကျော်ဖြတ်ရပါလိမ့်မယ်။



အခက်အခဲမရှိရင်…

ဘယ်လိုအောင်မြင်မှုမျိုးကိုမှ မရှိနိုင်ပါဘူး။

ဒီတော့…

အခက်အခဲနည်းနည်းရှိရင်

အောင်မြင်မှု နည်းနည်းရှိမယ်။

အခက်အခဲအများကြီးရှိရင်တောင်

အောင်မြင်မှုဟာလည်း များစွာရှိမှာပေါ့။

အောင်မြင်မှုနဲ့ အခက်အခဲဆိုတာ ခွဲခြားပြီးမြင်လို့ မရဘူး။ လူဟာ အခက်အခဲတွေကို မကျော်လွှားနိုင်ပါဘဲ အောင်မြင်မှုဆီကို သွားလို့ မရပါဘူး။

ဘာကြောင့်လဲဆိုတော့…

ကျွန်တော်တို့အားလုံးဟာ ချမ်းသာချင်ကြတယ်။ ကျော်ကြားချင်ကြတယ်။ နေရာတကာ သူတစ်ပါးထက် ခေါင်းတစ်လုံးပိုသာချင်ကြတယ်ဆိုတာ အမှန်ပါပဲ။

ဒါပေမယ့်…

ကျွန်တော်တို့တွေအားလုံး အဲဒီလိုအခြေအနေမျိုးတော့ ဖြစ်မလာကြပါဘူး။

ကျွန်တော်တို့မှာ တူညီတဲ့ အချိန် (၂၄ နာရီ)ကို ရရှိကြတယ်။ တူညီတဲ့ ရာသီဥတု၊ တူညီတဲ့ အသက်ရှူနှုန်း စသည်အားဖြင့် အတော်များများ တူညီကြပါတယ်။

ဘာကြောင့် မအောင်မြင်ကြတာလဲ?

သေချာပါတယ်။

ကျွန်တော်တို့တွေဟာ အခက်အခဲကို ရင်ဆိုင်ရမှာ ကြောက်လန့်ခဲ့ကြတယ်။ အခက်အခဲတွေကို စနစ်တကျ မဖြေရှင်းခဲ့ကြဘူး။ အခက်အခဲကြားကနေ ရှောင်ထွက်ခဲ့ကြတယ်။

ဒီလိုနဲ့…

ကျွန်တော်တို့ဟာ ကြီးမားတဲ့ အခက်အခဲများရဲ့ ဝေးရာကို ရောက်ခဲ့ကြတယ်။ ကျွန်တော်တို့အတွက် အောင်မြင်မှုဆိုတာဟာလည်း ကင်းဆိတ်ခဲ့တယ်။

နောင်တတွေနဲ့ တစ်သားတည်းကျလို့။

"ငါသာ စာကို အသေအချာကျက်ခဲ့ရင်"

"ငါသာ အလုပ်ကို သေချာလုပ်ခဲ့ရင်"

"ငါ သူ့ကို ကောင်းကောင်းမွန်မွန်ဆက်ဆံခဲ့ရင်"

"ငါ အဲဒီတုန်းက ဒေါသမကြီးခဲ့ရင်"

"ငါသာ ကြိုးစားခဲ့ရင်"

"ငါသာ … … … …"

"ငါသာ … … … …"

❀

အခက်အခဲတွေကို ရင်ဆိုင်တဲ့အခါမှာ စိတ်ဓာတ်နှင့် လုပ်ရပ်ဟာ အဓိကကျပါတယ်။

စိတ်ဓာတ်နဲ့ လုပ်ရပ်ကောင်းရင် အခက်အခဲကို ကျော်လွှားနိုင်ပါတယ်။ စိတ်ဓာတ်နဲ့ လုပ်ရပ် မကောင်းရင်တော့ အောင်မြင်မှုဟာလည်း ဝေးကွာနေမှာပါပဲ။



ဒီတော့…

အောင်မြင်မှုဆိုတာဟာ နေရာကျယ်ဝန်းလှပါတယ်။

တချို့က အောင်မြင်တဲ့ နိုင်ငံရေးသမား။

တချို့က အောင်မြင်တဲ့ စာရေးဆရာ။

တချို့က အောင်မြင်တဲ့ အဆိုတော်။

တချို့က အောင်မြင်တဲ့ သရုပ်ဆောင်။

တချို့က အောင်မြင်တဲ့ ဆရာဝန်။

တချို့က အောင်မြင်တဲ့ စီးပွားရေးသမား…

စသည် စသည်အားဖြင့် နယ်ပယ်ကျယ်ဝန်းလှပါတယ်။ ဘယ်လိုပင် နယ်ပယ်ကျယ်ဝန်းပါစေ၊ အောင်မြင်မှုရှိတဲ့ နယ်ပယ်တိုင်းမှာ အခက်အခဲက ရှိနေမှာပါပဲ။

အဲဒီ အခက်အခဲတွေကို…

ဘယ်လိုစိတ်ဓာတ်၊ ဘယ်လိုနည်းနဲ့ ရင်ဆိုင်မှာလဲဆိုတာသာ အရေးကြီးပါတယ်။

တစ်ခုတော့ရှိတယ်။

ခရီးတစ်ခုကို သွားတဲ့အခါမှာ လမ်းမသိဘဲ သွားမယ်ဆိုရင် အန္တရာယ်လည်း များသလို၊ ခရီးလည်း မတွင်ပါဘူး။

လမ်းသိရင်တော့…

ခရီးလည်း တွင်သလို၊ အန္တရာယ်လည်း ကင်းဝေးပါတယ်။

ဒီတော့…

လမ်းသိအောင် လုပ်ရပါမယ်။

☆ သတိုးနွယ်

တကယ်ကမ်းအားဖြင့် လမ်းသိရှေအောင် လုပ်ခြင်းဆိုတာဟာ အောင်မြင်ပြီးသူတွေရဲ့ လုပ်ရပ်နဲ့ စိတ်ဓာတ်ကို လေ့လာခြင်းပါပဲ။

ဒီအတွက်…

တစ်ယောက်နဲ့တစ်ယောက် တူချင်မှ တူပါလိမ့်မယ်။

သို့သော်…

ယူတတ်တဲ့သူအတွက်တော့ အခက်အခဲကို ရင်ဆိုင်တဲ့အခါမှာ အကောင်းဆုံးနည်းလမ်းတွေ ရရှိပါလိမ့်မယ်။

အခက်အခဲတွေကျော်လွှားနိုင်ကြပါစေ
ရှင်လန်းချမ်းမြေ့ပါစေ…

သတိုးနွယ်

"အချိန်မီရောက်ခဲ့သော်ငြား
ပန်းတိုင်ကိုလည်း မရောက်ပါဘူး။
ဒါပေမယ့်…
ပန်းတိုင်ရောက်ရှိခဲ့သူဟာ
အချိန်ရောက်အောင် ပြိုင်ခဲ့နေရသူ မဟုတ်ပါဘူး။
အချိန်တိုင်း ကြိုးစားနေရသူ"

## အဆင်သင့်ဖြစ်ပြီလား

ဂျက်ကီချန်း။

သူ့ကို ကျွန်တော်တို့အားလုံး ကောင်းကောင်းသိကြတယ်။ ဘာကြောင့်လဲဆိုတော့ သူက ကမ္ဘာကျော် သရုပ်ဆောင်တစ်ယောက်။

သူ့ကို လူကြီးတွေလည်း ကြိုက်သလို၊ ကလေးငယ်တွေကလည်း ချစ်ခင်နှစ်သက်ကြတယ်။

တလောကလည်း ကျွန်တော်တို့ မြန်မာနိုင်ငံကို ဂျက်ကီချန်း ရောက်လာသေးတယ်။ ကမ္ဘာ့ကုလသမဂ္ဂ ယူနီဆက်က ကလေးသူငယ်များဆိုင်ရာ သံတမန်အဖြစ်ရောက်လာတာ အားလုံးအသိ။

မန္တလေးမြို့ရောက်တော့ သူ့ကို မြန်မာပရိသတ်တွေဆိုတာ သဲသဲလှုပ်။



ဒါက ကျွန်တော်တို့ မြန်မာနိုင်ငံကိုလာလို့ မြန်မာနိုင်ငံသားတွေအနေနဲ့ ကမ္ဘာကျော် သရုပ်ဆောင်တစ်ယောက်ကို မမြင်ဖူးလို့ ကြည့်တာ။ ဂျက်ကီချန်းအတွက် ဘာမှ ထူးဆန်းမယ် မထင်ပါဘူး။

သူ့အနေနဲ့ ကမ္ဘာမြေပေါ်က ဘယ်နိုင်ငံကိုသွားသွား သူ့ကို ဝိုင်းပြီးကြိုဆိုအားပေးကြမှာပဲ။ တကယ်လည်း ကြိုဆိုကြတယ်။

ဘာကြောင့်လဲဆိုတော့ 'ဂျက်ကီချန်း' ဆိုတာ ကမ္ဘာကသိတဲ့၊ ကမ္ဘာကချစ်တဲ့၊ ကမ္ဘာကျော်တဲ့ အနုပညာရှင်တစ်ယောက်ကိုး။

သူ့ဘဝက ပြည့်စုံလွန်းလှပါတယ်။

ဒီလိုဘဝမျိုးရောက်အောင် ဂျက်ကီချန်းတစ်ယောက် ဘယ်လိုလာခဲ့ရသလဲ?

ဒါမှမဟုတ်…

ဒီကနေ့ ကမ္ဘာကသိနေတဲ့ ဂျက်ကီချန်းဖြစ်ဖို့ ဘယ်လိုအခက်အခဲတွေကို ကျော်လွှားခဲ့ရပါသလဲ?

ဂျက်ကီချန်းကို ဟောင်ကောင်ကျွန်းမှာ မွေးပါတယ်။

သူ့ကို မွေးဖွားတဲ့အချိန်က သူ့မိဘတွေဟာ သိပ်ပြီးဆင်းရဲတယ်။

ဆင်းရဲလွန်းတဲ့ ဘဝအခြေအနေတွေကြားမှာ ဂျက်ကီချန်းရဲ့ မိဘတွေဟာ ဂျက်ကီချန်းကို သူတစ်ပါး မွေးစားဖို့ပေးမယ်တောင် ကြံစည်ခဲ့ပါတယ်။

ဒါပေမယ့်…

မိဘဆိုတာဟာ ဘယ်လိုပင် ဆင်းရဲဒုက္ခရောက်နေပါစေ မိမိသားသမီးကို စွန့်ပစ်ဖို့ဆိုတာဟာလည်း ဘယ်လိုမှ မဖြစ်နိုင်ပေ။

ဒါနဲ့ ဂျက်ကီချန်းရဲ့ မိဘတွေဟာ ဂျက်ကီချန်းကို သူတစ်ပါးမွေးစားဖို့ မပေးတော့ဘဲ သူတို့ကိုယ်တိုင်ပင် ဆင်းရဲပင်ပန်းစွာစောင့်ရှောက်ခဲ့တယ်။

ဒီလိုနဲ့…

ဂျက်ကီချန်းတစ်ယောက် အသက် (၇)နှစ်အရွယ်ရောက်တော့ သူ့မိဘတွေက "တရုတ်အော်ပရာကျောင်း"ကို ပို့လိုက်တယ်။

ဂျက်ကီချန်းတက်တဲ့ တရုတ်အော်ပရာကျောင်းဟာ စည်းကမ်းအလွန်ကြီးတယ်။ သာမန်စိတ်ဓာတ်၊ သာမန်အနေအထားနဲ့ ကြာရှည်မနေနိုင်ကြပါဘူး။

တရုတ်အော်ပရာကျောင်းမှာ နေ့စဉ် နံနက် ၅နာရီထိုးကနေ ညသန်းခေါင်ကျော်တဲ့အထိ ကျောင်းသားတွေဟာ အဆို၊ အကနဲ့ ကိုယ်ခံပညာရပ်တွေကို ပင်ပန်းတကြီး သင်ကြားရ၏။

တရုတ်အော်ပရာကျောင်းမှာ လုပ်ရတဲ့ လေ့ကျင့်ခန်းတွေဟာ ခက်ခဲလှ၏။ ကြမ်းတမ်းလှတယ်။ နိုင်းတဲ့အတိုင်း မလုပ်နိုင်တဲ့ ကျောင်းသားတွေကို ရိုက်နှက်တာ၊ ထမင်းမကျွေးဘဲထားတာစတဲ့ ပြစ်ဒဏ်တွေ ချမှတ်ပါတယ်။

အခက်အခဲတွေကများတော့…

စိတ်ဓာတ်မခိုင်မာတဲ့ ကျောင်းသားတွေဟာ တရုတ်အော်ပရာကျောင်းမှာ နှစ်ရှည်မနေနိုင်ဘဲ ထွက်ပြေးကြတယ်။



ဂျက်ကီချန်းကတော့ ၁၀ နှစ်တိတိ တရုတ်အော်ပရာကျောင်းမှာ နေခဲ့တယ်။

ကြိုးစားအားထုတ်မှုရှိသူအတွက်

အခွင့်အရေးဆိုတာ ရောက်လာတတ်ပါတယ်။

ဒီလိုပါပဲ။

တရုတ်အော်ပရာကျောင်းမှာ ၁၀ နှစ်ကြာအောင် ကြိုးစားပြီးနေခဲ့တော့ သရုပ်ဆောင်အတတ်ရော၊ ကိုယ်ခံပညာအတတ်မှာပါ ဂျက်ကီချန်းဟာ ကျွမ်းကျင်သူတစ်ယောက် ဖြစ်လာခဲ့တယ်။

ဒီတော့…

ဟောင်ကောင်ရုပ်ရှင်လောကမှ ရုပ်ရှင်ထုတ်ဝေသူတွေအတွက် အသတ်အပုတ်ကားတချို့မှာ မင်းသားကိုယ်စား (မင်းသားကိုယ်ပွား) အစားထိုးသရုပ်ဆောင်ရတဲ့ ယာယီစတန့်မင်းသား ဖြစ်လာခဲ့တယ်။

အောင်မြင်ချင်တဲ့သူဟာ…,

မိမိရတဲ့နေရာကို အကောင်းဆုံးလုပ်ရတယ်။

ဒီနေရာကတော့ မကြီးကျယ်၊ မခမ်းနားလို့ဆိုပြီး အကောင်းဆုံးဖြစ်အောင် လုပ်နိုင်ပါလျက် မလုပ်ဘူးဆိုရင် ရသင့်တဲ့ အခွင့်အလမ်းတွေက ပွင့်လာမှာ မဟုတ်ပါဘူး။

အခုလည်းကြည့်။

ဂျက်ကီချန်းတစ်ယောက် "စတန့်မင်းသား"အဖြစ်သာ နေပါက သူ့ဘဝဟာ မြင့်လာစရာအကြောင်းမရှိပါဘူး။

သို့သော်…

ဂျက်ကီချန်းဟာ စတန့်ပြကွက်တွေကို အစမှာ ခိုင်းတဲ့အတိုင်း လုပ်တယ်။ နောက်ပိုင်းကျတော့ သူက ဒီအတိုင်းမနေ ပိုကောင်းအောင် လုပ်ပြတယ်။ ပိုကောင်းသည့်အကွက်များကို တင်ပြခဲ့တယ်။

ဒီတော့…

ထုတ်လုပ်သူတွေက ဂျက်ကီချန်းဟာ အလုပ်နဲ့ပတ်သက်ပြီး စိတ်ဝင်စားမှုအားကောင်းတယ်။ ကြိုးစားပြီး ဆောင်ရွက်တာကို သိလာတယ်။

"အခွင့်အလမ်းဆိုတာ…

သူတစ်ပါးက ဖန်တီးတာမဟုတ်၊ မိမိကိုယ်တိုင် အခွင့်အလမ်း ပေါ်အောင် ဖန်တီးရတယ်"

ဒီလိုနဲ့…

ဂျက်ကီချန်းဟာ စတန့်ပြကွက်တွေကို ညှိနှိုင်းစီစဉ် ရိုက်ကူး ပေးသူအဆင့်ကို ရောက်လာခဲ့တယ်။

အောင်မြင်မှုဆိုတာ…

တဖြည်းဖြည်းတက်လေ၊ ပိုပြီးတော့ ခိုင်မာလေပါပဲ။

ဘာကြောင့်လဲဆိုတော့ အောက်သက်လည်းကြေတယ်။ မိမိ နယ်ပယ်မှာ မိမိမဖြတ်သန်းဖူးသော်နေရာ မရှိတော့ လုပ်ငန်းကျွမ်းကျင် လာတယ်။

စတန့်ရိုက်ကူးတဲ့နေရာမှာ ကျွမ်းကျင်တဲ့ ဂျက်ကီချန်းကို တစ်ချို့ထုတ်လုပ်သူတွေက ရုပ်ရှင်ဇာတ်ကားတွေ အပ်ကြတယ်။

ဒါရိုက်တာ ဂျက်ကီချန်း။



ပိုပြီးတော့ခက်ခဲတဲ့ ကာလတွေကို ကျော်ဖြတ်နိုင်လေ၊ ပိုပြီး တော့ ကြီးမားတဲ့ အောင်မြင်မှုတွေကို ရရှိလေပါပဲ။

ဒီလိုနဲ့…

ဂျက်ကီချန်းရဲ့ဘဝထဲကို ကြီးမားလှတဲ့ အချိုးအကွေ့တစ်ခုက ဝင်ရောက်လာခဲ့တယ်။

အဲဒါကတော့ ကမ္ဘာကျော်ဖိုက်တင်မင်းသား ဘရုစ်လီ ရုတ်တရက် ကွယ်လွန်သွား၏။

ရုပ်ရှင်ထုတ်လုပ်သူတွေက ဘရုစ်လီ မရှိတော့ လစ်ဟာသွား တဲ့ ဘရုစ်လီဈေးကွက်ကို ပြန်ပြီးတော့ အသက်သွင်းချင်ကြတယ်။

ဒီတော့…

ဘရုစ်လီနေရာ အစားထိုးဖို့ လူရှာတော့ ဂျက်ကီချန်းကို သွားတွေ့ကြတယ်။

ဒုတိယမြောက် ဘရုစ်လီ။

ဒါပေမယ့်…

လုံးဝ ဖြစ်မလာခဲ့ပါဘူး။

တစ်ခါတလေကျရင် ကျွန်တော်တို့ဟာ အောင်မြင်မှုတစ်ခုကို တည်ထောင်ဖို့ သူတစ်ပါးလုပ်တဲ့ နည်းလမ်းအတိုင်း လိုက်ပြီးတော့ လုပ်ကြည့်လေ့ရှိကြတယ်။

မိမိရဲ့ တီထွင်ဖန်တီးမှုမပါ။

ကြိုးစားအားထုတ်မှုတော့ ထိုက်သင့်သလောက်ပါရဲ့။

သူလုပ်လို့ ကိုယ်လုပ်တယ်ဆိုတာ မိမိရဲ့ စွမ်းအားနဲ့ ယုံကြည် မှုကို လျော့နည်းစေပါတယ်။ ကိုယ်ပိုင်နည်းစနစ်၊ ကိုယ့်မူမပါတော့ တစ်ဖက်သားရဲ့ လောင်းရိပ်က မိမိကို ခြောက်လှန့်တတ်လို့ပါပဲ။

ဟောင်းရိုပ်မိတဲ့ အပင်ဟာ…

ရှင်သန်စွာ မကြီးပွား၊ မပေါက်ရောက်နိုင်ဘူး။

ဂျက်ကီချန်းဟာလည်း ဘရုစ်လီဖြစ်ဖို့ ကြိုးစားခဲ့တယ်။

ဒါပေမယ့်…

ဘရုစ်လီ ဖြစ်မလာခဲ့ဘူး။

ကောင်းတဲ့ဘက်မှာ အတုလိုက်လုပ်တာကောင်းပေမယ့် အတု လိုက် လုပ်တာကတော့ မကောင်းပါဘူး။ မိမိရဲ့ စစ်မှန်တဲ့ အယူအဆ ကို ဖုံးကွယ်လိုက်ခြင်းပါပဲ။

ဒါနဲ့ပတ်သက်ပြီး ဂျက်ကီချန်းက…

"မလွယ်ဘူးဗျာ၊ လုံးဝ မလွယ်ဘူး"။

အဲဒါကြောင့် ဘရုစ်လီ ဖြစ်အောင် ကြိုးစားမနေတော့ဘဲ ကိုယ့်ပုံစံနဲ့ ကိုယ်ဖြစ်အောင်လုပ်မယ် လို့ပဲ ဆုံးဖြတ်လိုက်တယ်။

ဂျက်ကီချန်းရဲ့ ဆုံးဖြတ်ချက်နဲ့ လုပ်ဆောင်ချက်ဟာ မှန်ကန် ခဲ့ပါတယ်။

ဒီကနေ့ဆိုရင် ဟောင်ကောင်ရုပ်ရှင်လောကတင်မက ကမ္ဘာ့ ရုပ်ရှင်လောကမှာပါ ဂျက်ကီချန်းဟာ ကြီးမားတဲ့ အောင်မြင်မှုများကို စိုက်ထူနိုင်ခဲ့တယ်။

ဂျက်ကီချန်းတို့ ခင်ဗျားလည်း သိတယ်။

ကျွန်တော်လည်း သိတယ်။

ဒါပေမယ့်…



ကျွန်တော်တို့မှာ တစ်ခါတလေကျရင် မိမိရဲ့ အဆင်မပြေတဲ့ ဘဝအခြေအနေ၊ အခွင့်လမ်းမရှိတဲ့ အနေအထား၊ ဘာမှဖြစ်မလာနိုင် ပါဘူးဆိုတဲ့ စိတ်ကူးတွေ ဝိနေတတ်တယ်။

သို့သော်…

ဂျက်ကီချန်းလို မိဘက စွန့်ပစ်လောက်အောင် ဆိုးဝါးတဲ့အနေ အထားတစ်ခုတော့ မဟုတ်သေးပါဘူး။

ဒါက ပတ်ဝန်းကျင်အခြေအနေ။

နောက် လက်ရှိအနေအထားကိုကြည့်တော့…

ဘာတစ်ခုမှ အားရစရာ မကောင်းပါဘူး။

ဟုတ်တယ်လေ။

လက်ရှိအခြေအနေက သူဌေးလည်း မဖြစ်နိုင်ဘူး။

ဒါပေမယ့်…

ဂျက်ကီချန်းဟာ တရုတ်အော်ပရာကျောင်းမှာ ပင်ပန်းဆင်းရဲ ခံပြီး နေခဲ့တာဟာ သူ့ရဲ့ ကြီးမားသော အောင်မြင်မှုကို အထောက် အကူ ဖြစ်စေခဲ့ပါတယ်။

ပြောရရင် ကျွန်တော်တို့ဟာ အဆင်သင့်ဖြစ်နေရပါမယ်။

အဆင်သင့်ဖြစ်တယ်ဆိုတာ ကျွန်တော်တို့ရဲ့ လက်ရှိအလုပ်ကို (အစကိုပဲဖြစ်ဖြစ်) ထောင်းသည်ထက်ကောင်းအောင် လုပ်နေခြင်းပါပဲ။

ဂျက်ကီချန်းဟာ ကမ္ဘာကျော်အောင် (တရုတ်အော်ပရာကျောင်း မှာ) ကြိုးစားခဲ့တာ၊ အခက်အခဲတွေကို ကျော်ဖြတ်ခဲ့တာ မဟုတ် ပါဘူး။ သူ့ရဲ့ ကြိုးစားမှုတွေက ကမ္ဘာကျော်တစ်ယောက်ဖြစ်စေဖို့ အဆင်သင့်ဖြစ်နေခဲ့တာပါ။

တစ်ခါတလေကျရင် အရွယ်နဲ့ ကြိုးစားချက်တွေဟာ ကြီးမားတဲ့ အောင်မြင်မှုကို မဖန်တီးပေးနိုင်ပေမယ့် အချိန်ကျရင် အခွင့်အရေးပေးတာနဲ့ ကြီးကျယ်မှုကို ထုဆစ်ပေးနေပါတယ်။

အဓိကကျတာက လက်ရှိ မိမိရဲ့အလုပ်ဟာ (သေးငယ်ပေမယ့်လည်း) မိမိရဲ့ ပန်းတိုင်ကို ကြီးမားစွာ အထောက်အကူပြုလောက်အောင် မြင့်မြတ်ရမယ်၊ ခမ်းနားရမယ်၊ ကြီးကျယ်ရမယ်။

ရတာနဲ့ လုပ်တာ မတန်ဘူးလို့ သဘောမထားပါဘူး။

ဂျက်ကီချန်းလို စတန့်မင်းသားနေရာမှာ အစားဝင်၊ ကိုယ်တိုင် စတန့်မင်းသားဖြစ်၊ ရိုက်ကူး၊ ဒါရိုက်တာ အဆင့်ဆင့်တက်လာခဲ့တာဟာ သူ့ရဲ့ အာရုံစူးစိုက်မှုနဲ့ အကောင်းဆုံးလုပ်ဆောင်ချက်ပါ။

အကယ်၍ စတန့်မင်းသားအဖြစ်လောက်သာ ကျေနပ်နေမယ်။

သူလုပ်နိုင်တာထက် ပိုကောင်းအောင် မလုပ်ခဲ့ရင် …

ကျွန်တော်တို့တစ်တွေ ဒီကနေ့ ဂျက်ကီချန်းကို သိစရာအကြောင်း မရှိပါဘူး။

ဒါကြောင့် …

အောင်မြင်ချင်တဲ့သူဟာ မိမိရည်ရွယ်ထားသော ပန်းတိုင်နှင့် ကိုက်ညီတဲ့ အရာတွေကို အကောင်းဆုံးလုပ်ဆောင်ရပါမယ်။

မိမိရဲ့ အလုပ်ဟာ သေးငယ်ပေမယ့်လည်း ခမ်းနားကြီးကျယ်တဲ့ စိတ်ဓာတ်နဲ့ လုပ်ရပါမယ်။

တစ်ခါတလေမှာ လွဲမှားမှုတွေ ကြုံတွေ့ရတတ်ပါတယ်။ (ဘရုစ်လီဖြစ်အောင် ဂျက်ကီချန်း ကြိုးစားသလို)။ ဒီတော့ မိမိရဲ့ လုပ်ရပ်ကို လေ့လာပါ။



အမှားကို ပြင်ပါ။

တီထွင်ဖန်တီးမှုပြုပါ။

ကြိုးစားမှုကို မလျှော့ပါနဲ့။

တစ်ဆင့်ပြီးတစ်ဆင့် မြင့်လာစေဖို့ မိမိဘဝက အမြဲတမ်း အဆင်သင့်ဖြစ်နေပါစေ။

"အန္တရာယ်ဆိုတာ
နေရာတိုင်းမှာရှိတယ်။
မိမိက သတိမထားရင်
အန္တရာယ်က ကြီးမားတယ်။
ဒီသက်သေဆိုတော့က
အန္တရာယ်ရှိ မိမိက မသတိမှတ်ထားတဲ့အရာက
အန္တရာယ်ဖြစ်လာရင်တော့
အန္တရာယ်အကြီးဆုံးဖြစ်သွားတတ်တယ်"

## ရှုပေါင်မဲ့ ရှုပေါင်

တစ်ခါက အိမ်တစ်အိမ်မှာ ကြွက်တစ်ကောင်နဲ့ အခြားသော သတ္တဝါတွေ နေကြတယ်။

ဒီလိုနဲ့…

တစ်နေ့ကျတော့ အိမ်ရှင်က ဈေးကနေ 'ကြွက်ထောင်ချောက်' တစ်ခု ဝယ်လာခဲ့တယ်။ ကြွက်ထောင်ချောက်ဆိုတာဟာလည်း သိတဲ့အတိုင်းပဲ၊ အသက်အန္တရာယ် ခြိမ်းခြောက်နိုင်တယ်။

အဲဒီ ကြွက်ထောင်ချောက်ကို 'ကြွက်' ကမြင်တော့ အရမ်းထိတ်လန့်သွားတယ်။ ဒါနဲ့ ကြွက်က…

"အိမ်မှာ ကြွက်ထောင်ချောက်ရောက်နေပြီ၊ သတိထားကြပါ"

လို့ ဟျောက်အော်တယ်။ ကြွက်ရဲ့အသံကိုကြားတော့ ကြက်မက…

“ရှင့်အတွက်တော့ ကြွက်ထောင်ချောက်ဟာ စိုးရိမ်စရာပဲ။ ကျွန်မအတွက်ကတော့ ဘာမှ မဆိုင်ဘူးနော်”

ကြက်မက နားညည်းတယ်ပေါ့လေ။ ပျောက်အောင်မနေနဲ့။ ကိုယ့် ဘာသာကိုယ် ဂရုစိုက်။

ဟုတ်တော့လည်း ဟုတ်တယ်။ ကြွက်ထောင်ချောက်ဆိုမှတော့ ကြွက်အတွက်ပဲဖြစ်မှာပေါ့။ ကြက်မနဲ့ တခြားစီ။ သုံးနဲ့ လေးလိုပါပဲ။

ဒါပေမယ့်…

ကြွက်ကတော့ စိုးရိမ်တော့ အော်တာပေါ့။

“မင်းအတွက်တော့ စိတ်မကောင်းပါဘူး ကိုရွှေကြွက်။ ငါလည်း ဒီကိစ္စနဲ့ပတ်သက်ပြီး မင်းကို ဘာတစ်ခုမှ အကူအညီမပေးနိုင်ဘူး။ သတိထားတော့နေပေါ့။ ငါလည်း မင်းကို အန္တရာယ်မဖြစ်အောင် ဘုရားမှာ ဆုတောင်းပေးမယ်”

ဝက်အတွက် ကြွက်ထောင်ချောက်ဆိုတာ ညောင်ဦးကမ်းပါး ပြိုတာနဲ့ စမ္ပာနဂိုရ်က နွားပေါင်ကျိုးသလို ဘာမှမဆိုင်။

ဒါပေမယ့်…

ကြွက်ကတော့ စိုးရိမ်စွာနဲ့ တစ်အိမ်တည်းနေ မိတ်ဆွေဖြစ်တဲ့ နွားကို သတိပေးတော့…

“အဲဒီ ကြွက်ထောင်ချောက်က ငါ့ခြေမကိုများ လာညှပ်မိရင်တော့ ဒုက္ခပါပဲကွာ ဟား ဟား”

နွားရဲ့စကားက ကြွက်ကို ရိသဲ့သဲ့လုပ်လိုက်တာ။

ကြွက်ထောင်ချောက်နဲ့ နွားဆိုတာ ဘုန်းကြီးနဲ့ ဘီးလို လုံးဝ မအပ်စပ်ဘူးပေါ့။



ဒါပေမယ့်…

ကြွက်ကတော့ စိုးရိမ်မှုအပြည့်ဖြင့် နေရတယ်။

ဒီလိုနဲ့…

ညရောက်လာခဲ့တယ်။

ကြွက်ထောင်ချောက်က မောင်းပြုတ်သံကလည်း ကျယ်လောင်စွာ ထွက်ပေါ်လာတော့ အားလုံး လန့်နိုးသွားကြတယ်။

“ကြွက်တော့သွားပြီ”

“ဒီလောက်ထိမြန်မယ်လို့ မထင်ထားဘူး”

“သတိထားပြီးမနေဘူးလား”

စသည်အားဖြင့် ကြွက်ရဲ့ မိတ်ဆွေတွေက ပြောကြတယ်။ သူတို့အားလုံး ထင်ထားတာက ကြွက်သေသွားပြီပေါ့။

ဒါပေမယ့်…

အဖြစ်အပျက်က အားလုံးထင်ထားသလိုမဟုတ်ဘဲ ကြွက်ထောင်ချောက်ထဲမှာ မြွေတစ်ကောင်ရဲ့အမြီးကို မိနေတယ်။

ကြွက်ထောင်ချောက်အသံကြားတော့ အိမ်ရှင်မက မီးအိမ်လေး မလင်းတလင်းနဲ့ ထွက်လာခဲ့တယ်။ ကြွက်ထောင်ချောက်ကို ကြွက်အမှတ်နဲ့ သွားဆွဲတော့ မသေသေးတဲ့မြွေက အိမ်ရှင်မကို လှမ်းပေါက်လိုက်တယ်။

အိမ်ရှင်မက အော်တော့ အိမ်ရှင်ယောကျ်ား နိုးလာပြီး မြွေကို မြင်သွားတယ်။ အခြေအနေကို သဘောပေါက် စိတ်တိုပြီး မြွေကို နှိမ်ရာဝတ်နဲ့ ရိုက်လိုက်တဲ့အခါ မြွေလည်း ချက်ချင်းသေသွားရှာတယ်။

အိမ်ရှင်လည်း သေသွားတဲ့မြွေကို ကြည့်လိုက်တော့…

အဆိပ်ပြင်းတဲ့မြွေတစ်ကောင်ဖြစ်နေတယ်။

အိမ်ရှင်မလည်း မြွေဆိပ်ရှိန်ကြောင့် အဖျားတက်နေတယ်။

အဖျားက အရှိန်းကြီးတော့ ဘာမှ မစားချင်၊ မသောက်ချင် ဖြစ်လာပြီး အားအင်နည်းလာတယ်။ အားရှိအောင်၊ ခံနိုင်ရည်ရှိအောင် ကြက်သားစွပ်ပြုတ် တိုက်ရတယ်။

ဒါနဲ့ ကြက်လည်း သေသွားတယ်။

အိမ်ရှင်မကတော့ သက်သာမလာပါဘူး။

အခြေအနေက မကောင်းတော့ ဆွေမျိုးတွေက ရောက်လာတယ်။

ဆွေမျိုးတွေ လောလောဆယ်စားသောက်ဖို့၊ ဆရာဝန်ကို ဆေးကုသစရိတ်ပေးဖို့ ငွေက လိုလာတယ်။

ဒါနဲ့…

ဝက်ကို သွားမြင်တယ်။ ဝက်ကိုပေါ်ပြီး တစ်ဝက်ကို ရိက္ခာလုပ်၊ ကျန်တဲ့တစ်ဝက်ကို ရောင်းခိုင်းလိုက်တယ်။

ဒါနဲ့ ဝက်လည်း သေသွားတယ်။

အိမ်ရှင်မရဲ့ရောဂါက အဆိုးဆုံးအခြေအနေကို ရောက်သွားတယ်။

တိုတိုပြောရရင် မြွေကိုက်တဲ့ ဒဏ်နဲ့ပဲ အိမ်ရှင်မလည်း သေသွားတယ်။ ရက်လည်ဆွမ်းကျွေးဖို့ ငွေကမရှိတော့ အိမ်ရှင်က နွားကို သွားမြင်တယ်။

မထူးပါဘူးဆိုပြီး နွားပေါ်လို့ ရက်လည်ဆွမ်းကျွေးလိုက်တယ်။

အဖြစ်အပျက်တွေက အိမ်မက်တစ်ခုလိုပဲ ခဏလေးအတွင်းမှာ ဖြစ်ပျက်သွားကြ၏။ ဘယ်သူမှ မထင်မှတ်ထားတဲ့ အခြေအနေ တစ်ခုကို ကြွက်ထောင်ချောက်က စတင်ခဲ့တယ်။



ကြွက်ကတော့ အန္တရာယ်ကင်းစွာပဲ။

အသက်လည်း မသေဘူး။

သူ့ရဲ့ မိတ်ဆွေတွေကတော့ သူ့ရှေ့မှာ ရုတ်တရက် သေသွားကြတယ်။

ဒါပေမယ့်…

ကြွက်ကတော့ ပိုပြီးတော့ သတိကြီးကြီးထားနေမိတယ်။

❁

တစ်ခါတစ်ခါ ကျွန်တော်တို့ ဖြစ်ချင်တာတွေကို အကောင်အထည်ဖော်ရင်း အန္တရာယ်တွေက ကြိုတင်တားဆီးပစ်လိုက်တယ်။

တစ်ချို့အန္တရာယ်တွေက ကျွန်တော်တို့ရဲ့ ကြီးမားတဲ့ ရည်မှန်းချက်တွေထဲ မရောက်အောင် ရိုက်ချိုးပစ်လိုက်တယ်။

တစ်ချို့အန္တရာယ်တွေကတော့ ကျွန်တော်တို့ ရည်မှန်းချက်ပျက်လောက်အောင်တော့ အနှောင့်အယှက် မပေးပါဘူး။

ဒါပေမယ့်…

ရောက်သင့်တဲ့အချိန်မှာ ရောက်သင့်တဲ့နေရာ ရောက်အောင် မပို့ဆောင်ပါဘဲ ကြန့်ကြာနေတတ်တယ်။

တစ်ချို့အန္တရာယ်တွေကို ကျွန်တော်တို့ကိုယ်တိုင်က သတိလက်လွှတ်ပြုမိတာနဲ့ ဝင်ရောက်လာပြီး၊ တချို့အန္တရာယ်တွေကတော့ ကျွန်တော်တို့ရဲ့ ပေါ့ဆမှု၊ ကျွန်တော်တို့ရဲ့ အထင်အမြင်သေးမှုကြောင့် ဝင်ရောက်လာတာပေါ့။

ဥပမာအားဖြင့်…

ပုံပြင်ရဲ့က ကြက်မ၊ ဝက်၊ နွားတို့လိုပေါ့။

ပုံပြင်ထဲမှာတော့ အသက်ဆုံးရှုံးသွားတယ်ပေါ့။

တကယ့်ဘဝထဲမှာတော့ အသက်တော့ မဆုံးရှုံးပါဘူး။

ဒါပေမယ့်…

ကျွန်တော်တို့ဟာ အခက်အခဲတွေကို ရင်မဆိုင်ခဲ့ဘူး။ အခက်အခဲတွေကို သတိမမူဘဲ ပေါ့တီးပေါ့ဆ နေခဲ့မယ်ဆိုရင်တော့ အခက်အခဲတွေဟာ ကျွန်တော်တို့မမြင်တဲ့ ရှုထောင့်ကနေ ဝင်လာပါလိမ့်မယ်။

အန္တရာယ်ဆိုတာ…

မိမိက အန္တရာယ်ရှိတယ်လို့ ထင်မြင်သတ်မှတ်ထားတဲ့ ရှုထောင့်က ဝင်ရောက်လာရင်တော့ မိမိကြိုတင်တွက်ဆပြင်ဆင်ထားတဲ့အတွက် ကြီးမားတဲ့ အနှောင့်အယှက်တော့ မဖြစ်စေပါဘူး။

ဒီလိုမဟုတ်ပါဘဲ…

မိမိ လုံးဝ ထင်မှတ်မထားတဲ့ ရှုထောင့်ကနေ ရုတ်တရက် ဝင်ရောက်လာရင်တော့ မိမိရဲ့ ဆန္ဒတစ်ချို့ကို ဖျက်ဆီးသွားပါလိမ့်မယ်။

မိမိရဲ့ တက်ကြွနေတဲ့ စိတ်ဓာတ်ကို ရပ်တန့်လိုက်အောင် စိတ်ဓာတ်တွေ ကျဆင်းသွားမယ်။

လုပ်သလို မဖြစ်ဘဲ မလုပ်ဘဲဖြစ်လာတဲ့ အနေအထားမှာ စိတ်ဓာတ်ကျတတ်တာဟာ မဆန်းပါဘူး။

တစ်ချို့က စိတ်ဓာတ်ကျရုံတင်မကဘဲ လုပ်ရပ်တွေပါ နေးကွေးသွားတယ်။ လုပ်ချင်သလိုလို၊ မလုပ်ချင်သလိုလိုနဲ့ တဖြည်းဖြည်း ပန်းတိုင်ရဲ့ တခြားတစ်နေရာကို ရောက်သွားတယ်။



ဒါဟာ…

အန္တရာယ် သတိမမူခဲ့လို့ပါ။

ဒါကြောင့်…

အန္တရာယ်များဟာ မိမိမထင်ထားတဲ့ ရှုထောင့်များကလည်း ဝင်တတ်တာကို သတိပြုပါ။

မပေါ့ဆပါနဲ့။

မယိုင်လဲပါစေနဲ့။

၏

"အောင်မြင်မှုဆိုတာ
အချိန်နဲ့ တည်ဆောက်ရတယ်။
အောင်မြင်ချင်တဲ့သူဟာ
အချိန်ကို အကျိုးရှိရှိ အသုံးပြုရတယ်။
အချိန်ကို တန်ဖိုးမထားတတ်ရင်
အောင်မြင်မှုဆိုတာလည်း
ဘယ်တော့မှ ဖြစ်မလာပါဘူး"

## အချိန်နှင့် အောင်မြင်မှု

အလက်ဇန္ဒားဖလင်းမင်း။

သူက သိပ္ပံပညာရှင်တစ်ယောက်။

သူ့ကို ကျွန်တော်တို့အားလုံး မမှတ်မိရင်တောင်မှ သူဖော်စပ်ထားတဲ့ "ပင်နီစလင်ဆေး" ကိုတော့ ကောင်းကောင်းသိကြပါတယ်။

ဒီ ပင်နီစလင်ဆေးရဲ့ အစွမ်းကြောင့် ကမ္ဘာပေါ်မှာရှိတဲ့ လူသားများစွာရဲ့ ရောဂါတွေကို ကယ်တင်နိုင်ခဲ့တယ်။

ဒီကနေ့ ၂၁ ရာစုမှာ ဆေးလောကအတွက် အသစ်အသစ်သော ဆေးဝါးတွေ ပေါ်ထွက်ခဲ့တာကြောင့် ပင်နီစလင်ဆေးထက်ပိုပြီးတော့ အာနိသင်ရှိတဲ့ ဆေးတွေ ပေါ်ထွက်ခဲ့ပါပြီ။

ဒါပေမယ့်...

ဒုတိယကမ္ဘာစစ်မဖြစ်ခင်ကာလမှာတော့ လူသားများစွာရဲ့ အသက်ကို ဒီပင်နီစလင်ဆေးက ကယ်တင်နိုင်ခဲ့တယ်။

ဘာကြောင့်လဲဆိုတော့…

အလက်စန္ဒားဖလင်းမင်းရဲ့ မှန်မြတ်သော စိတ်ထားကြောင့်ပါပဲ။

ဒီလိုဆိုတော့ အလက်စန္ဒားဖလင်းမင်းတစ်ယောက် လူတိုင်းကို အလကား ဆေးဝါးကုသပေးလို့လားဆိုတော့ မဟုတ်ပါဘူး။

နေမကောင်းတဲ့လူတိုင်းကို သူက ဘယ် ဆေးကုပေးနိုင်ပါ့မလဲ။

ဒီထက်ကောင်းတဲ့အစီစဉ်ကို သူက ပြုလုပ်ခဲ့ပါတယ်။

အဲဒါကတော့…

အလက်စန္ဒားဖလင်းမင်းဟာ မိမိတွေ့ရှိထားသော ပင်နယ်စလင်ဆေးကို မူပိုင်ခွင့်မလျှောက်ဘဲ ဆေးဖော်စပ်နည်းကို အခမဲ့ ဖြန့်ဝေလိုက်ခြင်းပါပဲ။

ဆေးဖော်စပ်နည်းကိုသိတော့ ဆေးဝါးထုတ်လုပ်တဲ့ ကုမ္ပဏီတိုင်းက ပင်နယ်စလင်ဆေးကို အပြိုင်အဆိုင် ထုတ်ခဲ့ကြတယ်။ သူလည်းထုတ်၊ ငါလည်းထုတ်ဆိုတော့ ပင်နယ်စလင်ဆေးကို ရောဂါသည်တိုင်းက ဈေးနှုန်းသက်သာစွာနဲ့ အသုံးပြုနိုင်ကြတယ်။

နေရာတိုင်းကိုလည်း ရောက်၏။

ဒီကနေ့ခေတ် တစ်ချို့ဆေးတွေကို မှတ်ပုံတင်ခွင့်လျှောက်ကာ ဖြန့်ချိခွင့် ကန့်သတ်ထားတော့ ဈေးနှုန်းက အရမ်းကြီးနေပြီး လူတိုင်းထံကို မရောက်ပါဘူး။

ငွေရှိတဲ့သူတွေရဲ့ ဘဝဟာ ကံကြမ္မာရဲ့ မျက်နှာသာပေးမှုကို ပိုခံရ၏။



အလက်စန္ဒားဖလင်းမင်းလို စိတ်ဓာတ်ပိုင်ရှင်တွေ ဆေးသုတေသနလောကမှာ ပိုပြီးတော့ များလာရင် ဘယ်လောက်ကောင်းမလဲဆိုတဲ့ အလွန်ဝေးကွာတဲ့ မျှော်လင့်ချက်ကို ကျွန်တော်တို့တွေ ထားနေရတယ်။

သူ့လိုလူမျိုး နောက်တစ်ယောက်ပေါ်ပါစေ။

ဒီအတိုင်း ဆုတောင်းရုံပါပဲ။

ဒီနေရာမှာ တစ်ခုတော့ ပြောစရာရှိတယ်။ အလက်စန္ဒားဖလင်းမင်းဟာ ဒီပင်နယ်စလင်ဆေးကို အလွယ်တကူ (အခက်အခဲမရှိဘဲ) အမှတ်မထင် ရရှိခဲ့လို့ အလွယ်တကူ လှူဒါန်းဖြစ်တာလား?

ကြီးကျယ်ခမ်းနားတဲ့ အောင်မြင်မှုကို အလက်စန္ဒားတစ်ယောက် ရုတ်တရက် ထီပေါက်သလို ရရှိခဲ့တာလား?

ကျွန်တော်တို့ အောက်ကို နည်းနည်းဆက်ဖတ်ကြည့်ရအောင်ပါ။

တစ်ခါက အလက်စန္ဒားဖလင်းမင်းဟာ သူ့ရဲ့ ဓာတ်ခွဲခန်းမှာ ပိုးတစ်မျိုးကို သုတေသနပြုလုပ်ဖို့ မွေးထားခဲ့ပါတယ်။

ဒီလိုနဲ့…

တစ်နေ့ကျတော့ သူဟာ အဲဒီပိုးတွေကို လေ့လာရမယ့်နေ့မှာ ပိုးမွေးထားတဲ့ ဖန်ပြားကိုယူပြီး အဏုကြည့်မှန်ပြောင်းအောက်မှာ ထားပြီး စစ်ဆေးကြည့်လိုက်တော့ ထူးခြားတဲ့ ဖြစ်စဉ်တစ်ခုကို တွေ့လိုက်ပါတယ်။

အဲဒါကတော့…

သူပိုးတွေကို မွေးမြူထားတဲ့ ဖန်ပြားတစ်နေရာမှာ ကွက်ပြီး ပိုးတွေသေနေတာကို တွေ့ရပါတယ်။

"ဘာကြောင့်ပါလဲ"

ဆိုပြီး သူက အသေအချာ စစ်ဆေးကြည့်လိုက်တော့ ပိုးတွေ သေနေတဲ့နေရာမှာ မှိုတစ်မျိုးပေါက်နေတာကို တွေ့လိုက်ရတယ်။ အဲဒီမှိုကို သူက မတွေ့ဖူးဘူး။

"ဒီမှိုတွေဟာ ဒီပိုးတွေကို သေတယ်ဆိုရင် အခြားသော ပိုးတွေကိုရော သေနိုင်မလား"

ဆိုတဲ့ အတွေးနဲ့ သူက အဲဒီမှိုကို စိတ်ဝင်စားသွားပါတယ်။ မှိုတွေကို ပွားကြည့်တော့လည်း ပွားလို့ရနေတာကို ရတ်တရက် တွေ့လိုက်ရတယ်။

အဲဒီမှိုနဲ့ တခြားပိုးတွေကို သတ်ကြည့်တော့ ပိုးတော်တော် များများ သေသွားတာကို တွေ့ရတယ်။

"ပိုးကြောင့်ဖြစ်တဲ့ ရောဂါတွေကို ကုသနိုင်မယ့်ဆေး ထုတ်လို့ ရရင်…"

ဒီစိတ်ကူးနဲ့အတူ အဲဒီမှိုကို 'ပယ်နယ်စလင်' လို့ အမည်ပေးပြီး ဆေးဝါးထုတ်ဖို့ ကြိုးစားကြည့်ပါတယ်။

အဲဒီမှာ ကြီးမားတဲ့ အခက်အခဲက ဝင်လာပါတယ်။

ပယ်နယ်စလင်လို့ အမည်ပေးထားတဲ့ မှိုဟာ အပူနဲ့ထိရင် ပျက်စီးပါတယ်။ ဆေးအဖြစ် ဖော်စပ်တယ်ဆိုရင် အရည်သာမက အခဲများလည်း ထုတ်လုပ်ဖို့ လိုအပ်ပါတယ်။



ဒါပေမယ့်…

ပယ်နယ်စလင်မှိုကို ခဲဖို့ အပူပေးလိုက်တာနဲ့ မှိုဟာ သေသွားပြီး အာနိသင် ပျက်စီးသွားပါတယ်။

သူဟာ အကြိမ်ကြိမ် ကြိုးစားပါတယ်။

ဒီလိုပဲ…

အကြိမ်ကြိမ် ပျက်စီးပါတယ်။

တစ်လ၊ နှစ်လ၊ သုံးလ။ တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ်…။ ဆယ့်လေးနှစ်၊ ဆယ့်ငါးနှစ်…၊ နှစ် နှစ်ဆယ်။

ဟုတ်ပါတယ်။

အလက်စန္ဒားဖလင်းမင်းဟာ ပယ်နယ်စလင်ဆေးကို ထုတ်နိုင်ဖို့ အဓိက အတားအဆီးဖြစ်တဲ့ "အအေးခတ်နဲ့ အခြောက်ခံတဲ့နည်း" ကို ရဖို့ နှစ်ပေါင်းနှစ်ဆယ် ကြိုးစားခဲ့ရပါတယ်။

နောက်ဆုံး…

သူ အောင်မြင်ခဲ့တယ်။

❁

အောင်မြင်ချင်တဲ့သူဟာ အကြိမ်တစ်ရာ လေ့ကျင့်ရမှာကို မကြောက်ပါနဲ့။ အကြိမ်တစ်ရာ မလေ့ကျင့်ဖြစ်မှာကိုပဲ ကြောက်ပါ ဆိုတဲ့ စကားတစ်ခွန်းရှိတယ်။

တစ်ခါတလေကျရင် ကျွန်တော်တို့ဟာ အောင်မြင်တဲ့ဘဝ တစ်ခုကို ပိုင်ဆိုင်ခွင့်ရဖို့ အခက်အခဲပေါင်းများစွာနဲ့ ကြာရှည်စွာ ရပ်တည်နေရတယ်။

အခက်အခဲနဲ့ လူဟာ တစ်သားတည်းကျလို့။

ဒီတောင်ကို ကျော်ဖြတ်နိုင်ပါတော့မလားဆိုတဲ့ ယုံကြည်မှုကို အဆွာင်သေးတဲ့ စိတ်တွေ၊ ဘာမှဖြစ်မလာရင် ပတ်ဝန်းကျင်က ငါ့ကို လှောင်ပြောင်တော့မှာဆိုပြီး အားငယ်မှုတွေ၊ ငါ့လုပ်ရပ်ဟာ တကယ်ကောဖြစ်ပါ့မလားဆိုတဲ့ ကြိုးစားမှု လျှော့ချပစ်မယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ လုပ်ရပ်တွေ ဝင်လာတတ်ပါတယ်။

အဲဒီလို စိတ်ဓာတ်ကျ၊ လုပ်ရပ်ကျတာဟာ ကျွန်တော်တို့ရဲ့ အကြီးမားဆုံး အခက်အခဲပါပဲ။

ဘယ်လောက်ကျပ်တည်းပြီး ခက်ခဲပါစေ၊

ကိုယ့်က အရှုံးမပေးသမျှတော့…

အောင်မြင်မှုနှင့် ကိုယ်ဟာ အချိန်ပြည့် ထိုက်တန်ပါတယ်။

"မဖြစ်နိုင်တော့ပါဘူး"

ရယ်လို့ မိမိကိုယ်မိမိ လက်မြှောက်အရှုံးပေးလိုက်ရင်တော့ တကယ်ရှုံးသွားတာပါ။ တကယ် မဖြစ်နိုင်တော့တာပါ။

အောင်မြင်ချင်တဲ့လူအတွက်…

အချိန်တွေဟာ နောက်ကျသွားတာ၊

ပြန်ထလို့မရအောင် လဲကျသွားတာ၊

အဆိုးဝါးဆုံး အနေအထားတစ်ခု ရောက်သွားတာမျိုး မရှိပါဘူး။ အချိန်တိုင်း ပြန်ထလို့ရပါတယ်။

အကောင်းဆုံးဖြစ်အောင် ကြိုးစားပါလျက်နဲ့ မအောင်မြင်တဲ့ အခါတိုင်းမှာ ကျွန်တော်တို့ကို သင်ခန်းစာအသစ်တွေကို ပေးပါတယ်။



ပြုပြင်ရဦးမယ်ဆိုတာကို ပေးပါတယ်။ အားနည်းချက်တွေရှိသေးတယ် ဆိုတာကို ပေးပါတယ်။

သစ်ပင်တွေလိုပေါ့။

ရာသီဥတုဒဏ်ကို ပိုပြီးတော့ ခံနိုင်ရည်ရှိစွာ ရှင်သန်လာတဲ့ အပင်တွေဟာ ကြံ့ခိုင်သန်စွမ်းပါတယ်။ အဲဒီအတွက် အစေ့ကနေ ချက်ချင်း ပေါက်လာတာ မဟုတ်ပါဘူး။

အချိန်တွေအကြာကြီး ပေးဆပ်ခဲ့ရပါတယ်။

“ရန်သူဆိုတာ
ရန်သူပီသရင်
သိပ်ပြီးတော့ ကြောက်စရာမကောင်းဘူး။
ဒီလိုမဟုတ်ဘဲ
ရန်သူက
မိတ်ဆွေယောင် ဆောင်လာခဲ့ရင်တော့
ကြောက်စရာ အရမ်းကောင်းသွားပြီ”

## မိတ်ဆွေနှင့် ရန်သူ

တစ်ခါက ဂင်္ဂါမြစ်ကမ်းနားမှာ ညောင်ပင်ကြီးတစ်ပင်ရှိပါတယ်။ ညောင်ပင်ကြီးရဲ့အတွင်းမှာ အခေါင်းပေါက်ကြီးကရှိတော့ အဲဒီ အခေါင်းပေါက်ထဲမှာ ငှက်ကလေးတွေဟာ အသိုက်လုပ်ပြီး နေပါတယ်။

အဲဒီ ညောင်ပင်ကြီးမှာ မျက်စိကန်းနေတဲ့ လင်းတအိုကြီး တစ်ကောင်လည်း ရှိပါတယ်။

လင်းတကြီးဟာ မျက်စိမမြင်တော့ ဘယ်ကိုမှ မသွားနိုင်ဘဲ အခေါင်းကြီးထဲမှာ ငှက်ကလေးတွေနဲ့အတူ နေပါတယ်။

တစ်ခြား ငှက်ကြီးတွေက အစာရှာထွက်တဲ့အခါမှာ လင်းတကြီး က အစာမရှာနိုင်၊ မပျံနိုင်တဲ့ ငှက်ကလေးတွေကို အဖော်လုပ်ပေး ရတာပေါ့။ ငှက်ကြီးတွေကလည်း လင်းတကြီးအတွက်ပါ အစာရှာ ပေးကြပါတယ်။

ဒီလိုနဲ့…

တစ်နေ့ကျတော့ ငှက်ကလေးတွေနေတဲ့ အခေါင်းပေါက်ကြီး ထဲကို ကြောင်ကြီးတစ်ကောင် ရောက်လာပါတယ်။

သူ့ရဲ့ အကြီးမားဆုံးရည်ရွယ်ချက်က ငှက်ကလေးတွေကို စားဖို့ပါ။

အခေါင်းထဲမှာလည်း သူ့ကို အန္တရာယ်ပြုလော်က်အောင် ဘယ်သူမှ ရှိမနေဘူးထင်တာကိုး။

ဒါပေမယ့်…

အထဲရောက်တော့ လင်းတကြီးက ရှိနေပါတယ်။ လင်းတကြီးကလည်း အသံကြားတော့…

"ဘယ်သူလဲကွ"

"ကျွန်တော်မျိုး ကြောင်ပါ"

"ဘာလာလုပ်တာလဲကွ"

"အရှင်လင်းတကို လာရှိခိုးတာပါ"

"မလိုပါဘူး၊ မင်း ထွက်သွားပါ"

"ခဏလေးပါ လင်းတမင်းရာ။ ကျွန်တော်ပြောပါရစေဦး၊ အမျိုးဇာတ်ကိုကြည့်ရုံနဲ့ ချီးမွမ်းထိုက်သူ၊ ကဲ့ရဲ့ထိုက်သူဟု ခွဲခြားတာ မကောင်းပါဘူး။ အမူအကျင့်ကိုကြည့်ပြီးမှ ရန်သူလား၊ မိတ်ဆွေလားဆိုတာ ခွဲခြားရပါမယ်"

ကြောင်ရဲ့စကားကိုကြားတော့ လင်းတကြီး အနည်းငယ် ငြိမ်သက်သွားတယ်။ စကားသံလည်း ပျော့သွားတယ်။

"ဘာကိစ္စနဲ့ ဒီကိုလာတာလဲ"

"ကျွန်တော်ဟာ ဂင်္ဂါမြစ်ကမ်းမှာ အမြဲ ရေချိုးလေ့ရှိသူ တစ်ယောက်ပါ။ သက်သတ်လွတ်စားပြီး တရားဖြင့် မွေ့လျော်သူပါ။ အခုဟာက ဒီက ငှက်တွေက အရှင်လင်းတဟာ တရားနဲ့ ပိုပြီးတော့



ပျော်မွေ့သူ၊ တရားအသိရှိသူလို့ဟု ပြောသံကြားဖူး ... အရှင့်ထံမှာ နည်းခံဖို့ အရှင့်ရဲ့ အဆုံးအမကို နာကြားဖို့ ရောက်လာတာပါ"

ကြောင်ရဲ့စကားကိုကြားတော့ လင်းတဟာ သူအော်ခဲ့တာကို နောင်တရသွားတယ်။

"သူတော်ကောင်းကို ပြစ်မှားမိပြီ"

လို့တောင် စိတ်ထဲမှာ ထင်သွားမိတယ်။

တိုတိုချုပ် ပြောရလျှင်တော့ လင်းတကြီးဟာ ကြောင်ရဲ့ စကားမှာ ယုံကြည်သွားပြီး မိတ်ဆွေအဖြစ် လက်ခံလိုက်ပါတယ်။

ကြောင်ဟာ လင်းတနှင့် မိတ်ဆွေဖြစ်ပြီးတာနဲ့ ငှက်ကလေးတွေ ခိုးစားပါတော့တယ်။ အရိုးတွေကိုတော့ လင်းတနေတဲ့အနားမှာ ထားလိုက်ပါတယ်။

ဒီလိုနဲ့…

ကြောင်ဟာ ငှက်ကလေးတွေကို စားသောက်လာလိုက်တာ တဖြည်းဖြည်း ငှက်ကလေးတွေ ရှားပါးလာပါတယ်။

ငှက်တွေ သိသိသာသာ ပျောက်တာကို သတိထားမိတဲ့ ငှက်ကြီးတွေဟာ လိုက်ရှာတော့ လင်းတအိုကြီးနားမှာ ငှက်ရိုးလေးတွေ တွေ့တော့ စိတ်တိုပြီး လင်းတကြီးစားတယ်ထင်ကာ လင်းတကြီးကို ဝိုင်းသတ်လိုက်ပါတယ်။

ကြောင်ကတော့ တခြားတစ်နေရာကို ရှောင်သွားတယ်။

ပုံပြင်လေးကိုတော့ ဒီနားမှာပဲ အဆုံးသတ်ပါရစေ။

ပြောချင်တာက

ဒီလို…။

အခက်အခဲလို့ဆိုလိုက်တာနဲ့ ကျွန်တော်တို့ဟာ ပြဿနာရင်တွေကိုပဲ မြေးမြင်မိပါတယ်။ လောကစံတရားနဲ့ ဆိုရပါရင် မကောင်းတာတွေချည်းပဲ မြင်ကြပါတယ်။

အခက်အခဲကိုဆိုတာနဲ့ ကြမ်းတမ်းခြင်း၊ ဆန့်ကျင်ဘက်ဖြစ်ခြင်း၊ တစ်နည်းအားဖြင့် မိမိနဲ့ သဘောထားမတူသောသူများကိုသာ တင်လေ့ရှိကြတယ်။

ဒါပေမယ့်…

အခက်အခဲတိုင်းဟာ ကြမ်းတမ်းတာ မဟုတ်ဘူး။

ညင်သာချောမွေ့တဲ့ အခက်အခဲတွေလည်း ရှိပါတယ်။

ဥပမာအားဖြင့်…

ရန်သူနဲ့ယှဉ်ပြီး တိုက်ခိုက်တဲ့အခါမျိုးတွေမှာ ကျွန်တော်တို့ဟာ တစ်ဖက်သားကို ရန်သူလို့ မြင်ထားတဲ့အတွက် သတိရှိပါတယ်။

ရန်သူဆိုတာ…

ရန်သူပီသရင် ကြောက်စရာမကောင်းတော့ပါဘူး။

ဒီလိုမဟုတ်ဘဲ…

ရန်သူဟာ မိမိကို မိတ်ဆွေပုံစံနဲ့ ဝင်လာရင်တော့ ကျွန်တော်တို့ရဲ့ နောက်ကျောတွေဟာ စိတ်မချရတော့ပါဘူး။

အချိန်မရွေး အန္တရာယ်ရှိလာပါပြီ။

အရေးကြီးတဲ့အချက်ကတော့ ကျွန်တော်တို့ဟာ အန္တရာယ်ကို အန္တရာယ်လို့ မမြင်ထားတော့၊ အန္တရာယ်ကိုလည်း သတိမမူတော့ပါဘူး။

အခက်အခဲကို ရင်ဆိုင်တဲ့အခါမှာ အခက်အခဲကို သိထားမယ်ဆိုရင် ဖြေရှင်းတဲ့အခါမှာ နည်းလမ်းတွေရှိတတ်ပါတယ်။



သို့သော်…

အခက်အခဲကို မိမိကိုယ်တိုင်က ထင်မှတ်မထားဖူးဆိုရင် မိမိဟာ အဲဒီ အခက်အခဲကို မကျော်လွှားနိုင်တော့ပါဘူး။

ရန်သူက မိတ်ဆွေယောင်ဆောင်ထားသလိုပေါ့။

အန္တရာယ်က အရမ်းကြီးမားပါတယ်။

ဒီလိုပါပဲ…

တစ်ခါတလေကျရင် တချို့သောသူတွေဟာ ကျွန်တော်တို့ရဲ့ အကျိုးကို ဖျက်ဆီးမယ့်သူတွေဆိုတာ ကျွန်တော်တို့ သိထားပါတယ်။

ဒီလိုလူမျိုးတွေနဲ့ပေါင်းရင် ကျွန်တော်တို့မျှော်လင့်ချက်တွေ ပျက်စီးသွားပါမယ်။ ဒါကိုလည်း သိပါတယ်။ ဒါပေမယ့် သူက မိမိအကျိုးကိုလိုလားတဲ့ပုံစံနဲ့ ဝင်လာတဲ့အခါမှာတော့ ကျွန်တော်တို့ စိတ်တွေ ပြောင်းသွားပါတယ်။

ပုံပြင်ထဲမှာ လင်းတကြီးက ကြောင်ကို မိတ်ဆွေစစ်ထင်သလိုပေါ့။

သူ့စကားကို နားယောင်မိပါတယ်။

သူ့စကားမှာ မိမိကို ချည်နှောင်လိုက်တာကို မသိလိုက်ပါဘူး။

အမှန်တချို့ပါတဲ့ မုသားဟာ ကြောက်စရာ အရမ်းကောင်းပါတယ်။ ဒီအခက်အခဲဟာ ညင်သာပါတယ်။

တစ်ခါတလေကျရင် အောင်မြင်တဲ့ဘဝကို တည်ဆောက်ဖို့ ကျွန်တော်တို့ဟာ မိတ်ဆွေနဲ့ ရန်သူကို ခွဲခြားပြီး သိရအောင် ဂရုစိုက်ဖို့ လိုလာပါတယ်။

"ဘယ်သူမှ
အရာအားလုံးမှာ "တော်" မနေဘူး။
ဘယ်သူမှ
အရာအားလုံးကို "အ" မနေဘူး။
လူတိုင်းက
တစ်ခုခုမှာ "တော်" ပြီး တစ်ခုခုမှာ "အ" နေတယ်။
အောင်မြင်နိုင်တဲ့သူဟာ
မိမိ "စွမ်း" တဲ့ နေရာကနေ "စ" ရတယ်။

## စွမ်းရာကနေ စပါ

ဒေးလ်ကာနက်ဂျီ။

သူ့ကို ကျွန်တော်တို့မြန်မာနိုင်ငံသားတွေ ကောင်းကောင်းသိကြပါတယ်။ ဝန်ကြီးချုပ်ဟောင်းဦးနု ဘာသာပြန်တဲ့ 'မိတ္တဗလဋ္ဌိကာ' (How to win Friends and Influence People) စာအုပ်ဟာ မြန်မာပြည်မှာ ထင်ရှားပါတယ်။

နောက် ဆရာတက်တိုး ဘာသာပြန်တဲ့ 'သောကကင်းဝေးနေနိုင်ရေး' (How to stop worrying and start Living) စာအုပ်ဟာလည်း လူသိများပါတယ်။

ဒေးလ်ကာနက်ဂျီရဲ့ မိတ္တဗလဋ္ဌိကာ စာအုပ်ဟာ ကမ္ဘာပေါ်မှာ 'သမ္မာကျမ်းစာ' စာအုပ်ပြီးရင် ရောင်းအားအကောင်းဆုံး စာအုပ်ဖြစ်တယ်။ အုပ်ရေသန်းပေါင်းများစွာ ရိုက်နှိပ်ခဲ့သလို ဘာသာပေါင်းများစွာကိုလည်း ပြန်ဆိုခြင်းခံရပါတယ်။

ဒီတော့...

ဒေးလ်ကာနက်ဂျီကို ကမ္ဘာကသိတာ မဆန်းပါဘူး။

သူက ကမ္ဘာကျော်အောင် ကျော်ကြားခဲ့သူကိုး။

သူက အပြောအဟောလည်းကောင်းသလို၊ သူ့ရဲ့အလုပ်က လည်း စကားပြောဆိုမှုနှင့် လူမှုဆက်ဆံရေး ပညာသင်ကြားပေး အလုပ်ဖြစ်တယ်။

ဒီအလုပ်ကပဲ သူ့ကိုကြီးကျယ်ထင်ရှားတဲ့ ဘဝတစ်ခုကို ပိုင်ဆိုင် ခွင့်ရအောင် ဖန်တီးပေးခဲ့တယ်။

၁၉၅၅ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက် (အင်္ဂါနေ့)မှာ ဒေးလ် ကာနက်ဂျီတစ်ယောက် သွေးကြောကျဉ်းရောဂါ (arter iosclerosis) နဲ့ ကွယ်လွန်ခဲ့တယ်။

လူသာသေပေမယ့် သူ့ရဲ့နာမည်နဲ့ သူ့ရဲ့သင်တန်းကတော့ ဆက်လက်ရှင်သန်နေခဲ့ပါတယ်။

သူ့ရှိစဉ်ကပဲ အပြည်ပြည်ဆိုင်ရာ ဒေးလ်ကာနက်ဂျီကလပ် (Dale Canegie Club International) အမည်ရှိ အသင်းအဖွဲ့တစ်ခု ပေါ်ပေါက်ခဲ့ပါတယ်။

အဲဒီကလပ်ကို ကာနက်ဂျီသင်တန်းဆင်းတွေက စည်းရုံးတည် ထောင်ထားတာဖြစ်ပြီး အဓိကရည်ရွယ်ချက်ကတော့ ကာနက်ဂျီ သင်တန်းမှာ လေ့ကျင့်ပျိုးထောင်ခဲ့တဲ့ စိတ်ဓာတ်နဲ့ အပြုအမူတွေ ဆက်လက်ရှင်သန်ဖို့ ဖြစ်ပါတယ်။

၁၉၅၅ ခုနှစ်က တစ်နှစ်အတွင်း သင်တန်းတက်သူဦးရေ ၅၅၀၀၀ ရှိခဲ့ရာက ၁၉၇၀ ကျော်နှစ်တွေမှာ တစ်နှစ်ကို သင်တန်းသား ဦးရေ ၈၀၀၀၀ နှုန်းရှိလာခဲ့တယ်။



၁၉၈၈ ခုနှစ်ရောက်တဲ့အခါ သင်တန်းသားဦးရေ ၁၅၀၀၀၀ကျော် တဲ့အထိ တိုးပွားခဲ့တယ်။

သင်တန်းစတင်တဲ့ ပထမနှစ်ဆယ့်ငါးနှစ်အတွင်း သင်တန်းဆင်း ဦးရေ ၂၀၀၀၀ ရှိခဲ့ရာက၊ ဒုတိယနှစ်ဆယ့်ငါးနှစ်တွင် ဦးရေတစ်သန်း၊ တတိယနှစ်ဆယ့်ငါးနှစ်မှာ လူနှစ်သန်းလောက် သင်တန်းဆင်းသွားတယ်။

ဒေးလ်ကာနက်ဂျီရဲ့ အရှိန်အဝါက လူမရှိတော့ပေမယ့် အောင်မြင်မှုများက ဖူးပွင့်လျက်ပါပဲ။

ဘာကြောင့်လဲဆိုတော့ သူ့ရဲ့ သင်တန်းဆင်းတွေက သူတို့ရဲ့ အတွေ့အကြုံများကို သူတို့နဲ့ ဆက်စပ်နေတဲ့လူတွေကို တစ်ဆင့် ပြောပြလို့ပါပဲ။

စိတ်ဝင်စားတော့ သင်တန်းကိုတက်ကြည့်ကြတယ်။

အကျိုးရှိတော့ မိတ်ဆွေများကို ပြန်ပြောကြတယ်။

ဒီလိုနဲ့ . . .

ဒေးလ်ကာနက်ဂျီကို လူတွေ စိတ်ဝင်စားခဲ့ကြတယ်။

သူ ဒီနေရာကို ဘယ်လိုရောက်လာတာလဲ?

❁

ဒေးလ်ကာနက်ဂျီကို မစ်ဇူရီပြည်နယ် အနောက်မြောက်ပိုင်း ဟာမိုနီချာချ်မြို့ကလေးမှာ ၁၈၈၈ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့ မှာ မွေးတယ်။

မွေးချင်းက နှစ်ယောက်။

မိဘများက ဆင်းရဲကြတယ်။

ဟာမိုနီချောင်းချိုက မြို့ဆိုပေမယ့်လည်း အစစ်မဟုတ်။ ရွာထက်ကြီးတဲ့ ခုရီးလမ်းဆုံမြို့လေးမျှသာ ဖြစ်လေရဲ့။

ဒေးလ်ကာနက်ဂျီရဲ့ ပုံကလည်း အသားဖြူဖြူ ပိန်ညှောင်ညှောင် လယ်သမား ဆင်းရဲသားဆိုတော့ ဘောင်းဘီက တိုကျပ်ကျပ် စုတ်ပြတ်ပြတ်။

ကျောင်းစတက်တော့ အမေရိကန်ပြည်ထောင်စု မစ်ဇူရီပြည်နယ်၊ ဝါးရင်းစဘတ်မြို့ရှိ ဆရာအတတ်သင် ကောလိပ်ကျောင်း၊ ကျောင်းလခ မပေးရ၊ အဆောင်ကြေးသာ ပေးရတယ်။

သူတို့လို ဆင်းရဲသားများအတွက် အဆင်ပြေတဲ့ကျောင်း။

ကျောင်းမှာ ကျောင်းသားအများစုက ထင်ပေါ်အောင် ကြိုးစားကြရာယ်။

တချို့က အားကစားမှာ ထင်ရှားတယ်။

တချို့က ပညာမှာ။ တချို့က ဝတ်နိုင်၊ စားနိုင်၊ သုံးနိုင်၊ ဖြုန်းနိုင်တဲ့နေရာမှာ။

တချို့က အပြော ကောင်းတာ စသည်အားဖြင့် ထင်ရှားကြ၏။

ဒေးလ်ကာနက်ဂျီကလည်း ထင်ရှားချင်တဲ့ သူတစ်ယောက်ပါ။

သူ့ပုံစံနှင့် သူ့အနေအထားက ဘယ်လိုမှ ထင်ရှားစရာအကြောင်းမရှိ။ ခန္ဓာကိုယ် အမျိုးအစားနဲ့ ဆင်းရဲနွမ်းပါးမှု၊ ကျောင်းစာမှာ မတော်မှုစတဲ့ ဘယ်အရာကိုပဲကြည့်ကြည့် သူမအောင်မြင်နိုင်ပါဘူး။



ဟုတ်တယ်လေ။

သူ့မှာ အောင်မြင်နိုင်စရာ အကြောင်းမှာ မရှိပဲဟာ။

ဒါပေမယ့်…

သူက အောင်မြင်ချင်တယ်။

ဘယ်နေရာမှာ အောင်မြင်အောင်လုပ်ရမှာလဲ?

ဒီအချက်ကို သူအသေအချာ အလေးအနက်ထားပြီး တွေးလိုက်တော့ သူ့အနေအထားအရ "ငါလည်း စကားပြောကောင်းသူတစ်ဦးအဖြစ် လူအများကြားမှာ လွှမ်းမိုးနိုင်တယ်"လို့ သူ့ရဲ့ ဆန္ဒနဲ့ သူ့ရဲ့ဘဝကို ကိုက်ညီနိုင်တဲ့ ရည်မှန်းချက်တစ်ခုကို ချမှတ်လိုက်တယ်။

အပြောအဟောမှာ အောင်မြင်ရမယ်။

သူတို့ကျောင်းကလည်း အပြောအဟောကိစ္စကို အားပေးချီးမြှောက်တဲ့ ကျောင်းဖြစ်နေတယ်။

ကျောင်းထဲမှာ စကားရည်လုပွဲ၊ ဟောပြောစွမ်းရည်ပြိုင်ပွဲ၊ သမိုင်းဝင် ဟောပြောချက်တွေ ရွတ်ဆိုပြိုင်ပွဲ စသည်အားဖြင့် နှုတ်မှုစွမ်းရည်ပြိုင်ပွဲမျိုးစုံ ကျင်းပပေးတယ်။

ပြိုင်ပွဲမှာ ဆုရတဲ့သူတွေဟာ ထင်ရှားကြတယ်။

ဘာကြောင့်လဲဆိုတော့ သူတို့ကျောင်းက ပြိုင်ပွဲတွေကို ကျောင်းသားတွေသာမကဘဲ မြို့ပေါ်ကလူတွေပါ လာပြီးတော့နားထောင်ကြတာမို့ ကျောင်းရဲ့ ကျော်ကြားမှုတွေဟာ မြို့ပေါ်ရိုက်ခတ်၏။

ဒီတော့…

ဒေးလ်ကာနက်ဂျီဟာ အဟောအပြောမှာ ထိပ်တန်း ရောက်ချင်၏။

အပေါ်အပြောနဲ့ ပတ်သက်ပြီးတော့ သူ့မှာ အတွေ့အကြုံ တစ်ချို့ရှိတယ်။ သူက တနင်္ဂနွေ ဘာသာရေးသင်တန်းတွေမှာ မကြာခဏ တရားထွက်ဟောဖူးတယ်။

အထက်တန်းကျောင်းသားဘဝကလည်း ကျောင်းပြဇာတ်ထဲမှာ ခဏဝင်ရောက် သရုပ်ဆောင်ဖူးတယ်။

ပရိသတ်ကို သူက မကြောက်တော့ပါဘူး။

သူကိုယ်တိုင်လည်း သူ့ကိုယ်သူ အပြောကောင်းသူတစ်ယောက်လို့ ယုံကြည်ထားတော့ ကျောင်းမှာ ချန်ပီယံတစ်ယောက်ဖြစ်အောင် ကြိုးစားမယ်လို့ သူဆုံးဖြတ်လိုက်တယ်။

ဒါနဲ့…

ဒေးလ်ကာနက်ဂျီတစ်ယောက် စကားပြောပြိုင်ပွဲများစွာကို ဝင်ပြိုင်ခဲ့တယ်။

အံ့သြစရာအရမ်းကောင်းလှပါရဲ့။

တစ်ပွဲမှ သူအနိုင်မရ။

ပြိုင်သမျှ ရှုံးခဲ့တယ်။

အရှုံးတွေနဲ့သာ ရင်ဆိုင်နေရတော့ ပတ်ဝန်းကျင်မှာ သူဟာ ရယ်စရာအလွန်ကောင်းတဲ့ သတ္တဝါတစ်ကောင်လို ဖြစ်သွားတယ်။

ပတ်ဝန်းကျင်ကလည်း သူ့ကို ကဲ့ရဲ့ကြတယ်။

သူ စိတ်ဓာတ်တွေ အရမ်းကျဆင်းနေခဲ့ကယ်။

စိတ်စွမ်းအား အရည်အသွေးလည်း မပြည့်တော့ဘူး။

အသိဉာဏ်တွေတောင် ချွတ်ယွင်းလာခဲ့တယ်။



စိတ်စွမ်းအား ပုံမှန်ရှိမနေတဲ့ လူတစ်ယောက်ဟာ လုပ်သင့်တဲ့ အလုပ်နဲ့ မလုပ်သင့်တဲ့အလုပ်ကို ခွဲခြားမသိသလို၊ အသိဉာဏ် ချွတ်ယွင်းနေတော့ အမှားကိုလည်း အမှန်လို့ပဲ ထင်တတ်ကြ၏။

တစ်ချိန်တစ်ချိန်မှာ ဒေးလ်ကာနက်ဂျီဟာ မိမိကိုယ်မိမိ သတ်သေဖို့တောင် ကြံစည်မိခဲ့ပါသေးတယ်။

ဒီအကြောင်းအရာနဲ့ ပတ်သက်ပြီး သူက…

"ကျုပ်က ဟန်ဆောင်ပန်ဆောင် ဆွဲမယ့်လူရှိတာ သေချာတော့မှ အတင်း အဆိပ်ပုလင်းဖွင့်ပြီး သောက်မယ်တကဲကဲလုပ်တာမျိုး မဟုတ်ဘူး။ တကယ်ကို သတ်သေဖို့ အလေးအနက် စဉ်းစားခဲ့တာ"

အဲဒီအချိန်က သူ့အသက်က တစ်ဆယ့်ခြောက်နှစ်။

တကယ်လို့သာ သူသေခဲ့ရင်ပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် နောက်တစ်ကြိမ် ပြန်မထချင်တော့ရင်ပဲဖြစ်ဖြစ် ဒီကနေ့ 'ဒေးလ်ကာနက်ဂျီ' ဆိုတာ ဖြစ်မလာနိုင်ပါဘူး။

ဒါပေမယ့်…

သူက ပြန်ပြီးတော့ ထလာခဲ့တယ်။

သူ့စိတ်ကို သူပြန်ပြီးတော့ အားတင်းတယ်။

မူလရည်မှန်းချက်ကို ပြန်ပြီး အတည်ပြုတယ်။

ဆုံးဖြတ်ချက်ကို အခိုင်အမာချတယ်။

"အဓိပ္ပာယ်မရှိတာတွေ ဖြေးဖယ်၊ ငါ ဒီပြိုင်ပွဲမှာ ဗိုလ်စွဲတဲ့အထိ နောက်မဆုတ်တမ်း ကြိုးစားမယ်"

ဆုံးဖြတ်ချက်ကို ချပြီးနောက် သူ့ရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းဖို့ ပြင်ဆင်ခဲ့တယ်။ လေယူလေသိမ်းကို ဂရုပြု၏။

ဒါ့အပြင်…

အမေရိကန်သမ္မတ အေဗရာဟမ် လင်ကွန်းရဲ့ ကျော်ကြားလှတဲ့ သမိုင်းဝင် မိန့်ခွန်းတွေ၊ ရစ်ချတ်ဟာဒစ်ဒေးဗစ်(စ)ရဲ့ ပြောင်မြောက်လှပတဲ့ အရေးအသား အသုံးအနှုန်းတွေကိုပါ ကျက်မှတ်လေ့ကျင့်တယ်။

လေ့ကျင့်ခန်းတွေကို အိမ်မှာတင်မက ကျောင်းကိုသွားတဲ့ လမ်းမှာလည်း လေ့ကျင့်တယ်။ သူ့အိမ်နဲ့ ကျောင်းက သုံးမိုင်ဝေးတာကိုး။

အချိန်ပြည့် သူ့ခေါင်းထဲမှာ ဒီအကြောင်းအရာချည်းပဲ။

ပို၍ပို၍ ကောင်းတဲ့အနေအထားတစ်ခုကို မရောက်ရောက်အောင် အကြိမ်ပေါင်းများစွာ ပြုပြင်တယ်၊ လေ့ကျင့်တယ်၊ ကြိုးစားတယ်။

ဒီလိုနဲ့…

တစ်နှစ်ကြာတဲ့အချိန်မှာ ဒေးဗစ်(စ)၏ "ဇာပါတာမှ အဟောအပြော သမားလေး" ရဲ့ လင်ကွန်းရဲ့ "ဂက်တီစဘက်မိန့်ခွန်း" တွေနဲ့ "သမိုင်းဝင်ဟောပြောချက်များ ရွတ်ဆိုပြိုင်ပွဲ" ကို ဝင်ပြိုင်တယ်။

သူဗိုလ်စွဲတယ်။

သူ့ရဲ့ အောင်မြင်မှုက ပိုပြီးတော့ ချိုမြိန်ရောကောင်းခဲ့တယ်။ အဲဒါကတော့ ဒီဆုကို သူတို့ကောလိပ်ကျောင်းရဲ့ သမိုင်းမှာ အမြဲတမ်း မိန်းကလေးတွေသာ ဆွတ်ခူးလေ့ရှိတာ။ ယောကျ်ားလေးတွေထဲမှာ သူက ပထမဆုံးဗိုလ်စွဲခဲ့တာပါပဲ။



အစရဲ့ကောင်းခြင်းကတော့ ဖြစ်ခဲ့ပြီ။

ဒေးလ်ကာနက်ဂျီတစ်ယောက် သူ့ကိုယ်သူလည်း ယုံကြည်မှုတွေ ပိုပြီးတော့ ဖြစ်စေခဲ့တယ်။

နောက်ပွဲတွေအတွက် ပိုပြီးတော့ ပြင်ဆင်တယ်။

သူ အနိုင်ရတယ်။

ကျောင်းသားတွေကြားမှာ သူဟာ ထင်ရှားလာခဲ့တယ်။

တချို့ကျောင်း၊ သူကျောင်းသားတွေက သူ့ထံမှာ အဟောအပြောနည်းကို လာသင်ကြရတယ်။

ဒီနောက်…

ကျောင်းလုံးကျွတ် နှုတ်မှုစွမ်းရည်ပြိုင်ပွဲ၊ စကားရည်လုပွဲတွေမှာ ဆုတွေရတဲ့အပြင် သူသင်ကြားပေးတဲ့ တပည့်တွေဟာလည်း ဆုတွေရခဲ့တယ်။

ဒီလိုနဲ့…

ကောလိပ်ကျောင်းမှာ ထင်ရှားကျော်ကြားသူအဖြစ် ရပ်တည်နိုင်ခဲ့တယ်။

ကျောင်းကထွက်တော့ သူက…

"ကောလိပ်ကျောင်းက ထွက်လာတဲ့အချိန် ကိုယ့်ကိုယ်ကို ပြန်စဉ်းစားကြည့်လိုက်တဲ့အခါ ကျွန်တော် သူများတကာထက် နည်းနည်းပိုကောင်းအောင် လုပ်နိုင်မယ့်အရာဆိုလို့ လူတွေကို စကားထိထိရောက်ရောက် ပြောတတ်အောင် သင်ပေးတဲ့ အလုပ်တစ်ခုပဲရှိတယ်ဆိုတာ သွားတွေ့ရတယ်"

ဟုတ်ပါတယ်။

ဒီစကားပြောတတ်ခြင်း စွမ်းရည်ကပဲ ဒေးလ်ကာနက်ဂျီကို ဆင်းရဲသား လယ်သမားတစ်ယောက်ဘဝကနေ ကမ္ဘာမှာ ထင်ရှား ကျော်ကြားတဲ့ သူဌေးတစ်ဦး ဖြစ်စေခဲ့တယ်လေ။

❁

လူဟာ အစွမ်းအစများစွာနဲ့ မွေးဖွားခဲ့ကြပါတယ်။

လူတစ်ယောက်ရဲ့ အစွမ်းအစဟာ ကြီးမားကျယ်ပြန့်လွန်းတော့ နှိုင်းဆလို့ကို မရပါဘူး။

လူတစ်ယောက်ကို…

"မင်းအစွမ်းအစ ဒီလောက်ပဲလား"

ဆိုတဲ့ စကားတွေကို ကျွန်တော်တို့ ပြောခဲ့ဖူးတယ်။ တကယ် တော့ လူဟာ အကန့်အသတ်မဲ့တဲ့ အစွမ်းအစနဲ့ လူဖြစ်လာကြတာပါ။

ဒါဆိုလျှင်…

လူတိုင်း ထိပ်တန်းမရောက်တာ ဘာကြောင့်လဲ?

(၁) မိမိ ဘယ်အရာမှာ စွမ်းတာရယ်၊

(၂) အစွမ်းအစကို ဆိုးဆောင် မလိုက်တာရယ်၊

တချို့က…

အရာအားလုံးကို မိမိက စွမ်းဆောင်နိုင်တယ်လို့ ထင်တတ် ကြပြီး၊ တချို့ကတော့ မိမိ ဘာကိုစွမ်းမှန်းကို မသိကြတာပါ။ နှစ်ခု စလုံး မအောင်မြင်ခြင်းအကြောင်းတွေပါပဲ။

စကားပုံတစ်ခုရှိတယ်။



'အကောင်းဆုံး မြင်းဟာလည်း

ကုန်နှစ်ခုကို မသယ်ဆောင်နိုင်ဘူး'တဲ့။

ဒီတော့…

ဟိုဟာလည်းဖြစ်ချင်၊ ဒီဟာလည်းဖြစ်ချင်ဆိုတဲ့ အနေအထား ဟာ မအောင်မြင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ စွမ်းအားတွေ ပြန့်ကျဲ သွားလို့ပါ။

အောင်မြင်ချင်တဲ့သူဟာ…

ရည်မှန်းချက်တစ်ခုကို တိတိကျကျချမှတ်၊

ချမှတ်ထားတဲ့ ရည်မှန်းချက်ထဲကို မိမိရဲ့ စွမ်းအားတွေထည့် လိုက်မယ်ဆိုရင် အောင်မြင်နိုင်ပါမယ်။

ကြုံလာတဲ့ အခက်အခဲကိုလည်း ကျော်နိုင်ပါတယ်။

ဒါကြောင့်…

ရည်မှန်းချက်တွေကို ချမှတ်တဲ့အခါမှာ မိမိဟာ ဘယ်နေရာမှာ ပိုပြီးတော့ ထူးချွန်ပါသလဲ။ မိမိရဲ့ စိတ်ဝင်စားမှုဟာ ဘာလဲဆိုတာ အတိအကျ သိအောင်လုပ်။

မရေရာတဲ့ ရည်မှန်းချက်ဟာ…

ခပ်သေချာတဲ့ လုပ်ဆောင်ချက်နဲ့

ဘာတစ်ခုမှ ဖြစ်မလာနိုင်ပါဘူး။

ဒီတော့…

အောင်မြင်ချင်ရင်

ရည်မှန်းချက်ကို စနစ်တကျ ချမှတ်ပါ။

မိမိချမှတ်ထားတဲ့ ရည်မှန်းချက်ဟာ မိမိရဲ့ စွမ်းအားကို အပြည့် အဝ သုံးနိုင်ရပါမယ်။

ဒေးလ်ကာနက်ဂျီလိုပေါ့။

သို့သော်…

"မိမိစွမ်းအားနဲ့ အဆင်ပြေတဲ့ ရည်မှန်းချက်ကိုချပြီး လုပ်ဆောင်ပေမယ့်လည်း အခက်အခဲမရှိဘူးလို့တော့ လုံးဝ မထင်ပါနဲ့။

နေရာတိုင်းမှာ အခက်အခဲရှိပါတယ်။

အဆင်ပြေတဲ့ ရည်မှန်းချက်ကိုချတာဟာ တကယ်တမ်းအားဖြင့်တော့ ဖြစ်နိုင်တာကို လုပ်တာပါ။

လူဟာ…

မဖြစ်နိုင်တဲ့ ရည်မှန်းချက်တွေကိုထားရင်…

ဖြစ်သင့်တာတွေ ဖြစ်မလာနိုင်တော့ပါဘူး။

ဒါကြောင့်…

မိမိကိုယ်ကို ဖြစ်နိုင်ချေရှိတဲ့၊ လက်တွေ့နဲ့ ကိုက်ညီတဲ့ အရာတွေကို ချမှတ်ပြီးပြီဆိုရင် အစွမ်းရှိတဲ့နေရာကနေ စပါ။

အစွမ်းအစဆိုတာ…

စွမ်းနိုင်ရာကနေ စရပါတယ်။

စပြီးရင်တော့ နောက်မဆုတ်ပါနဲ့တော့၊ ဆုံးတဲ့ထိအောင် လုပ်ပါ။

အကြိမ်ကြိမ် ကြိုးစားပါ။

အကြိမ်ကြိမ် ပြုပြင်ပါ။

အကြိမ်ကြိမ် ဖြည့်စွက်ပါ။

အောင်မြင်ပါလိမ့်မယ်။

၍

"နှိမ့်ကျတဲ့ ဝိဉာဉ်ဟာ
မြင့်မြတ်တဲ့ ဘဝကို မပို့ပေးဘူး။
ဒီလိုပါပဲ
မြင့်မြတ်တဲ့ ဘဝဆိုတာ
နှိမ့်ကျတဲ့ ဝိဉာဉ်နဲ့ မရဘူး။
ကြီးကျယ်တဲ့ ဝိဉာဉ်ရှိမှ
ကြီးမြတ်တဲ့ဘဝရှိမယ်"

## နတ်နှင့် ဝီရိယ

တစ်ခါက 'ကာလိင်္ဂမင်း' နှင့် 'အဿကမင်း' ဆိုပြီး မင်းနှစ်ပါး ရှိခဲ့ဖူးပါတယ်။

တစ်နေ့ကျတော့ အဲဒီ မင်းနှစ်ပါးဟာ စစ်တိုက်ဖို့ အကြောင်း ဖန်လာပါတယ်။ မင်းနှစ်ပါးစလုံးဟာ စစ်ရေးစစ်ရာကိစ္စရပ်တွေမှာ တော်ကြပါတယ်။

ဘယ်သူက ဘယ်သူ့ကို နိုင်မယ်ဆိုတာ ခန့်မှန်းလို့ မရပါဘူး။

ဒါပေမယ့်...

လောကသဘာဝအတိုင်း ဘယ်သူကနိုင်မလဲဆိုတာ ကြိုပြီး တော့ သိချင်ကြသလို၊ ဘယ်သူက နိုင်နိုင်တယ်ဆိုပြီး မိမိတို့သဘော ဆန္ဒအရ ပြောကြလေ့ရှိပါတယ်။

ဒါနဲ့...

အဲဒီမင်းနှစ်ပါး စစ်တိုက်ဖို့ စီစဉ်ထားတဲ့နေရာရဲ့ မနီးမဝေးမှာ သူတော်ကောင်းရသေ့ကြီးတစ်ပါးရှိပါတယ်။



သူတော်ကောင်းရသေ့ကြီးထံကိုလည်း သိကြားမင်းက မကြာ ခဏ တရားနာရောက်လာလေ့ရှိတယ်။ ရသေ့ကြီးကိုလည်း အဲဒီနားက လူတွေက ကြည်ညိုကြတယ်။

ဒီလိုနဲ့...

စစ်ပွဲနီးလာတော့ ကာလိင်္ဂမင်းက စစ်ပွဲနဲ့ပတ်သက်ပြီး ဘယ်သူ နိုင်မလဲဆိုတာကို သူက သိချင်တယ်။ မင်းတစ်ပါးအနေဖြင့် သွားမေး ပြန်ရင်လည်း မသင့်ဘူး။

ဒီတော့...

ကာလိင်္ဂမင်းက မင်းဝတ်မင်းစားမဟုတ်ဘဲ သာမန် အရပ်သား တစ်ယောက်ပုံစံနဲ့ ရသေ့ကြီးထံကိုသွားတယ်။ ရသေ့ကြီးထံရောက် တော့ တခြားစကားတွေပြောပြီး နောက်မှ...

"မင်းနှစ်ပါး စစ်တိုက်ရင် ဘယ်သူက နိုင်စရာရှိပါသလဲ"

ဆိုပြီး ရသေ့ကြီးကို မေးလိုက်တယ်။ သူ့စိတ်ထဲမှာက ရသေ့ ကြီးက ရှေ့ဖြစ်စဉ်ကို ကြိုသိနေမယ်လို့ ထင်ထားတာကို။ ဒါပေမယ့် ရသေ့ကြီးက...

"ငါ မသိဘူး၊ ငါ့ဆီကို သိကြားမင်း လာလေ့ရှိတယ်။ သူ့ကို မေးပြီးမှပြောမယ်၊ နက်ဖြန်လာခဲ့"

သိကြားမင်းလာတော့ ရသေ့ကြီးကမေးတဲ့အခါ သိကြားမင်း က...

"ကာလိင်္ဂမင်းဘက်က နိုင်ပါလိမ့်မယ်"

"ဘာ့ကြောင့်ပါလဲ"

"ရှေ့ပြေးနိမိတ်တွေက ထင်ရှားနေပါတယ်။ ကာလိင်္ဂမင်းရဲ့ အစောင့်အရှောက်နတ်က တစ်ကိုယ်လုံးဖြူတဲ့ နွားလားဥသဘယောင်ဆောင်ပြီး အဿကမင်းရဲ့ အစောင့်အရှောက်နတ်က မည်းနက်တဲ့ နွားလားဥသဘယောင်ဆောင်ပြီး စစ်ထိုးကြပါလိမ့်မယ်။ အဲဒီအခါ ကာလိင်္ဂမင်းရဲ့ နတ်ဖက်ကပဲ နိုင်ပါလိမ့်မယ်။ တိုက်နိုင်တဲ့နတ်ရဲ့ မင်းဖက်ကပဲ နိုင်ပါလိမ့်မယ်"

နောက်နေ့ ရသေ့ကြီးထံကို ကာလိင်္ဂမင်းလာတော့ ရသေ့ကြီးက…

"ကာလိင်္ဂမင်းပဲ နိုင်လိမ့်မယ်"

ဒီစကားပဲ ပြောရသေးတယ် ကာလိင်္ဂမင်းက ထပြန်သွားတယ်။ ဘာကြောင့်နိုင်တာလဲဆိုတဲ့ စကားကို မမေးတော့ဘူး။

သူက အရမ်းအံ့ဩဝမ်းသာသွားတာကိုး။

အံ့ဩမယ်ဆိုပါကလည်း အံ့ဩစရာလေ။ ဘာကြောင့်လဲဆိုတော့ ဒီစကားကိုပြောတာက အလွန် ယုံကြည်ရတဲ့ ရိုးသားတဲ့ သူတော်ကောင်းရသေ့ကြီး။

ကြိုသိနေတာက သိကြားမင်း။

ဒီတော့…

ကာလင်္ဂမင်းအနေနဲ့ နိုင်မယ်ဆိုတာကို လုံးဝ မှတ်ယူထားလိုက်တယ်။ သူက ဒီစကားကြားတော့ အပျော်လွန်ပြီး တွေ့တဲ့လူကို လိုက်ပြောတယ့်။

စကားက ပြန့်ကျဲသွားတယ်။

အဿကမင်းထံကို ပေါက်ကြားသွားတယ်။



အဿကမင်းက ဒီစကားကိုကြားတော့ စိတ်ဓာတ်တွေကျဆင်းကုန်တယ်။ 'သွားပြီ' ဆိုပြီး တကယ် စစ်တောင်မတိုက်ရသေးဘူး သူက ရှုံးနေပြီ။

ခေါင်းဆောင်ဖြစ်သူက စိတ်ဓာတ်ကျတော့…

နောက်လိုက်တွေကပါ စိတ်ဓာတ်တွေကျကုန်တယ်။

အခြေအနေက ဖရိုဖရဲဖြစ်နေတယ်။

အနေအထားက မလှတော့ဘူး။

ပြဿနာတစ်ခုဟာ အချိန်မီ ထိန်းသိမ်းနိုင်တဲ့ အနေအထားမရှိဘူးဆိုရင် ပြဿနာကို မဖြေရှင်းနိုင်တော့သလို ပြဿနာဟာလည်း ပိုမိုကြီးထွားသွားနိုင်ပါတယ်။

ဒီလိုအချိန်မှာ ခေါင်းဆောင်လုပ်တဲ့သူတွေက အခြေအနေကို ထိန်းနိုင်ရတယ်။ ခေါင်းဆောင်ဆိုတာ ဘယ်လိုအနေအထားကိုပဲရောက်နေပါစေ တည်ငြိမ်ရတယ်။

ဒါမှ…

ကိုယ့်နောက်က လူတွေကို အကောင်းဆုံး လမ်းညွှန်မှုကို ပေးနိုင်မှာပေါ့။ ဘယ်လောက်ဆိုးဝါးတဲ့ကိစ္စပဲဖြစ်ပါစေ အကောင်းဆုံး အနေအထားဆိုတာ ရှိတယ်။

အခုလည်းကြည့်။

အဿကမင်းဟာ တစ်ဆင့်စကားနဲ့တင် ဗျာယာခတ်နေတယ်။

အဲဒီအချိန်မှာ အဿကမင်းရဲ့ စစ်သူကြီးဖြစ်တဲ့ 'နန္ဒိသေန' က ဖြစ်ရပ်မှန်ကို လေ့လာဖို့ ရသေ့ကြီးထံကို ရောက်သွားတယ်။

"ဘယ်သူနိုင်မလဲ"

"ကာလိင်္ဂမင်းက နိုင်လိမ့်မယ်"

"ဘာကြောင့်လဲ"

"... ... ..."

"ကောင်းပြီ"

နန္ဒိသေန စစ်သူကြီးက ကာလိင်္ဂမင်းနိုင်ခြင်းအကြောင်းရင်းဟာ အစောင့်အရှောက်နတ်ကြောင့်ဆိုတာ သိလိုက်ရတယ်။

ဒါဆိုရင် ဘယ်လိုလုပ်မလဲ?

ဒီလိုနဲ့...

နန္ဒိသေနစစ်သူကြီးဟာ စစ်သားတစ်ထောင်ကို တောင်ထိပ်ပေါ်ကို ခေါ်သွားတယ်။ တောင်ထိပ်ရောက်တာနဲ့ စစ်သားတွေကို အသေအချာစိုက်ကြည့်ပြီး...

"အမောင်တို့ မင်းတရားကြီးအတွက် အသက်ကို စွန့်ဝံ့ကြလား"

"စွန့်ဝံ့ကြပါတယ်"

"စွန့်ဝံ့လျှင် တောင်ထိပ်မှ ခုန်ချကြ"

စစ်သူကြီးရဲ့ စကားဆုံးတော့ စစ်သည်အားလုံးက တောင်ထိပ်မှ ခုန်ချဖို့ပြင်တော့ စစ်သူကြီးက...

"ရပ်"

အခြေအနေကို သူက သဘောပေါက်လိုက်တယ်။ ဒီစစ်သားအားလုံးဟာ တိုက်ရဲခိုက်ရဲ သေရဲ သတ်ရဲကြတယ်ဆိုတာကို သိလိုက်ရတယ်။



"စစ်တိုက်တဲ့အခါမှာသာ နောက်မဆုတ်တမ်း ကြိုးစားကြပါ"

လို့ စစ်သူကြီးက တိုက်တွန်းပြီး အားလုံးကို ပြင်းပြင်းထန်ထန် ကြိုးစားဖို့ လေ့ကျင့်ဖို့မှာကြားခဲ့တယ်။

နန္ဒိသေနစစ်သူကြီးရဲ့ အနေအထားက မြန်မာရာဇဝင်က ထင်ရှားတဲ့ စကားလုံးဖြင့် သုံးရရင် 'ဘုရင်နောင့်ဖောင်ဖျက်တိုက်ပွဲ' ပုံစံဖြစ်၏။

သူ့မှာ ရွေးချယ်စရာမရှိတော့ဘူး။

ဒီပွဲမှာ မနိုင်ဘူးလို့ သိကြားမင်းကိုယ်တိုင်က ပြောတာကိုတောင် အန်တုဖို့ ကြိုးစားတာဟာ တစ်ဖက်ကကြည့်ရင် ရူးသွပ်မှုတစ်ခုပါပဲ။

ကာလိင်္ဂမင်းနဲ့ စစ်သားတွေကတော့ ဧကန်မုချနိုင်ရမယ်လို့ တွက်ဆထားတော့ ပေါ့တီပေါ့ဆ။

ဟုတ်တယ်လေ။

သိကြားမင်းကိုယ်တိုင်က နိုင်မယ်လို့ ပြောထားတာကိုး။ လေ့ကျင့်နေတော့တောင် ပင်ပန်းရုံသာရှိမယ်။ အားလုံး အေးအေးဆေးဆေး နေကြပေတော့။

ဒီလိုနဲ့...

စစ်တိုက်မယ့်နေ့ ရောက်လာတယ်။

မင်းနှစ်ပါးက ရှေ့ဆုံးက။ သူတို့နောက်မှာ စစ်သူကြီးတွေ။ အဲဒီနောက်မှာ စစ်သားများစွာ။

လူသားတွေက စစ်တိုက်ဖို့ပြင်နေသလို မင်းနှစ်ပါးရဲ့ ကိုယ်စောင့်နတ်တွေကလည်း စစ်တိုက်ဖို့ ပြင်ဆင်ကြတယ်။

ဒါပေမယ့်…

နတ်တွေကို မင်းနှစ်ပါးကလွဲပြီး ဘယ်သူမှ မမြင်ကြဘူး။

အသကမင်းရဲ့ စစ်သူကြီးဖြစ်တဲ့ နန္ဒိသေနကလည်း မမြင်ဘူး။

သို့သော်…

စစ်သူကြီးက အခြေအနေထူးခြားနေတယ်ဆိုတာကို သတိထား ခံစားမိတယ်။ ဒါနဲ့ သူက အသကမင်းနားကို ကပ်ပြီး…

"အရှင်မင်းကြီး ဘာများထူးထူးဆန်းဆန်းဖြစ်ပါသတုံး"

"နတ်နှစ်ယောက် စစ်တိုက်မယ်လို့ ဟန်ပြင်နေတာမြင်တယ်။ တို့ဘက်နတ်က ကြောက်ရွံ့နေတယ်"

"အရှင်မင်းမြတ် သူ့ဘက်က နတ်ကိုသာ အရှင်မင်းမြတ်က ပစ်ခတ်ပါ။ ကျွန်တော်တို့ သူရဲကောင်းတစ်ထောင်ကလည်း အရှင်မင်းမြတ်ပစ်တဲ့ နေရာကိုပဲ ဝိုင်းပြီးပစ်ပါ့မယ်"

အသကမင်းလည်း စစ်သူကြီးပြောတဲ့ စကားအတိုင်းလုပ်ရာ ကာလိင်္ဂမင်းရဲ့နတ် ကျသွားတယ်။

ဝိုင်းကူပေးမယ့်နတ်မရှိတော့ ကာလိင်္ဂမင်းလည်း စစ်ရှုံးကာ ထွက်ပြေးသွားတော့တယ်။

အသကမင်း စစ်နိုင်သွားတယ်။

ဘာကြောင့်…

သိကြားမင်းစကား မှားတာလဲ?

❁



အထက်ပါအဖြစ်အပျက်ကိုကြည့်ပြီး သိကြားမင်းဟာ မုသား စကား ပြောဆိုတတ်ပါသလားဆိုတော့ မပြောတတ်ပါလို့ပဲ ပြောရ ပါလိမ့်မယ်။

ဒါဆိုရင်…

ဘာကြောင့်ပြောတာလဲ?

မှန်တဲ့အတိုင်း၊ တွေ့သည့်အတိုင်း ပြောတာပါ။

တစ်ခုတော့ရှိတယ်။ လူရဲ့ ရှေ့ပြေးနိမိတ်ဆိုတာ လူ့ရဲ့လုပ် ဆောင်ချက်အပေါ် မူတည်ပြီး အချိန်မရွေး ပြောင်းလဲနေ၏။

တစ်သမတ်တည်း အမြဲမရှိ။

ကံကြမ္မာဆိုတာဟာလည်း ဒီသဘောတရားတွေ သက်ဝင်နေ တယ်။ မိမိရဲ့ ကိုယ်၊ နှုတ်၊ စိတ်သုံးပါးရဲ့ ပြုမူချက်တွေကပဲ မိမိရဲ့ ကံကြမ္မာကို ဖန်ဆင်းပါတယ်။

ဒီလိုပါပဲ…

အောင်မြင်ချင်တဲ့သူဆိုတာ အခက်အခဲကို ရင်ဆိုင်ရတယ်။ တစ်ခါတလေကျရင် အခက်အခဲတွေကို ရင်ဆိုင်တဲ့အခါမှာ ဝီရိယထား ပြီး ရင်ဆိုင်ရကယ်။

ကာလိင်္ဂမင်းဟာ မိမိနိုင်မယ်လို့ ယုံကြည်ပြီး ဝီရိယကို လျှော့ချလိုက်တယ်။ အသကမင်းကတော့ နိုင်ရမယ်ဆိုပြီး ဝီရိယကို ပိုတင်းလိုက်တယ်။

ဝီရိယချင်းအားပြိုင်တဲ့အခါ…

နတ်တောင်မှ မနိုင်ပါဘူး။

မြန်မာစကားမှာ "လူမစွမ်းရင် နတ်မ" ဆိုတာ ရှိတယ်။ လူက စွမ်းရင်တော့ နတ်ကလည်း မစရာမလိုတော့သလို နတ်ကလည်း မိမိကို 'ချ' လို့ မရတော့ပါဘူး။

တကယ်တော့ နတ်ဆိုတာ မမြင်နိုင်သောအရာဖြစ်တယ်။

မသေချာ၊ မရေရာ။

တကယ့်အရေးကျရင် ဘယ်နတ်ကမှ မကယ်နိုင်ပါဘူး။

မိမိရဲ့ ကံ၊ ဉာဏ်၊ ဝီရိယကပဲ မိမိကို ကယ်တင်နိုင်ပါတယ်။

ဒါကြောင့်…

အောင်မြင်ချင်ရင် ဝီရိယရှိပါစေ။

ယုတ်ညံ့တဲ့ ဝီရိယနဲ့ မြင့်မြတ်တဲ့ဘဝ မရှိပါဘူး။

"နေရာဆိုတာ
လူတိုင်း လိုချင်ကြတာပါ။
ဒါပေမယ့်
ထိုက်တန်တဲ့နေရာ လိုချင်ရင်တော့
ထိုက်သင့်တဲ့ ပေးဆပ်မှုရှိရမယ်။
ဘာတစ်ခုမှ မပေးဆပ်ရင်
မညီသည့်နေရာမှ မရပါဘူး"

## နေရာ

"ဝီရိယအားကောင်းရင် နတ်စကားတောင် မှားပါတယ်"

ဒီတော့…

ကြီးပွားချမ်းသာချင်တဲ့သူဟာ ဝီရိယရှိရပါမယ်။

ဇွဲကောင်းရပါမယ်။

ပညာသင်ကြားတဲ့အခါမှာပဲဖြစ်ဖြစ်၊ စီးပွားဥစ္စာရှာဖွေတဲ့အခါမှာပဲဖြစ်ဖြစ် ဝီရိယကောင်းကောင်း၊ ဇွဲကောင်းကောင်းဖြင့် အောင်မြင်အောင် လုပ်ရပါမယ်။

ဒီနေရာမှာ ဝီရိယနှင့် ဇွဲဟာ အနည်းငယ် ကွာခြားပါတယ်။

ဝီရိယဆိုတာ…

မိမိအလုပ်ကို ကြိုတင်ပြီးတော့လုပ်တာ၊ အချိန်စောလုပ်တာ၊ အချိန်မီလုပ်တာ၊ အမြဲတမ်း ကြိုကြိုတင်တင် ထထကြွကြွလုပ်တာ၊ တက်ကြွဖျတ်လတ် နိုးကြားခြင်းဟာ ဝီရိယပါ။



ဇွဲဆိုတာ…

အလုပ်တစ်ခုကို အပြီးသတ်အောင်လုပ်တာ၊ သေသပ်အောင်လုပ်တာ၊ အကောင်းဆုံးလုပ်တာ၊ လက်စသတ်အောင်လုပ်တာ၊ သတ်မှတ်ချိန်အတွင်း (သို့မဟုတ်) သတ်မှတ်ချိန်လွန်တဲ့အထိ မနားမနေလုပ်တာ ဇွဲပါ။

အောင်မြင်ချင်တဲ့သူဆိုတာ…

လုံ့လ၊ ဝီရိယလည်းကောင်း၊ ဇွဲလည်းရှိ၊ ပညာလည်းတတ်အောင် သင်ကြားသင်ယူ၊ ဗဟုသုတလည်း ပြည့်စုံအောင်လုပ်ရတယ်။ လူကြီးသူမတွေ ပြောစကားကိုလည်း မှတ်သားနာယူ၊ အရာရာကို သိချင်စိတ်၊ တတ်ချင်စိတ် ရှိရပါမယ်။

ခေတ်အခြေအနေကို နားလည်ရပါမယ်။

"လှေနံဓားထစ်" ပုံစံနဲ့ သွားလို့မရပါဘူး။

တစ်ခါတလေကျရင် တချို့သော ကိစ္စရပ်တွေဟာ မိမိသိရှိထားတဲ့ အချိန်အခါကတစ်မျိုး၊ မိမိလုပ်ကိုင်နေတဲ့ ကာလက တစ်ဖုံ၊ နောင်ကျရင် ဖြစ်ပွားနိုင်တာက တစ်ဘာသာပါ။

ခေတ်ရေစီးကြောင်းဆိုတာ ပြောင်းလဲနေပါတယ်။

ဘာကိုမှ တစ်သမတ်တည်း ဆုပ်ကိုင်လို့မရ။

ဘာသာတရားကလွဲပြီး ဘာမဆို ပြောင်းလဲနေတယ်။

ဒီအတွက်…

မျက်စိကို ဖွင့်ထားရပါမယ်။ နားကို စွင့်ထားရပါမယ်။

တစ်ခါတလေမှာ မိမိလုပ်ကိုင်နေတဲ့ အလုပ်ကပဲ အခြေအနေပြောင်းသွားတာကို မိမိကိုယ်တိုင် မသိလိုက်ပါဘူး။ အရင်က အခြေအနေ

ကောင်းပေမယ့် နောက်ပိုင်း အခြေအနေ မကောင်းတာဟာ ခေတ်ရဲ့ ပြောင်းလဲမှုကြောင့်ပါ။

စီးပွားရေးသမားဆိုရင် ကုန်ပစ္စည်းဟာ ဒီအရည်အသွေးပင် ဖြစ်စေမဲ့ ဒီဇိုင်းအသစ်၊ ထုပ်ပိုးမှု၊ ကြော်ငြာအားကောင်းမှုရှိသူက ပိုမိုပြီးတော့ ဝယ်လိုအားတက်၏။

ဒီလိုပါပဲ။

တခြားသော ကိစ္စရပ်တွေမှာလည်း လုပ်ငန်းဆိုင်ရာတွေရဲ့ ခေတ်အခြေအနေပေါ်မူတည်ပြီး ပြောင်းသင့်တာ ပြောင်းရပါတယ်။

အပြောင်းအလဲကို မလုပ်ရင်…

သမိုင်းမှာ မိမိနာမည် ပျောက်သွားပါလိမ့်မယ်။

သမိုင်းကောင်းအောင်လုပ်ခြင်းဆိုတာ…

အပြစ်မရှိတဲ့ မိမိကြောင့် သူတစ်ပါး မထိခိုက်တဲ့ အောင်မြင်မှုကို ရယူပြီး၊ ရရှိလာတဲ့ အောင်မြင်မှုဟာလည်း အပြစ်ကင်းရဲ့လား၊ ကိုယ်ကျင့်တရားကော ဖြူစင်ရဲ့လားဆိုတာ ဆန်းစစ်ပြီး အပြစ်ရှိရင် ပြင်ကာ အောင်မြင်မှုကို ရေရှည်ထိန်းသိမ်းခြင်းပဲ ဖြစ်ပါတယ်။

အောင်မြင်မှုကို ထိန်းသိမ်းဖို့ဆိုတာ…

အောင်မြင်မှုက ရှိထားမှရတာပါ။

မြန်မာ့အယူအဆမှာ လူတစ်ဦး ကြီးပွားချမ်းသာဖို့ဆိုပါက ဝီရိယနှင့် ကံကို အမှီပြုရပါတယ်။

ကံဆိုတာ အတိတ်ကံနှင့် ပစ္စုပ္ပန်ကံဆိုပြီး နှစ်ပါးရှိပါတယ်။

အတိတ်ကံကတော့ ပြုခဲ့ပြီးသားဖြစ်လေတော့ မိမိအနေနဲ့ အတိတ်ကံကို ပြုပြင်ခွင့်စီမံဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး။ အတိတ်ကံဟာ



မိမိပြုခဲ့သလောက် ရှိပြီးသားဖြစ်လေတော့ အောင်မြင်ကြီးပွားဖို့ လက်တွေ့ ဝီရိယပဲ လိုအပ်ပါတော့တယ်။

ဒီတော့…

ဝီရိယကောင်းရပါမယ်။

မြန်မာတို့က 'ကံ' ကို အလုပ်လို့ နားလည်ထားပါတယ်။

ဝီရိယရှိတော့ အလုပ်လုပ်၊ အလုပ်လုပ်တော့ ကံဖြစ်၊ ဝီရိယ ကောင်းတော့ အလုပ်ကောင်းအောင်ကြိုးစားတယ်၊ အလုပ်ကောင်းရင် ကံကောင်းပါတယ်။ ဒါက ပစ္စုပ္ပန်ကံပါ။

ဒါကြောင့်…

လူဟာ ဝီရိယရှိသလောက် အလုပ်ကြိုးစားမှာပဲ။

အလုပ်ကြိုးစားသလောက် ကံကောင်းမှာပဲ။

ဝီရိယရှိသူဟာ ကံရှိတယ်။

ဝီရိယကောင်းသူ ကံကောင်းတယ်။

ကံကောင်းချင်ရင် ဝီရိယကောင်းရမယ်။

ဒါပေမယ့်…

ဝီရိယဆိုတာ ရှိတိုင်းကောင်းပါသလားဆိုတော့ ကောင်းပါ သည်ဟု အကြမ်းဖျင်းအားဖြင့် ဆိုရပါမယ်။

သို့သော်…

ဝီရိယဆိုတာ

ကောင်းတဲ့နေရာမှာလည်း ထားနိုင်သလို၊ မကောင်းတဲ့နေရာ မှာလည်း ထားဖြစ်တဲ့အတွက် ဝီရိယရှိတိုင်းတော့ မကောင်းပါဘူးလို့ အသေအချာ ခွဲခြားပြီး ဖြေရပါမယ်။

ဘာကြောင့်လဲဆိုတော့…

မကောင်းတဲ့နေရာမှာ ဝီရိယထားမိရင် မကောင်းတာကို အမြန်လုပ်မိတဲ့အတွက် မကောင်းကျိုးကို ပေးမှာပဲ။

ဒီလိုပါပဲ…

ကောင်းတဲ့နေရာမှာ ဝီရိယထားရင်တော့ ကောင်းတာကို အမြန်လုပ်မိတဲ့အတွက် ကောင်းကျိုးပေးမှာပဲ။

ဒီတော့…

အချုပ်အားဖြင့် သိထားရမှာက

ဝီရိယ ရှိပါ။

သို့သော်…

ဝီရိယကို ကောင်းတဲ့နေရာမှာ အသုံးချပါ။

လူဟာ မိမိ ဝီရိယကို ကောင်းတဲ့နေရာမှာ အသုံးချဖြစ်အောင် အသိဉာဏ်လိုအပ်ပါတယ်။

ဉာဏ်မပါတဲ့ ဝီရိယဟာ…

ခန္ဓာကိုယ် ပင်ပန်းမှုကိုပဲ ဖြစ်စေပါတယ်။

မကြီးပွား မတိုးတက်နိုင်ပါဘူး။

"ကံ၊ ဉာဏ်၊ ဝီရိယ" ပြည့်စုံပါမှ အောင်မြင်တယ်ဟု ဆိုထားတာကြောင့် ဝီရိယကို ဉာဏ်နဲ့ ထိန်းကွပ်ပေးရပါမယ်။

ဉာဏ်ကောင်းပြီး ဝီရိယမကောင်းရင်၊ ဝီရိယကောင်းပြီး ဉာဏ်မရှိပြန်ပါကလည်း မအောင်မြင်၊ မကြီးပွားနိုင်ပါဘူး။

ဒီနေရာမှာ အထူးသတိပြုရမှာကတော့ ဝီရိယမစိုက်ပါက ဉာဏ်ကလည်း အကျိုးမပေးတော့သလို၊ ကံကလည်း အထောက်အကူ



မဖြစ်စေတော့ပါဘူး။ ဝီရိယပါမှ ကံနဲ့ ဉာဏ်ဟာ သက်ဝင်ပြီပြင်ပါတယ်။

ဥပမာအားဖြင့်…

စီးပွားရှာတယ်ဆိုပါစို့၊ ပထမဆုံး စီးပွားရအောင် ဝီရိယနဲ့ ရှာဖွေရတယ်၊ ဉာဏ်ပညာနဲ့ စုဆောင်းရတယ်၊ ဒီနှစ်ချက်ဟာ အရမ်းကို အရေးကြီးပါတယ်။

ဒါကိုပင်…

"ရှာဖွေစုဆောင်း သူဌေးလောင်း" လို့ ဆိုထားတယ် မဟုတ်ပါလား။

ဗုဒ္ဓစာပေတွေမှာတော့ ကြီးပွားချမ်းသာစေဖို့ အခြေခံ အကြောင်းတရားလေးပါး ပြဆိုထားပါတယ်။ အဲဒီလေးပါးကတော့…

(၁) ဥဋ္ဌာနသမ္ပဒါ (ရှာဖွေခြင်း)

(၂) အာရက္ခသမ္ပဒါ (စုဆောင်းခြင်း)

(၃) ကလျာဏမိတ္တတာသမ္ပဒါ (မိတ်ဆွေကောင်းရှိခြင်း)

(၄) သမဇီဝိတာသမ္ပဒါ (မျှတအောင်သုံးစွဲခြင်း)

တို့ပါပဲ။ ဗုဒ္ဓဘာသာဝင် အများစုက မြတ်ဗုဒ္ဓရဲ့ တရားလို့ ဆိုပါက သံသရာမှ လွတ်မြောက်ကြောင်း ဝိပဿနာတရားချည်းပဲ မြင်တတ်ကြပါတယ်။

တကယ်တမ်းအားဖြင့် မြတ်ဗုဒ္ဓဟာ သံသရာမှ လွတ်မြောက်ကြောင်းတရားကို ဟောကြားခဲ့သလို သံသရာမှ မလွတ်မြောက်ခင်ကြားကာလ(အလွန်ရှည်လျားတဲ့)တွေမှာ ကျင့်သုံးနေထိုင်ဖို့ လူမှုရေးတရား၊ စီးပွားရေးတရား နိုင်ငံရေးတရား၊ နေနည်းတရား၊ သေနည်းတရား၊ ပြောပုံဆိုပုံတရား စသည်အားဖြင့် ဟောကြားခဲ့ပါတယ်။

ဗုဒ္ဓဘာသာဝင်တွေက သင်္ကေတမထားခြင်းကြောင့်သာ အသိနည်းနေတာပါ။

အခုလည်းကြည့်။

ကြီးပွားချမ်းသာချင်တဲ့သူဟာ အတတ်ပညာ၊ အသိပညာ၊ ဗဟုသုတ၊ စီးပွားဥစ္စာတွေကို ကြိုးကြိုးစားစားနဲ့ သင်ယူ၊ ဆည်းပူး၊ ရှာဖွေလုပ်ကိုင်ခြင်း **ဥဋ္ဌာနသမ္ပဒါ**။

တတ်ပြီး၊ သိပြီး၊ လေ့လာပြီး၊ ရပြီးတဲ့ အတတ်ပညာ၊ အသိပညာ၊ စီးပွားဥစ္စာတွေကို မပျောက်အောင်၊ မပျက်အောင် စောင့်ရှောက်ထိန်းသိမ်း စုဆောင်းခြင်းဆိုတဲ့ **အာရက္ခသမ္ပဒါ**။

မိမိကို ကူညီထောက်ပံ့နိုင်တဲ့၊ မိမိကလည်း ပြန်ပြီးတော့ အထောက်အကူပေးတဲ့ မိတ်ကောင်း၊ ဆွေကောင်းများရှိခြင်းဆိုတဲ့ **ကလျာဏမိတ္တသမ္ပဒါ**။

ရရှိလာတဲ့ ငွေကြေး၊ အတတ်ပညာများကို မျှတအောင် သုံးစွဲနိုင်ခြင်းဆိုတဲ့ **သမဇီဝိတာသမ္ပဒါ**။

ဒီ "သမ္ပဒါ"လေးပါးနဲ့ နေတဲ့သူဟာ ကြီးပွားတိုးတက်ဖို့ အမြဲတမ်း အခွင့်အရေးရှိနေသူပဲဖြစ်ပါတယ်။

အခွင့်အရေးရှိသူဟာ မိမိအရည်အချင်းကို အမြဲတမ်း ကောင်းနေအောင်၊ မိမိကိုယ်ကို တော်နေအောင် ကြိုးစားလေ့ရှိပါတယ်။

တော်တယ်ဆိုတာ…

ပညာဗဟုသုတရှိခြင်း၊ လုပ်ရည်ကိုင်ရည် ကောင်းမွန်ခြင်း၊ စနစ်တကျပြုလုပ်ခြင်း၊ သေသေသပ်သပ်ပြုလုပ်ခြင်း၊ ကောင်းသည်ထက်ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ခြင်းပါပဲ။



ကောင်းတယ်ဆိုတာ…

စိတ်ကောင်းနှလုံးကောင်းရှိခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ စေတနာကောင်းနဲ့ ပြုလုပ်ခြင်း၊ သူတစ်ပါး မထိခိုက်အောင် ပြုလုပ်ခြင်းပါပဲ။

တော်တဲ့သူဟာ ကောင်းအောင်နေရတယ်။

ကောင်းတဲ့သူဟာ တော်အောင်နေရတယ်။

တစ်ခုခု ချွတ်ယွင်းနေရင်တော့ လိုအပ်ချက်ကလည်း တစ်ခုပြီးတစ်ခု ရှိနေမှာပဲ။ လိုအပ်ချက်ရှိရင် မပြည့်စုံဘူး၊ မပြည့်စုံရင် လိုအပ်တာပေါ့။

အောင်မြင်တဲ့သူဆိုတာ လိုအပ်ချက်မရှိအောင် ပြည့်စုံစွာနေတတ်သူပဲ ဖြစ်ပါတယ်။

အဲဒီလိုဘဝမျိုး ဖန်တီးဖို့-

သင့်တင့်လျောက်ပတ်တဲ့နေရာ၊

သင့်တင့်လျောက်ပတ်တဲ့အမှီ ရှိရတယ်။

တစ်ခါတလေကျရင် မိမိဖက်က ဘယ်လိုပဲ ကြိုးစားပါစေ ပတ်ဝန်းကျင်ကောင်း၊ အမှီကောင်းမဘူးဆိုရင် အကျိုးရလဒ်ဟာလည်း ထိုက်သင့်သလောက် အကျိုးမပေးပါဘူး။

ဥပမာအားဖြင့်…

မျိုးစေ့က ဘယ်လောက်ပင် ကောင်းနေပါစေ မြေဩဇာမကောင်း၊ ရာသီဥတု မကောင်းပါက အသီးအနှံက မဖြစ်ထွန်းသလိုပါပဲ။

ဒီတော့…

သားသမီးဟာလည်း မိဘတည်းဟူသော အမိုကောင်းကိုရရင် ကြီးပွားဖို့ အခွင့်အလမ်းရှိတယ်။ တပည့်ဟာလည်း ဆရာကောင်းရဲ့ အမိုအမိုးရှိရင် အောင်မြင်နိုင်တယ်။

ဒီလိုပါပဲ။

ရပ်ကွက်လူကြီးကောင်းရင် အဲဒီရပ်ကွက် ချမ်းသာတယ်။

မြို့နယ်လူကြီးကောင်းရင် အဲဒီမြို့နယ် ချမ်းသာတယ်။

နိုင်ငံခေါင်းဆောင်ကောင်းရင် အဲဒီနိုင်ငံ၊ အဲဒီလူမျိုးဟာ ချမ်းသာကြီးပွားနိုင်ပါတယ်။

ဒီလိုမဟုတ်ဘဲ…

မိဘကလည်း မကောင်း၊ ဆရာကလည်း မကောင်း၊ ရပ်ကွက်လူကြီး မကောင်း၊ မြို့နယ်လူကြီး မကောင်း၊ နိုင်ငံခေါင်းဆောင်က လည်း မကောင်းပါက အဲဒီနိုင်ငံ၊ အဲဒီလူမျိုးတွေဟာ မြေဩဇာနှင့် ရာသီဥတု မကောင်းတဲ့ အသီးအနှံတွေလို ဖြစ်နေပါလိမ့်မယ်။

ဒီနေရာမှာ…

အဆင့်ဆင့် မကောင်းတာချင်းအတူတူ…

ဘယ်သူက ပိုပြီးတော့ တာဝန်ရှိပါသလဲ?

(… … … … …)။

သာမာန်အားဖြင့်ကြည့်ရင်တော့ အတူတူပဲလို့ ဆိုစရာရှိပါတယ်။

သို့သော်…



နိုင်ငံ့ခေါင်းဆောင်တစ်ယောက် ကိုယ်ကျင့်တရာမကောင်းတာနဲ့ ရပ်ကွက်လူကြီးတစ်ယောက် ကိုယ်ကျင့်တရားမကောင်းတာ တူပါသလား?

တရားသူကြီးတစ်ယောက် အဂတိလိုက်စားတာနဲ့ စီးပွားရေးသမားတစ်ယောက် အဂတိလိုက်စားတာ တူပါသလား?

ရပ်ကွက်လူကြီးတစ်ယောက် အကျင့်ပျက် ခြစားတာနှင့် ဝန်ကြီးတစ်ယောက် အကျင့်ပျက် ခြစားတာ တူပါသလား?

ခရိုနီ (အစိုးရနှင့်ပတ်သက်သော စီးပွားရေးသမား)တစ်ယောက်က ကိုယ့်အကျိုးရှာတာနှင့် လက်လုပ်လက်စားတစ်ယောက် ကိုယ့်အကျိုးကြည့်တာဟာ တူပါသလား?

ဒီမေးခွန်းများရဲ့ အဖြေဟာ တစ်ခုတည်းပါ။

ဘယ်လိုမှ မတူညီပါဘူး။

အားကြီးတဲ့သူဆိုတာ ကောင်းတာလုပ်ရင်လည်း ပိုပြီးတော့ အကျိုးဖြစ်ထွန်းကာ လူအများ စိတ်ချမ်းသာသလို၊ အားကြီးတဲ့ လူတစ်ယောက် မကောင်းတာလုပ်ရင်လည်း ပိုပြီးတော့ ပျက်စီးစေကာ လူအများ စိတ်ဆင်းရဲစေပါတယ်။

ဒါကြောင့်…

သင့်တင့်လျောက်ပတ်သောနေရာနဲ့ သင့်တင့်လျောက်ပတ်သော အမိုးဆိုတာ လူတိုင်းအတွက် လိုအပ်လှပါတယ်။

နေရာဆိုတာ မိမိကိုယ်တိုင် သင့်တင့်လျောက်ပတ်တဲ့ နေရာဖြစ်အောင် ဖန်တီးပြီးယူရသလို မိမိကိုယ်ကိုလည်း သင့်တင့်လျောက်ပတ်တဲ့ နေရာဖြစ်အောင် ဖန်တီးနိုင်ရတယ်။

ဥပမာအားဖြင့်…

ယခုခေတ် နိုင်ငံခြားသွားပြီး အလုပ်သွားလုပ်ကြတာဟာ မိမိကိုယ်တိုင် သင့်တင့်လျောက်ပတ်တဲ့ နေရာဖြစ်အောင် ဖန်တီးယူတာပါပဲ။

ဘာကြောင့်လဲဆိုတော့ မြန်မာနိုင်ငံအတွင်းမှာကလည်း အခွင့်အလမ်းက မရှိတော့ နိုင်ငံခြားမှာ သင့်တင့်တဲ့ နေရာနဲ့ အမှီကို ရှာရတာပါတယ်။

ဘယ်သူမှ အစစ်အမှန် မပျော်ရွှင်ပါဘူး။

ဒါပေမယ့်…

မြန်မာနိုင်ငံအတွင်းမှာကလည်း မိမိကိုယ်ကို သင့်တင့်လျောက်ပတ်တဲ့နေရာဖြစ်အောင် ဖန်တီးနိုင်တဲ့၊ ကိုယ့်ကျင့်တရား ကောင်းမွန်တဲ့၊ အများအကျိုးကို စစ်မှန်စွာ ဖြည့်ဆည်းပေးနိုင်တဲ့၊ မဲ့နေသူများကို ပြုံးအောင်လုပ်ပေးနိုင်မယ့် (ခရိုနီ မဟုတ်တဲ့) စီးပွားရေးသမားတွေ ရှိပါက သူများနိုင်ငံသွားပြီး မိဘက သားသမီးကို စိတ်မချ၊ သားသမီးက မိဘကို စိတ်ပူ၊ ယဉ်ကျေးမှုအသစ်၊ ပတ်ဝန်းကျင်အသစ်တွေနဲ့ ရှင်သန်နေသူတွေရဲ့ ဖွန်းကျပ်မှုတွေဟာ လျော့နည်းသွားပါမယ်။

အကယ်၍…

ခရိုနီတွေကိုယ်တိုင်က အများအကျိုးဆောင်ရွက်ချင်တဲ့စိတ် ရှိလာပြီဆိုရင်တော့ ပျော်ရွှင်နေမယ့်သူတွေက အများကြီးပါပဲ။

ဘာကြောင့်လဲဆိုတော့ သူတို့အတွက် 'နေရာ' ဆိုတာ ရှိလာပါလိမ့်မယ်။ နေရာဖန်တီးပေးသူတွေကိုယ်တိုင်လည်း 'နေရာ' တစ်ခုကို ရပါလိမ့်မယ်။



ဘာတစ်ခုမှ ပီပြင်အောင် မစွမ်းဆောင်ရင်…

မည်သည့် 'နေရာ' မှ ရမှာမဟုတ်ပါဘူး။

သမိုင်းကောင်းဆိုတာ…

'နေရာကောင်း' ယူတတ်သူတို့အတွက်သာ ဖြစ်ပါတယ်။

ဒါဆိုလျှင်…

နေရာဆိုတာ ဘာလဲ?

ပုံမှန်အားဖြင့် လုပ်ပိုင်ခွင့်၊ လုပ်ဆောင်ခွင့်၊ အသိအမှတ်ပြုခွင့်၊ အမှတ်အသား သင်္ကေတ၊ အများရဲ့ ကြည်ဖြူနှစ်သက်ခွင့် စသည်အားဖြင့် သတ်မှတ်ချက်များစွာ ရှိပါတယ်။

လူတွေဟာ နေရာပေါ်ကို မှီခိုပြီးတော့ အခွင့်အရေး ရနိုင်သလို အခွင့်အရေးအပေါ် မူတည်ပြီးတော့လည်း နေရာဆိုတာ ဖြစ်တည်လာပါတယ်။

သို့သော်…

နေရာတစ်ခုကို အလွယ်တကူရရှိဖို့တော့ မလွယ်ပါဘူး။

အခက်အခဲတွေ များစွာရှိ၏။

နေရာဆိုတာ လူတိုင်းက ကြိုက်နှစ်သက်နေတော့ အပြိုင်အဆိုင် ဖန်တီးကြတယ်။ ပြိုင်ဆိုင်မှုတွေက ပြင်းထန်လာတော့ တစ်ခါတလေကျရင် (တချို့သူတွေဟာ) မိမိနေရာရဖို့အတွက် တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ နေရာတစ်ခုကို ဖန်တီးယူလေ့ရှိကြတယ်။

မတရားတဲ့နေရာဟာ…

မကောင်းတဲ့သမိုင်းကိုပဲ ချန်ခဲ့ပါမယ်။

အဲဒီလိုလူမျိုးတွေဟာ မိမိနေရာလေးမြဲအောင် ကုတ်ကပ်ထားရတယ်။ နေရာမြဲအောင်လည်း မမှန်တာတွေကို လုပ်ဆောင်ကြတယ်။

**မိမိနေရာကို** အာမခံနိုင်စွမ်းရှိသူ၊ မိမိနေရာကို မြဲအောင် လုပ်နိုင်သူတွေကို ပူဇော်ကြတယ်။ ဒီထက်မြင့်မြတ်တဲ့ နေရာလေးရအောင် လည်း ပသကြတယ်။ ဒါကိုပင်လျှင် 'လာဘ်ပေးလာဘ်ယူ' ဟူ၍လည်း ကောင်း၊ အဂတိလိုက်စားခြင်း ဟူ၍လည်းကောင်း ဆိုလေ့ရှိကြ ပါတယ်။

အစစ်အမှန် အောင်မြင်ချင်တဲ့သူဟာ…

နေရာကို မမှန်တဲ့နည်းနဲ့ မယူပါဘူး။

ကိုယ်ပိုင်အရည်အချင်းရှိသူတို့ကတော့ မိမိအရည်အချင်းကို မှီတည်ပြီးတော့ ကြိုးစားရင် အခွင့်အရေးရမယ်လို့ သဘောပေါက် ထားတော့ စိတ်အားထက်ကြွကာ စိတ်ရှင်းကြပါတယ်။

ကိုယ်ပိုင်အရည်အချင်း ချို့တဲ့သူတို့ကတော့ မိမိနေရာအတွက် မိမိရဲ့ အရည်အချင်းနဲ့ ကြိုးစားမှုကို အားမထုတ်ပါဘဲ တခြားနည်း လမ်းကို အသုံးပြုနေရတော့ စိတ်မရှင်း။

သာမာန်အားဖြင့်ကြည့်မယ်ဆိုရင် အဲဒီလူတွေရဲ့ မျက်နှာထား တင်းမာပြီး အမျက်စောင်မာန်ကြီးသောကြောင့် စိတ်ဓာတ်မာကျော မယ်ဟု ထင်ရပေမယ့်လည်း သူတို့ရဲ့ ရင်တွင်းမှာတော့ မုန်တိုင်းကို ရင်ထဲမျိုသိပ်ထား ရသလို ပျာယာခတ်ကာ စိတ်ရှုပ်ထွေးနေကြလေရဲ့။

ဘာကြောင့်လဲဆိုတော့…

သူတို့မှာမရှိတဲ့ အရည်အချင်းကို ရှိလေသယောင်၊ အများက မကျေနပ်၊ မကြည်ဖြူတာကို သိပါသော်လည်း အများက ကျေနပ် ကြည်ဖြူနေသယောင် လုပ်နေကြတဲ့အတွက် မိမိတာဝန်ကို အကောင်းဆုံး မလုပ်ဆောင်နိုင်တော့ မိမိတာဝန်ကို အကဲဖြတ်ရသူတို့ကို ဆရာမွေး၊ လေချိုသွေးရတော့တယ်။



ဒီပုပ်ထဲမှာ…

ဒီပဲတွေများနေတော့

ဒီအတိုင်းပဲ နေသားကျတော့တယ်။

တကယ့်အောင်မြင်ချင်တဲ့သူ၊ ကိုယ်ကျင့်တရားကောင်းတဲ့သူ၊ အများအကျိုးအတွက် အခက်အခဲများကို မကြောက်တဲ့သူတွေကတော့ မိမိမြင်တာကို မြင်တဲ့အတိုင်း၊ မိမိယုံကြည်တာကို ယုံကြည် သည့်အတိုင်း ပြောရဲ၊ ကျင့်သုံးရဲကြပါတယ်။

အဲဒီလိုကျင့်သုံးလေ သူ့အတွက် ကိုယ်ပိုင်နေရာက ကျယ်ပြန့် လာလေပါပဲ။

သို့သော်…

မိမိကိုယ်ကို ယုံကြည်ဖို့ ကိုယ်ပိုင်အရည်အချင်းရှိဖို့ လိုပါတယ်။

စေတနာကောင်းရှိရတယ်။

စိတ်ကောင်းရှိရတယ်။

ကိုယ်ပိုင်အရည်အချင်း မရှိဘူးဆိုရင် မိမိကိုယ်ကို ယုံကြည်ဖို့ ဆိုတာ ဘယ်ဖြစ်နိုင်မှာတဲ့လဲ။

တစ်ချို့က ကိုယ်ပိုင်အရည်အချင်းမရှိပါဘဲ မိမိကိုယ်ကို အခြောက် တိုက် ယုံကြည်နေသူများရှိကြတယ်။ ထိုသူများတွေကို အများက မယုံကြည်ကြပါဘူး။

ထိုသူတွေသာ 'ကြီးမားတဲ့နေရာ' ရထားရင်တော့ နေရာအောက် မှာ နေရသူတွေအနေနဲ့ ကြီးပွားတိုးတက်ဖို့ အခွင့်အလမ်းကတော့ မလွယ်ကူပါဘူး။

တကယ်တော့…

နေရာရဲ့သဘောဆိုတာ လုပ်နိုင်ကိုင်နိုင်သူတို့ သက်ဆိုင်ရာတာဝန်ကို ဆောင်ရွက်နိုင်ဖို့ ပေးထားခြင်းပဲဖြစ်ပါတယ်။

အဓိကကျတာကတော့ နေရာရှင်တို့က တာဝန်ကို ဆောင်ရွက်လိုခြင်း မရှိပါဘဲ နေရာမှာ နေလိုရင်းသာ ပဓာနလို့ ခံယူထားပါက နေရာရဲ့ မူလရည်ရွယ်ချက် ပျောက်သွားတတ်ပါတယ်။

အလုပ်အတွက် နေရာမဟုတ်ဘဲ၊

နေရာအတွက် အလုပ်ဖြစ်သွားတတ်ကြတယ်။

မြင့်မြတ်တဲ့သူဆိုတာ အလုပ်လုပ်ဖို့ နေရာကို ယူတယ်။ နိမ့်ကျတဲ့သူတွေကတော့ နေရာရဖို့ အလုပ်ကို လုပ်တယ်။ ဒီသဘောတရားနှစ်ခုဟာ ကျယ်ပြန့်ပါတယ်။

ဆန့်ကျင်ဘက်ကို ဦးတည်၏။

ဒီနှစ်ခုဟာ အကောင်းအဆိုး၊ အဖြူအမည်း၊ အမှား အမှန်ဆိုတဲ့ သဘောထားနှစ်ခု ဖြစ်တယ်။

ဥပမာအားဖြင့်…

အဖွဲ့အစည်းတစ်ခုမှာ အလုပ်ကြောင့် နေရာရလာသူတွေများလာရင် အဲဒီ အဖွဲ့အစည်းဟာ ဖွံ့ဖြိုးတိုးတက်ပြီး နေရာအတွက် အလုပ်လုပ်သူတွေများလာရင် အဲဒီအဖွဲ့အစည်းဟာ ယုတ်ညံ့လွန်းပါတယ်။

ဘာကြောင့်လဲဆိုတော့ နေရာအတွက် အလုပ်လုပ်သူဟာ နေရာအဓိကသမားများ ဖြစ်နေလေတော့ နေရာလုလိုတဲ့၊ နေရာလိုချင်တဲ့ စိတ်သာရှိပါတယ်။

လူ့ပတ်ဝန်းကျင်မှာ နေရာလုသူတွေ များလာပါရင် အဲဒီအဖွဲ့အစည်း၊ တိုင်းနိုင်ငံဟာ နေပျော်ဖို့ မကောင်းတော့ပါဘူး၊ အခက်အခဲကလည်း သာမာန်ထက် ကြီးထွားလာပါတော့တယ်။



ဘာကြောင့်ပါလဲ?

သူတို့သည် အလုပ်လုပ်ဖို့ ရည်ရွယ်ချက်အစား နေရာရရေးဆိုတဲ့ ရည်ရွယ်ချက်ကသာ အစားထိုးဝင်ရောက်လာတဲ့အတွက် အဖွဲ့ရဲ့ ရည်မှန်းချက်ကလည်း မပြီးမြောက်တော့။

ဒါ့အပြင်…

တကယ် အလုပ်ကို လုပ်ကိုင်ချင်တဲ့ သူတွေမှာလည်း မတရားသဖြင့် နေရာလုချင်သူတွေက များလာတော့ လုပ်ရကိုင်ရတာ ခက်ခဲလာတယ်။

အမှောင်က အားကြီးနေမယ်ဆိုရင်…

သာမန်အလင်းဖြင့် တိုးမပေါက်တော့ပါဘူး။

ဒီကြားထဲ နေရာအဓိကသမားများက အလုပ်လုပ်ချင်သူတွေကို မိတ်ဆွေလို့ သဘောမထားဘဲ ပြိုင်ဘက်လို့ သဘောထားလာကအ အပြတ်ရှင်းကြပါတော့။

အနုနည်းလည်း ပါတယ်။

အကြမ်းနည်းလည်းပါတယ်။

အဲဒီလိုအခါမျိုးတွေမှာ အချင်းချင်း သံသယတွေ၊ မယုံကြည်မှုတွေ တိုးပွားလာကာ အလုပ်က ရှေ့ကိုမရောက်တော့။

သွားမယ်လို့ ပါးစပ်ကပြောနေပေမယ့်…

ခြေထောက်က တစ်လက်မှ မရွေ့။

အချင်းချင်း နောက်ကျောမလုံတော့။

ဒီတော့…

တူရာတူရာ ပူးပေါင်းလိုက်ကြတယ်။

လူရဲ့တန်ဖိုးကိုလည်း အလုပ်နဲ့ မတိုင်းတာ မသတ်မှတ်တော့ဘဲ မိမိအလိုဆန္ဒကို လိုက်၊ မလိုက်ကိုသာ ကြည့်ကြတော့တယ်။

အောက်ကလူတွေကလည်း မိမိဆန္ဒတွေ ပျောက်ကွယ်ကာ နေရာကြီးသူရဲ့ အခြေအနေကိုကြည့်ပြီး ခြေလက်ခေါင်းခါ လုပ်ကြတော့တယ်။

အဲဒီလိုအခါမျိုးမှာ အမှားကလည်း အမှန်ဖြစ်လာတယ်။

တကယ့် အမှန်တရားကလည်း ဆိတ်ကွယ်နေတယ်။

တကယ်ကမ်းအားဖြင့် နေရာဆိုတာ တန်ဖိုးရှိတယ်ဆိုတာ မှန်ပေမယ့် မိမိတန်ဖိုးကို နေရာနဲ့ တွဲမြင်ထားတာဟာ အန္တရာယ်များလှပါတယ်။

နေရာပျောက်တာနဲ့…

မိမိတန်ဖိုး ပျောက်သွားတယ်။

တချို့သော ပုဂ္ဂိုလ်ကြီးတွေ နေရာရထားစဉ်က သူတို့ကိုယ်သူတို့ အထင်ကြီး စိတ်ကြီးဝင်ကာ ဒီအတိုင်း တစ်သမတ်တည်းရှိတော့မယ် ထင်ကြတယ်။

သူ့ပတ်ဝန်းကျင်မှာရှိတဲ့ လူတွေကလည်း သူ့နေရာအရှိန်ကြောင့် သာပေါင်းညာစားလုပ်နေတာကို။ အမြဲ ဒီအတိုင်းရှိနေမယ်လို့ ထင်ကြ၏။

ထိုသူများ အဲဒီနေရာကနေ ခွင့်ကျလာတော့ ဘယ်လိုအခြေအနေရောက်သွားတာ သူတို့အသိပင်။

လူအများကို လိမ်လို့ရတယ်။

သမိုင်းကိုတော့ လိမ်လို့ မရပါဘူး။



တူဖြစ်စဉ်မှာ မိမိက အပေါ်စီးက ထုထားတာကို အမှတ်မရပေမယ့် ခံထားရတဲ့ 'ပေ'တွေကတော့ သံှင်းမှန်ကို ဖော်ထုတ်ပေးပါလိမ့်မယ်။

မိမိတို့ပတ်ဝန်းကျင်မှာ…

အဲဒီလိုမျိုးတွေ အများကြီးပါ။

ဒါဟာ…

နေရာနှင့် တန်ဖိုးကို တွဲမြင်လို့ပါ။

မိမိမှာ မည်သည့်တန်ဖိုးမျှ မရှိဘူးဆိုတာလည်း ပိုမိုပြီးတော့ ပေါ်လွင်သွားပါတယ်။

တချို့ကျတော့ မည်သည့်နေရာမှ မရှိ။

သို့သော်…

တန်ဖိုးတော့ ရှိကြတယ်။

လူအများက ချစ်ခင်ယုံကြည်ကြတယ်။

မိမိတန်ဖိုးကို နေရာအပေါ်မှာ မမှီခို၊ နေရာနဲ့ လွတ်လွတ်လပ်လပ်ရှိနေသူကာ နေရာမှ အဖယ်ခံရမှာ မကြောက်သလို၊ နေရာမရမှာကိုလည်း မစိုးရိမ်ကြပါဘူး။

ကိုယ်ပိုင်တန်ဖိုးရှိသူတွေအတွက်…

ကိုယ်ပိုင်နေရာရှိပါတယ်။

တစ်ချို့က နေရာရပြီး နေရာနဲ့တန်အောင် ကြိုးစားတဲ့အတွက် နေရာပိုရလာတတ်သလို၊ နေရာမရပေမယ့်လည်း အလုပ်လုပ်သူတို့မှာ တဖြည်းဖြည်း နေရာရလာတတ်ကြတယ်။

ဒါ့အပြင်…

တစ်ချို့က ရုပ်ပိုင်းနေရာအတွက်သာမက လူပေါင်းများစွာရဲ့ ရင်ထဲ၊ အသည်းထဲတွင်ပင် နေရာယူနိုင်စွမ်းရှိကြတယ်။

သူနှင့် မထိတွေ့၊ မဆက်ဆံဖူးသူတွေကို ဦးညွှတ်သွားစေနိုင်ကြတယ်။

ဥပမာအားဖြင့်…

ဗိုလ်ချုပ်အောင်ဆန်း။

နေရာအတွက် အလုပ်ကို မလုပ်ခဲ့။

ဒါပေမယ့်…

ဆင်သွားရင် လမ်းဖြစ်တယ်ဆိုသလိုပဲ သူသွားတဲ့အခါတိုင်း၊ သူလုပ်တဲ့ အလုပ်တိုင်းဟာ နေရာဖြစ်နေခဲ့တယ်။

တကယ်တော့ နေရာဆိုတာ…

မိမိကိုယ်တိုင်ကလည်း ဖန်တီးရတယ်။

သူတစ်ပါးကလည်း ဖန်တီးပေးတယ်။

သို့သော်…

မိမိကိုယ်တိုင် ဖန်တီးတယ်ဆိုတာ နေရာရဖို့တစ်ခုတည်းအတွက် လုပ်ကိုင်ခြင်းမဟုတ်ပါဘူး၊ အလုပ်လုပ်ဖို့အတွက် ဖန်တီးခြင်းသာဖြစ်ပါတယ်။

အဲဒီမှာ အခက်အခဲတွေ ရှိပါတယ်။

ဒါပေမယ့်…

စိတ်ဓာတ်သာ မြင့်မြတ်ပါစေ။

အခက်အခဲတွေကြားမှာ ကျွန်တော်တို့အတွက် တစ်နေရာတော့ ရှိပါတယ်။

"အခက်အခဲဆိုတာ
နေရာတိုင်းမှာရှိတယ်။
အခက်အခဲကို မကျော်လွှားနိုင်ရင်
အောင်မြင်မှုဆိုတာလည်း မရှိနိုင်ဘူး။
ဒီလို…
အခက်အခဲက ကြီးရင်တော့
အောင်မြင်မှုဟာလည်း ကြီးမားပါတယ်"

## အခက်အခဲနှင့် အရည်အသွေး

မဒေါနား (Madonna)။

သူ့ကို ကမ္ဘာကသိကြတယ်။ ဘာကြောင့်လဲဆိုတော့ သူက ကမ္ဘာကျော် ပေါ့အဆိုတော်တစ်ယောက်ဖြစ်နေလို့ပါပဲ။

မဒေါနားဟာ ၁၉၈၀ ပြည့်နှစ်က အကျော်ကြားဆုံးနံပါတ်(၁) ရွှေဓာတ်ပြား ခုနစ်ချပ် ရရှိခဲ့ပြီး၊ ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း ရွှေဓာတ်ပြား ငါးချပ်ရရှိသူ ပေါ့(ပ်)အမျိုးသမီး အဆိုတော်ဟာ သူ တစ်ဦးတည်းသာရှိ၏။

သူမရဲ့ ပထမဆုံးဓာတ်ပြားတစ်ချပ် ၁၉၈၃ ခုနှစ်က စတင် ထွက်ရှိခဲ့ရာ အချပ်ရေ ခြောက်သန်းကျော် ရောင်းချခဲ့ရတယ်။

ဒုတိယဓာတ်ပြား Like a virgin (အပျိုစစ်လိုပါပဲ)ဟာ ၁၄သန်းကျော် ရောင်းချခဲ့ရတယ်။ တတိယမြောက် ဓာတ်ပြားဖြစ်တဲ့ True Blue ဟာလည်း ကမ္ဘာကျော်ခဲ့တယ်။



စတုတ္ထဓာတ်ပြားဖြစ်တဲ့ Who's that girl (ဒီမိန်းကလေး ဘယ်သူလဲ) ဓာတ်ပြားကတော့ အချပ်ရေ သန်း ၂၀ အထိ ရောင်းချ ခဲ့ရပါတယ်။

ဒီနောက်…

သူရဲ့ ဓာတ်ပြားတွေက သူကို ပိုပြီးကျော်ကြားအောင်ဖြစ်စေ ခဲ့ပါတယ်။

ဒါ့အပြင် မဒေါနားဟာ ဂီတစင်မြင့်ထက်မှာသာမကဘဲ ရုပ်ရှင် နယ်ပယ်ရှိ အရာရှိ လှမ်းခဲ့ပြန်ပါတယ်။

ရုပ်ရှင်နယ်မှာလည်း သူဟာ ထင်ရှားခဲ့တယ်။

သူရဲ့ Body of Evidence နှင့် Dick Tracy ရုပ်ရှင်ဇာတ် ကားတွေဟာ ကျော်ကြားခဲ့ပြီး ကမ္ဘာ့ရုပ်ရှင်မှာရော၊ ကမ္ဘာ့ဂီတ လောကမှာပါ အောင်မြင်မှုတွေ ရရှိခဲ့တယ်။

နှစ်ပေါင်းများစွာ ကြာခဲ့ပြီ။

ယနေ့ ၂၁ ရာစုခေတ်မှာ လေဒီဂါဂါတို့၊ ရှာကီရာတို့တွေဟာ ထင်ရှားကျော်ကြားလာပေမယ့်လည်း မဒေါနားရဲ့ နာမည်က မကျသေး။

အောင်မြင်မှုကို ထိန်းထားနိုင်ဆဲ။

မဒေါနားကို ကမ္ဘာက သိတယ်။

သူ ဘာကြောင့် အောင်မြင်လာခဲ့တာလဲ?

ယနေ့ခေတ် မြန်မာပြည်က အဆိုတော်၊ သရုပ်ဆောင်တချို့ လိုငွေရှိလို့ အောင်မြင်မှုကို ငွေနဲ့ရှာဝယ်ခဲ့တာလား။

ဒါမှမဟုတ်…

မိဘတွေက ပိုက်ဆံချမ်းသာတော့ မိမိလိုချင်တဲ့ဘဝတစ်ခုကို မိဘတွေရဲ့ အထောက်အပံ့နဲ့ ဖန်တီးခဲ့တာလား?

အဲဒီမေးခွန်းတွေရဲ့ အဖြေထက် ပိုမိုပြီးတော့ စိတ်ဝင်စားစရာကောင်းတာက မဒေါ်နား ဘယ်ဘဝကနေ လာခဲ့တာလဲ?

× × ×

မဒေါ်နားကို မစ်ရှီဂန်ပြည်နယ် ဒက်ထရိုက်မြို့မှာ ၁၉၅၉ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် မွေးဖွားခဲ့တယ်။

သူ့အဖေက ကားပြင်တယ်။

သူတို့မိသားစု စားဝတ်နေရေးက သိပ်ပြီးတော့ အဆင်မပြေဘူး။ မဒေါ်နားက သမီးအကြီးဆုံး၊ သူ့အောက်မှာ အငယ် ငါးယောက်ရှိတယ်။

'ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ' ဆိုသလို မဒေါ်နားတို့ရဲ့ အဆင်မပြေတဲ့ ဘဝထဲကို ကံကြမ္မာဆိုးတစ်ခုက ရုတ်တရက် ဝင်ရောက်လာခဲ့တယ်။

အဲဒါကတော့…

သူ့အသက် ခြောက်နှစ်အရွယ်မှာ သူ့အမေဟာ ကင်ဆာရောဂါနဲ့ သူမတို့ကို ကျောခိုင်းသွားခဲ့တယ်။

အသက်ခြောက်နှစ်အရွယ်နဲ့ သူဟာ ကလေးတွေကို ထိန်းကျောင်းရတယ်။ သူဟာ ကလေးတစ်ယောက်အရွယ်မှာတောင် ကလေးတစ်ယောက်လို လွတ်လပ်မှု၊ ပျော်ရွှင်မှု ပေါ့ပါးမှုကို မရခဲ့ဘူး။



ပြဿနာဆိုတာ…

ဝင်လာခဲ့ရင် တစ်ယောက်တည်းမလာဘူး။ အပေါင်းအသင်းတွေပါ ခေါ်လာတတ်တယ်ဆိုတဲ့ သဘာဝအတိုင်း မဒေါ်နားတို့ဘဝထဲကို နောက်ထပ် ပြဿနာတွေ ပါဝင်လာခဲ့တယ်။

အဲဒါကတော့…

အမေနေရာကို အစားဝင်ရောက်လာတဲ့ မိထွေးပါပဲ။

မဒေါ်နားတို့ မောင်နှမတွေဟာ မိခင်ရဲ့ မေတ္တာကို ပြည့်ဝနွေးထွေးစွာ မခံစားခဲ့ရပေမယ့် မိထွေးရဲ့ ရက်စက်ရိုင်းစိုင်းမှုကိုတော့ အပြည့်အဝ ခံခဲ့ရပါတယ်။

ဒါနဲ့ပတ်သက်ပြီး သူက…

"တကယ်ပါပဲ၊ အမေသေတော့ ကျွန်မအသက် ခြောက်နှစ်ပဲရှိသေးတယ်၊ ကျွန်မတို့ဘဝ ဘယ်လိုအသက်ရှင်ရမယ်ဆိုတာတောင် မသိပါဘူး"

မိထွေးကလည်း နှိပ်စက်လိုက်တာ။ ဒါကြောင့်မို့လည်း ကျွန်မ မိထွေးရဲ့ အနှိမ်ခံဘဝကနေပြီး အများနဲ့ မတူချင်တဲ့ဆန္ဒ၊ မိထွေးအပေါ် ခံပြင်းတဲ့စိတ်တွေနဲ့ အမေသေသွားလို့ ဟာနေတဲ့ကွက်လပ်ကို ဖြည့်ချင်တဲ့ဆောတွေကြောင့် ရုန်းချင်ကန်ချင်၊ အားထုတ်ချင်ဟဲ့စိတ်ဟာ ကျွန်မဘဝကို ကျွန်မတောင့်တသလို လှျမ်းလှျမ်းတောက်စေဖို့ အားအင်တွေ ပေးခဲ့ပါတယ်"

ဒါ့အပြင် သူမက…

"အမေက ယောက်ျားလေးတွေနဲ့ အပြင်မထွက်ရဘူး၊ ဘုရားကို ရှိခိုးရမယ်၊ လိမ္မာပြီး မိန်းကလေးပီသရမယ်၊ ဒါတွေကို အမေက လူမမယ်ဘဝကတည်း ဆုံးမခဲ့ပေမယ့် ကျွန်မက မှတ်မိခဲ့တယ်။

ဒါကြောင့်…

ကျွန်မရဲ့ဘဝက အမေ့စကားကို နာယူပြီး မိန်းကလေးပီပီသသ နေလိုတဲ့ဘဝနဲ့ စေတနာမပါ ချုပ်ချယ်တင်းကျပ်တဲ့ မိထွေးရဲ့အမိန့်တွေကို တော်လှန်ဖီဆန်ပြီး ကျောင်းကပွဲတွေမှာ အချိန်တွေဖြုန်းပြီး မပျော်ဘဲနဲ့ အရွဲ့တိုက်ပြီး ပျော်ချင်ယောင်ဆောင်တဲ့ ကျွန်မဘဝမှာ နောက်တော့ ဂီတစင်ပေါ်မှာ တကယ်ပဲ ပျော်နိုင်ခဲ့တယ်"

လို့ ပြန်ပြောပြခဲ့တယ်။

မိသားစုမှာ အကြီးဆုံးသမီးဖြစ်တဲ့ မဒေါနားဟာ အိမ်မှာလည်း မိထွေးရဲ့ နှိပ်စက်မှုကို အများဆုံးခံရတဲ့သူ ဖြစ်ပါတယ်။

သူ့ဘဝက ဘယ်လိုမှ ပျော်စရာမကောင်းပါဘူး၊

သူ့အိမ်ဟာ သူ့အတွက် ငရဲခန်းဖြစ်ခဲ့တယ်။

ဒီထက်ကောင်းတဲ့ ဘဝတစ်ခုကို တည်ဆောက်ဖို့ ဒီကနေ ထွက်မှရမယ်လို့ သူ အချိန်တိုင်းတွေးနေခဲ့တယ်။

ဒီအတိုင်း အညွန့်တုံးမယ့် ဘဝထက်စာရင် အန္တရာယ်ကြားမှာ ရှင်သန်ရင် ပိုပြီးတော့ ရှင်သန်နိုင်မယ်လို့ ထင်ခဲ့တယ်။

ဒီလိုနဲ့…

၁၉၇၈ ခုနှစ်မှာ သူမ အိမ်ကနေထွက်ပြီး နယူးယောက်ကို ထွက်လာခဲ့တယ်။

ကျောင်းစာက တစ်ပိုင်းတစ်စ။

ငွေက ၃၅ ဒေါ်လာ။

အပေါင်းအသင်း မိတ်ဆွေတစ်ယောက်မှ မရှိဘဲ မိန်းကလေးတစ်ယောက်တည်း နယူးယောက်မြို့ကို ထွက်လာခဲ့တော့ လမ်းမှာ သူ့အမေကို သတိရတယ်။



"အမေရေ… မိထွေးနှိပ်စက်မှုကို မခံနိုင်လို့ သမီးတော့ ထွက်လာခဲ့ပြီ၊ သမီးမှာ အမေ့စိတ်ဓာတ်တွေ ကိန်းအောင်းကျန်ရစ်နေပါတယ်။ ဒီစိတ်ဓာတ်တွေဟာ သမီးကို တစ်နည်းတစ်ဖုံ ကယ်တင်နိုင်လိမ့်မယ်လို့ သမီးယုံကြည်ပါတယ်"

မဒေါနားတစ်ယောက် နယူးယောက်ကိုရောက်တော့ စားဝတ်နေရေးအတွက် ရရာအလုပ်ကို လုပ်တယ်။

ဒီလိုနဲ့…

ယိမ်းအဖွဲ့တစ်ဖွဲ့တွင် နေ့ဘက်လုပ်ရတယ်။

သို့သော်…

ဝင်ငွေက လုံးဝ မလုံလောက်။

ဒါကြောင့် ညဘက်မှာ စားသောက်ဆိုင်တစ်ဆိုင်မှာ တံမြက်လှည်း ပန်းကန်ဆေး ဝင်လုပ်ရတယ်။

ညခင်းဘက် ပန်းကန်တွေဆေးရလွန်းတော့ နေ့ခင်း ယိမ်းအဖွဲ့တွင် လက်ပင်မမြှောက်ချင်လောက်အောင် ဖြစ်ရတယ်။

သူ့ရဲ့နေရာကလည်း မွန်းကျပ်တဲ့ အခန်းငယ်လေးမျှပါပဲ။ အဲဒီအခန်းလေးထဲ ကွပ်ပျစ်ပုံစံ စင်မြင့်လေးအပေါ်မှာ ကျပ်ကျပ်တည်းတည်း အိပ်ရတယ်။

အလုပ်က ပင်ပန်းပြီး နေရတာက အဆင်မပြေတဲ့အပြင် စားရတော့လည်း ဖြစ်သလိုပါပဲ။

တစ်နေ့။

သူမ ဗိုက်အရမ်းဆာနေတယ်။

ဝယ်စားဖို့ ပိုက်ဆံကမရှိလို့ အခန်းထဲမှာနေရင်း စိတ်ညစ်နေပြီး ကြံရာမရတာနဲ့ သူ့အခန်းရှေ့ အမှိုက်ထုပ်ထဲမှာ စားစရာပါလို ပါငြား ရှာဖွေခဲ့တယ်။

ကံကောင်းချင်တော့ အမှိုက်ထုပ်တစ်ခုအတွင်းမှာ စာကြွင်း စားကျန်နဲ့အတူ သူတစ်ပါးစားပြီးသား အာလူးကြော်အကျန်လေးတွေ တွေ့တာနဲ့ စားသောက်ခဲ့ရ၏။

ဒီအဖြစ်အပျက်က သူဘဝမှာ လုံးဝ မေ့လို့မရတဲ့ အဖြစ်အပျက်။

ဒီလိုဘဝမျိုးကနေ သူဟာ အမြန်ဆုံးလွတ်မြောက်ချင်ခဲ့တယ်။

ဒီလိုနဲ့…

ယခင်းသံမဘဝမှာ သူဟာ အများနဲ့ စုပေါင်းသီဆို ကခုန်ရ ပေမယ့်လည်း အကောင်းဆုံး ပါဝင်သီဆိုခဲ့တယ်။

အဆိုအကမှာ သူတစ်ပါးထက် ပိုမိုကောင်းတယ်လို့လည်း မဒေါနားက ယုံကြည်ထားတယ်။

ဒါကြောင့်…

ဂီတဟာ သူမအနှစ်သက်ဆုံး အနုပညာတစ်ခုဖြစ်သည့်အတွက် ဂီတနယ်ထဲကိုဝင်ဖို့ ဆုံးဖြတ်လိုက်တယ်။

ဂီတာ အတီးသင်တယ်။

ဂီတနှင့်ပတ်သက်သမျှကို လေ့လာတယ်။

အချိန်ရရင် သီချင်းတွေရေးကာ စပ်ဆိုတယ်။

အဲဒီအချိန်က ခေတ်စားနေသော ရော့(ခ)အင်ရိုး တေးဂီတကို သူမနှစ်သက်။ သူက အများနဲ့မတူ မူကွဲတဲ့ ဂီတသံစဉ်သစ် တစ်ရပ်ကို ရှာဖွေတယ်။ လေ့လာတယ်။



ဒီလိုနဲ့…

အများနှင့်မတူ တစ်မူထူးခြားတဲ့ သံစဉ်သီချင်းတွေကို ကိုယ်တိုင်သီဆို အသံသွင်းရင်း The Breakfast Club နံနက်စာ ကလပ်အဖွဲ့မှာ ဒရမ်တီးခတ်သူအဖြစ် ပါဝင်ဖျော်ဖြေခဲ့တယ်။

ဒီအချိန်မှာ သူ စဉ်းစားမိတာက သူများနောက်က လိုက်နေတာနဲ့စာရင် သူများကို ဦးဆောင်တဲ့ ခေါင်းဆောင်ဖြစ်ချင်စိတ်ပါပဲ။

နောက်မှာနေချင်စိတ်ရှိရင်တော့…

ဘယ်တော့မှ ရှေ့ကို မရောက်ပါဘူး။

ဒါနဲ့…

သူဟာ အဲဒီအဖွဲ့မှ ခွဲထွက်ပြီး မိမိကိုယ်တိုင် ဦးဆောင်တဲ့ အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းကာ ဖျော်ဖြေပွဲတွေကို ကြိုးစားပမ်းစား ဖျော်ဖြေခဲ့တယ်။

၁၉၈၃ ခုနှစ်မှာ မဒေါနားဆိုတဲ့ ခွေကို စထုတ်တယ်။

သူကို လူတွေက သိပ်မသိခဲ့။

သူကို လူတွေ ပိုပြီးတော့သိအောင် သူမကိုယ်တိုင်ပင် ကြိုးပမ်းခဲ့ရတယ်။

အဆိုပိုင်းတွင်မက အကပိုင်းတွင်ပါ ထူးခြားအောင် တင်ဆက်ခဲ့တယ်။ ဒီလိုနဲ့ ပရိသတ်များထဲမှာ စတင်ပြီးတော့ စွဲထင်လာခဲ့တယ်။

ဒုတိယခေတ်ပြားထုတ်ပြီးတဲ့အချိန်မှာတော့ ပရိသတ်က ပိုမိုသိလာပါတယ်။ သူကလည်း ပရိသတ်တောင်းဆိုတဲ့ နေရာမှန်သမျှ အစွမ်းကုန် အပင်ပန်းခံကာ ကြိုးစားပြီး ဖျော်ဖြေခဲ့တယ်။

တဖြည်းဖြည်း…

သူရဲ့ပွဲတွေဆို ပရိသတ်က တရုန်းရုန်း။

သူဟာလည်း ကမ္ဘာပေါ်က လူတွေကြားမှာ တသသ။

ဒီကနေ့…

မဲဒေါ်နားဆိုတာ ဖြစ်တည်လာခဲ့တယ်။

× × ×

တစ်ခါတလေကျရင် ကျွန်တော်တို့ဟာ အောင်မြင်တဲ့လူတွေရဲ့ ပစ္စုပ္ပန်အခြေအနေကိုကြည့်ပြီး သူတို့ဘဝကို အဆင်ပြေလှပြီလို့ ထင်တတ်ကြတယ်။

သူတို့ ဒီလိုအနေအထားရောက်အောင် ဘယ်လိုဖြတ်သန်းခဲ့ရသလဲဆိုတာ မေ့နေကြတယ်။

တကယ်တမ်း သူတို့ရဲ့နောက်ကြောင်းဘဝတွေကို ပြန်ပြီးတော့ လှေလာကြည့်တဲ့အခါမှာ ကျွန်တော်တို့ရဲ့ ဘဝတွေထက်တောင် ပိုပြီးတော့ ကြမ်းရှနေခဲ့တာကို သွားတွေ့ရတယ်။

ဥပမာအားဖြင့်…

မဲဒေါ်နားလိုပေါ့။

သို့သော်…

သူတို့နဲ့ ကျွန်တော်တို့ကြားမှာ အဓိက ကွာခြားသွားတာကတော့ သူတို့ဟာ ဘဝဒဏ်ကို အကောင်းဆုံး ကုစားသွားကြတာပဲ ဖြစ်ပါတယ်။



လူဟာ…

ဘဝအတွေ့အကြုံတစ်ခုမှာ တစ်စုံတစ်ဦးအပေါ် စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်းကို ဖြစ်စေတာဟာကို ဘဝဒဏ်လို့ သတ်မှတ်ပါတယ်။

လူတိုင်းဟာ ဘဝရဲ့ဒဏ်ကို ခံစားကြဖူးပါတယ်။

တချို့က ဘဝဒဏ်ကို ခဏတဖြုတ်သာ ခံစားရပြီး၊ တချို့ကတော့ ဘဝဒဏ်ကို ကြီးမားစွာ ခံစားရကြပါတယ်။ ကြာရှည်စွာ ခံစားကြရပါတယ်။

ဘဝဒဏ်ချက် ပြင်းထန်ရင် ဝ..ို့တွေဟာ နာလန်တောင် မထူနိုင်တော့ဘဲ ဘဝကို မအောင်မြင်စွာနဲ့ဘဲ နိဂုံးချုပ်သွားကြပါတယ်။

တချို့ကတော့ ဘဝဒဏ်ချက်တွေကို အောင်မြင်မှုနဲ့ အစားထိုးလေ့ရှိပါတယ်။ အဲဒီလိုလူမျိုးတွေကတော့ ဘဝဒဏ်ကို အကောင်းဆုံး ကုထုံးနဲ့ အစားထိုးလိုက်တာပါ။

ဒီလိုမဟုတ်ပါဘဲ…

မိမိရည်မှန်းထားတဲ့ ဘဝစီမံကိန်းတွေ၊ စိတ်ကူးအကြံအစည်များ၊ ဘဝမျှော်လင့်ချက်များ၊ ဂုဏ်သိက္ခာတွေ ပျက်စီးဆုံးရှုံးသည်အထိ အနှောင့်အယှက်တွေ ပေါ်ပေါက်လာခဲ့ရင် အဲဒီလူတွေအဖို့ ပြင်းထန်တဲ့ ဘဝဒဏ်ကို ခံစားကြရပါလိမ့်မယ်။

အဲဒီလိုအနေအထားမျိုး ရောက်နေခဲ့မယ်ဆိုရင် လူဟာ ရွေးချယ်စရာ လမ်းနှစ်သွယ်ရှိပါတယ်။ အဲဒါတွေကတော့…

(၁) လက်လျှော့လိုက်မှာလား?

(၂) ဆက်လက်ကြိုးစားဦးမှာလား?

လက်လျှော့တယ်ဆိုတာဟာ တကယ်တမ်းကျတော့ ခွဲမရှိခြင်းကြောင့် ဖြစ်တာပါ။ ခွဲမရှိတော့ ဘဝဒဏ်ကို မခံနိုင်၊ ကြိုးစားလည်း ဒီလိုပဲ ဖြစ်မှာပဲဆိုတဲ့စိတ် ဝင်သွားပါတယ်။

ဒီတော့…

ဆက်လက်ကြိုးစားခြင်းဖြင့်သာ ဘဝဒဏ်ရဲ့ ခက်ခဲမှုတွေကို ကျော်လွှားနိုင်မှာဖြစ်ပါတယ်။

ဘဝရဲ့ ဒဏ်ချက်ကို ကုစားနိုင်လေလေ၊

စိတ်ဓာတ်ဟာလည်း ရင့်ကျက်လာလေပါပဲ။

စိတ်ဓာတ်ရင့်ကျက်တဲ့သူဟာ ပြဿနာတွေ ကြုံလာပါကလည်း ကြုံလာတဲ့ပြဿနာကို ရဲဝံ့စွာ ဆုံးဖြတ်ချက်ချပြီး မိမိချမှတ်ထားတဲ့ ဆုံးဖြတ်ချက်အတိုင်း လိုက်နာနိုင်ပါတယ်။

သို့သော်…

ဆုံးဖြတ်ချက်တစ်ခုကို ချတော့မယ်ဆိုတဲ့အခါ မစဉ်းစား၊ မဆင်ခြင်ဘဲ ဘယ်သောအခါမှ ဆုံးဖြတ်ချက် မချပါနဲ့။

အဆင်အခြင်မဲ့တဲ့ ဆုံးဖြတ်ချက်ဟာ…

လမ်းမှားကိုပဲ ရောက်စေပါတယ်။

ဒါပေမယ့်…

စဉ်းစားဆင်ခြင်တဲ့အခါမှာလည်း ကာလကြာမြင့်စွာ အချိန်ကို မဆွဲမထားပါနဲ့။ တချို့ပြဿနာတွေဟာ အချိန်ဆွဲထားတဲ့အတွက် ပင်ပန်းငြီးငွေ့မှုနဲ့ စိုးရိမ်သောကတို့ ဝင်ရောက်ကာ ဆုံးဖြတ်ချက်ချရေးကို ပိုမိုနှောင့်နှေးစေပါတယ်။



မဒေါနားဟာ အိမ်ကထွက်ဖို့ ဆုံးဖြတ်ချက်ကို အနိုင်အမာချခဲ့သလို ဂီတလမ်းပေါ် လျှောက်လှမ်းဖို့လည်း အတိအကျ သတ်မှတ်ခဲ့တယ်။

ဒါဟာ…

မိမိဆုံးဖြတ်ချက်ကို မိမိကိုယ်တိုင် တာဝန်ယူခြင်း၊ ဆုံးဖြတ်ထားတဲ့အတိုင်း ရဲဝံ့စွာလုပ်ဆောင်နိုင်ခြင်းပင် ဖြစ်ပါတယ်။

အဲဒီမှာလည်း အခက်အခဲရှိပါတယ်။

လူဟာ အောင်မြင်မှုရဖို့ ကြိုးပမ်းတဲ့အခါမှာတောင် မအောင်မြင်မှာကို စိုးရိမ်တတ်ကြတယ်။

ဒီလိုပါပဲ …

ထင်ပေါ်ကျော်ကြားဖို့ ကြိုးပမ်းတဲ့အခါမှာလည်း လူအများက မိမိကို ဂရုမစိုက်မှာ စိုးရိမ်တတ်ကြတယ်။

ဒါဟာ…

အလုပ်ရဲ့ ဖိအားကြောင့်လည်း ဖြစ်တယ်။

အကြောင်းထက် အကျိုးကို ပိုမိုပြီးတော့ မျှော်လင့်ခြင်းကြောင့်လည်း ဖြစ်တယ်။

အလုပ်၏ ဖိအားကာ ဝေးစေဖို့ဆိုရင် အလုပ်ကို အချိန်ဆွဲပြီးတော့ မလုပ်ပါနဲ့။

အောင်မြင်အောင် ကြိုးပမ်းစဉ်ကာလမှာ အောင်မြင်နိုင်မယ့် နည်းလမ်းနဲ့ အောင်မြင်စေတဲ့ လုပ်ရပ်ကိုသာ လုပ်ပါ၊ တွေးပါ။ မအောင်မြင်ရင်ဆိုတဲ့စိတ်ကို မထားပါနဲ့။

အကယ်၍…

မအောင်မြင်ခဲ့ရင်လည်း ဘာကြောင့်ဆိုတာကို အဖြေရှာပြီး ကြိုးစားပါ။

စိတ်လှုပ်ရှားမှု နည်းနိုင်သမျှ နည်းပါစေ။

အောင်မြင်မှုကိုလည်း တည်ငြိမ်စွာ ဖြတ်သန်းပါ။

အဆင်မပြေတာကိုလည်း ထိန်းချုပ်ထားပါ။

ပျာယာခတ်မနေပါနဲ့။

ကြာရင် လူကို ဝန်ပိစေပါတယ်။

ဘာကြောင့်လဲဆိုတော့ စိတ်ပျက် အားငယ်တတ်သူတွေ၊ လက်လျှော့အရှုံးပေးတတ်သူတွေ၊ အဆိုးမြင်ဝါဒရှိသူတွေဟာ ပြဿနာတစ်စုံတစ်ခုနဲ့ တွေ့တဲ့အခါ (စိတ်ပဲဖြစ်ဖြစ်၊ ကိုယ်ပဲဖြစ်ဖြစ်) ကြာရှည်စွာ ခံစားရလို့ပါပဲ။

ဒီလိုမဟုတ်ဘဲ…

ပျော်ပျော်နေတတ်သူတွေ၊ အကောင်းမြင်ဝါဒရှိသူတွေ၊ ဇွဲသတ္တိပြည့်စုံသူတွေမှာကျတော့ တော်ရုံတန်ရုံ ဝေဒနာတို့ဟာ လျင်မြန်စွာ ပျောက်ကင်းတတ်ကြတယ်။

လဲကျလည်း ခဏပဲ။

ပြန်ပြီးတော့ ထနိုင်တယ်။

အောင်မြင်တဲ့လူဆိုတာ…

လဲကျမှုဆိုတာ တကယ်တမ်းအားဖြင့်တော့ အခက်အခဲ အကျပ်အတည်းတွေပဲ ဖြစ်ပါတယ်။



ဒါပေမယ့်…

အခက်အခဲတွေဟာ တစ်ခါတလေကျရင် မိမိရဲ့ စွမ်းဆောင်ရည်ကို ပိုမိုပြီးတော့ တက်လာအောင်၊ အရာရာကို သတိထားတတ်လာအောင်၊ မည်သူ့ကိုမဆို ဂရုမစိုက်မိအောင်၊ မည်သည့်လုပ်ငန်းကိုမဆို လေးလေးစားစား လုပ်ဖြစ်အောင် ထပ်ကွန့်လိုက်တာပါပဲ။

အခက်အခဲတွေများတော့…

အရည်အသွေးတွေဟာလည်း ပိုထွက်လာပါတယ်။

ဒါပေမယ့်…

ဘယ်လိုအခက်အခဲမဆို၊

ကြိုးစားမှုမရှိရင်တော့ ထပ်ပြီးတော့ ကြုံနေရဦးမှာပါပဲ။

ဒါကြောင့်…

အခက်အခဲတွေကို ကြိုးစားပြီး ဖြေရှင်းပါ။

"အချိန်ဒေသကာလက ရုန်းမထွက်နိုင်ရင်
အချိန်ရဲ့ ချုပ်ချယ်မှုတော့ ခံရမှာပဲ။
နေရောင်ကို လိုချင်ရင်တော့
အချိန်ထဲမှာ စောင့်နေလို့ မရဘူး။
ကိုယ်တိုင်
နေရောင်ထဲကို ထွက်လှမ်းရမယ်"

## ကိုယ့်အား ကိုယ်ကိုး

တစ်ခါက ဗာရာဏသီပြည်ရဲ့အနားမှာ ရွာတစ်ရွာရှိပါတယ်။ အဲဒီရွာမှာရှိတဲ့ "ပဏ္ဍိတ" ဆိုတဲ့ လူငယ်တစ်ယောက်ဟာ အတတ်ပညာတွေ သင်ကြားပြီး သူက မင်းမှုထမ်းလုပ်ချင်ပါတယ်။

ဘာကြောင့်လဲဆိုတော့ သူက လေးအတတ်ကို အထူးကျွမ်းကျင်တာမို့ မင်းမှုထမ်းရင် အဆင်ပြေနိုင်တယ်ဆိုတာကို သိတယ်။

ဒါပေမယ့်...

သူဟာ အရပ်ပုပြီး ခါးပါကုန်းနေတော့ သူ့ပုံစံကိုကြည့်ပြီး မင်းက လက်မခံမှာစိုးရိမ်တာနဲ့ သွားမလျှောက်ပါဘူး။

ဒီလိုနဲ့...

တစ်နေ့ကျတော့ သူဟာ "ဘီမသေန" ဆိုတဲ့ သူငယ်ချင်းတစ်ယောက်နဲ့ မိတ်ဆွေဖြစ်ခဲ့တယ်။ ဘီမသေနက အရပ်အမောင်းကလည်း ကောင်းသလို ဥပမိရုပ်ကလည်း ခံ့တဲ့သူပါ။

ဒါပေမဲ့...

သူက ရက်ကန်းခတ်တဲ့အလုပ်ကို လုပ်တဲ့သူဖြစ်တော့ စီးပွားရေးအရ အခြေအနေမကောင်းပါဘူး။

ဒါနဲ့…

ပဏ္ဍိတက ဘီမသေနရဲ့ ဥပဓိရုပ်နဲ့ သူ့ရဲ့အတတ်ပညာပေါင်းစပ်ပြီး တုရင့်ထံမှာ အမှုထမ်းဖို့ သွားလျှောက်ရင် အဆင်ပြေနိုင်တယ်ဆိုတာကို တွေးမိပြီး ဘီမသေနကို…

"သင်က ရှင်ဘုရင်ထံကိုသွားပြီး လေးအတတ် ကျွမ်းကျင်ကြောင်း လျှောက်၊ ဘုရင်ခိုင်းတဲ့ကိစ္စတွေကို ကျုပ်က ဆောင်ရွက်မယ်၊ ရလာတဲ့ အကျိုးအမြတ်ကတော့ အတူတူပေါ့။ ဒါဆိုရင် ကျုပ်တို့နှစ်ယောက်စလုံး ချမ်းသာနိုင်တယ်"

"ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်ဗျာ"

ဒါနဲ့ သူတို့နှစ်ယောက်ဟာ ရှင်ဘုရင်ထံကိုသွားပြီး မင်းမှုထမ်းဖို့လျှောက်တော့ အလုပ်ရသွားတယ်။ ရှင်ဘုရင်က ပဏ္ဍိတကိုကြည့်ပြီး…

"နောက်ကလူက ဘာလဲ"

"ကျွန်တော်မျိုးရဲ့ တပည့်ပါ"

ဒီလိုနဲ့…

သူတို့နှစ်ယောက် အလုပ်တွေကို လုပ်ကြတယ်။

အထက်က ညွှန်ကြားချက်တွေကို ဘီမသေနက ပဏ္ဍိတကို ပြောပြ၊ ပဏ္ဍိတကဆောင်ရွက်၊ ရလာတဲ့ ငွေကြေးတွေကို ခွဲဝေယူကြတယ်။

ဒီလိုနဲ့…



တစ်နေ့ကျတော့ တောအုပ်တစ်ခုမှာ ကျားကြီးတစ်ကောင်က လူတွေကို သတ်စားနေတဲ့အတွက် ကျားဆိုးရန်ကို ဖြေရှင်းပေးဖို့ ရှင်ဘုရင်ကို အကူအညီတောင်းတယ်။

အဲဒီဒေသက ကျားဆိုးကိုသတ်ဖို့ …

ရှင်ဘုရင်ကလည်း ဘီမသေနကို တာဝန်ပေးတယ်။

ဘီမသေန ကြောက်လန့်သွားတယ်။

ဟုတ်တယ်လေ။

ကြုံလာသမျှကိစ္စတွေကို ပဏ္ဍိတက ဖြေရှင်းပေးနေတော့ သူမပါဘဲ အရပ်တစ်ပါးသွားပြီး ကျားကိုသတ်ဖို့ သူ့မှာက ဘာအရည်အချင်းမှ မရှိတာကိုး။

ဒါနဲ့…

ဘီမသေနကို သင်ပေးလိုက်တယ်။

သင်တစ်ယောက်တည်း တောအုပ်ထဲကို မသွားပါနဲ့၊ အရင်ဆုံး အဲဒီအရပ်ဒေသကိုသွားပြီး အဲဒီပတ်ဝန်းကျင်က လေးသမားတစ်ထောင်နှစ်ထောင်ခေါ်ပြီး တောထဲကိုသွားပါ။

ကျားနဲ့ ရင်ဆိုင်ရပြီဆိုတာနဲ့ သင်က ချုံပုတ်တစ်ခုထဲကို ဝင်ပုန်းနေပါ။ လေးသမားတွေက ကျားကိုသတ်နေတဲ့အချိန်ရောက်မှ သင်က နွယ်တစ်ချောင်းကို သွားနဲ့ကိုက်ယူပြီး ကျားသေအနီးသို့ သွားကာ…

"ဘယ်သူက ကျားကိုသတ်တာလဲ၊ ဒီကျားကို ကြိုးနဲ့ အရှင်တုပ်ပြီးဖမ်းဖို့ ကျုပ်က လုပ်ထားတာ"

အဲဒီအခါကျရင် လေးသမားတွေက မင်းပြစ်မင်းဒဏ်သင့်မှာ ကြောက်လေတော့…

"အရှင်ဘီမသေန၊ မင်းကြီးကို ဒီအကြောင်း ပြန်မပြောပါနဲ့၊ ဥစ္စာပစ္စည်းတွေ ပေးပါမယ်"

ဟု ဆိုကြလိမ့်မယ်။

"အဲဒီအခါကျမှ သင်က ကျားကိုဖမ်းခဲ့သယောင် မင်းကြီးထံ လျှောက်တင်မယ်ဆိုရင် သင့်ကို မင်းကြီးက ဆုငွေတွေပေးလိမ့်မယ်"

ဆိုပြီး မှာကြားလိုက်တယ်။

ကျားရှိတဲ့ဒေသရောက်တော့ ဘီမသေနဟာ ပဏ္ဍိတပြောသည့် အတိုင်း လုပ်ရာ အစစအရာရာ အဆင်ပြေသွားတယ်။

သူ့နာမည်ဟာလည်း ကျော်ကြားသွားတယ်။

ချီးကျူးသံတွေက များပြားလာတော့ ဘီမသေနဟာ ဒီအောင်မြင်မှုဟာ သူငယ်ချင်းဖြစ်တဲ့ ပဏ္ဍိတရဲ့ အစွမ်းကြောင့်ဆိုတာထက် မိမိကြောင့်ရယ်လို့ ဝိုပြီးတော့ ထင်လိုက်တယ်။

ဒီလိုနဲ့…

နောက်တစ်ခါကျတော့ အခြားအရပ်ဒေသတစ်ခုမှာ ကျွဲဆိုးတစ်ကောင်က သောင်းကျန်းနေ့ ကြုံရတယ်။

ဘုရင်က ဘီမသေနကို တာဝန်ပေးပြန်ပါတယ်။

ဘီမသေနလည်း သူငယ်ချင်းဖြစ်သူ သင်ပေးထားတဲ့ ကျားဖမ်းနည်းကို သုံးတယ်။

ထပ်ပြီးတော့ အဆင်ပြေတယ်။

သူ့ရဲ့ကျော်ကြားမှုတွေဟာလည်း ပိုမိုကျယ်ပြန့်လာတယ်။

တစ်ခါတလေကျရင် ကျော်ကြားမှုတွေ ကြီးထွားလာရင် လူဟာ ဘယ်သူ့ကြောင့် ကျော်ကြားတာလဲဆိုတာကို မေ့သွားတတ်ပါတယ်။



အခုလည်းကြည့်။

ဘီမသေနတစ်ယောက် သူ့ကိုယ်သူ အထင်ကြီးပြီး သူငယ်ချင်းဖြစ်တဲ့သူကိုတောင်…

"သင့်ကြောင့် အောင်မြင်တာမဟုတ်ပါဘူး"

ဆိုတဲ့ စကားကို ပြောလာခဲ့တယ်။

နေရာလေးကရလာတော့ မိမိမှာ မရှိတဲ့ အရည်အချင်းကို မိမိမှာပဲ တကယ်ရှိသယောင် လုပ်လာခဲ့တယ်။

ဒါပေမယ့်…

အတုအယောင်တွေရဲ့ သဘာဝဟာ ရေရှည်မှာ အစမ်းသပ်မခံနိုင်ပါဘူး။ တစ်နေ့နေ့ ထင်ရှားသွားတတ်ပါတယ်။

ဒီလိုနဲ့…

တစ်နေ့ကျတော့ သူ့တို့နိုင်ငံကို ရန်သူတွေက လာပြီးတော့ ဝိုင်းထားပါတယ်။ ရန်သူတွေက ဗာရာဏသီမင်းကို…

"စစ်တိုက်မလား၊ တိုင်းပြည်အပ်မလား"

ဒီလို အရေးကြီးတဲ့ကာလမှာ ဗာရာဏသီမင်းဟာ ဘီမသေနကို အထူးအားကိုးမိတယ်။ ဒါနဲ့ တမန်တော်တွေကို…

"စစ်တိုက်မယ်"

လို့ အကြောင်းပြန်ခိုင်းလိုက်တယ်။

စစ်ပွဲကို ဦးဆောင်ပြီးတိုက်ခိုက်ဖို့ ဘီမသေနကိုပဲ တာဝန်ပေးလိုက်တယ်။

အခြေအနေက အလွန်အရေးကြီးတဲ့ ကာလတစ်ခုရောက် သွားတယ်။ ဒီအချိန်ရောက်မှ ကြောက်ပါတယ်လို့ပြောရင် သိက္ခာကျရုံတင်မက 'ရာဇဝတ်' ရှုတာပါ ခံသွားရမယ်။

ဒီလိုနဲ့…

စစ်တိုက်မယ့်နေ့ရောက်တော့ ဘီမသေနက အကြောက်လွန်နေသူငယ်ချင်းဖြစ်သူကို ခေါ်ခဲ့ရပါလေရော။

ပဏ္ဍိတကလည်း ဘီမသေနနောက်နားကနေပြီး လိုက်ခဲ့ပါတယ်။ စစ်သည်ဗိုလ်ပါတွေက သူတို့နောက်မှာ များစွာလိုက်ပါကြတယ်။

မြို့တံခါးကနေ စစ်မြေပြင်အထွက်ရောက်တော့ ရန်သူရဲ့စစ်စည်တီးသံကို ကြားရတဲ့အခါ ဘီမသေနတစ်ယောက် ထိတ်လန့်တုန်လှုပ်ပြီး ဆောက်တည်ရာမရတော့ပါဘူး။

ပင်ကိုအရည်အချင်းမရှိသူအတွက်…

အခက်အခဲကို ကြုံလာလေ၊

ကျရှုံးဖို့ နီးစပ်လာလေပါပဲ။

အခုလည်း…

ဘီမသေနတစ်ယောက် ပင်ကို ကိုယ်ပိုင်အရည်အချင်းမရှိတော့ကြုံလာတဲ့ ပြဿနာကို သူစိုးရိမ်နေတယ်။

အသားတွေ တဆတ်ဆတ်တုန်ကာ ဆင်ပေါ်မှတောင် ပြုတ်ကျသွားနိုင်တယ်။

ဒါကိုသိတဲ့ ပဏ္ဍိတဟာ ဆင်ပေါ်မှ ပြုတ်ကျမသွားရအောင် ဘီမသေနကို ကြိုးနဲ့ တုပ်ထားရတယ်။



ဘီမသေနဟာ စစ်တိုက်ရမယ့်အရပ်ကို မြင်ရရုံနဲ့ ကြောက်လန့်ပြီး ကျင်ကြီးကျင်ငယ်များတယ် ယိုကျလာခဲ့တယ်။

အခြေအနေက ဘယ်လိုမှ မလှပ။

ဘီမသေနရဲ့ အနေအထားကို တစ်ဘက် ရန်သူစစ်သားတွေမြင်သွားခဲ့ရင် စိတ်အားတက်ပြီး မိမိဘက်က စစ်သည်တွေ စိတ်ဓာတ်ကျဆင်းသွားနိုင်ပါတယ်။

ဒီအခြေအနေကြည့်ပြီး ပဏ္ဍိတက…

"ကြောက်မနေပါနဲ့၊ ငါရှိပါတယ်"

လို့ ပြောပါတယ်။

သို့သော်…

ဘီမသေနဟာ ဘယ်လောက်ပဲ နှစ်သိမ့်ပါစေ ကြောက်လန့်မှုကတော့ မလျော့သွားတဲ့အတွက် ပဏ္ဍိတလည်း ဆင်ပေါ်မှ ဆင်းခိုင်းပြီး အိမ်ကိုပြန်ခိုင်းလိုက်ပါတယ်။

စစ်ဦးစီးနေရာကို သူက တာဝန်ယူလို့ တစ်ဘက်ရန်သူကို အရှင်ဖမ်းကာ ဗာရာဏသီမင်းကို အပ်နှံလိုက်တယ်။

ရှင်ဘုရင်နဲ့ စစ်သည်တွေကလည်း အခြေအနေမှန်ကို သုံးသပ်မိကာ သူရဲကောင်းအဖြစ် ပဏ္ဍိတကို သတ်မှတ်လိုက်တယ်။

ဘီမသေနကိုတော့ ရိက္ခာအနည်းငယ်ပေးပြီး သူ့ဇာတိကို ပြန်လွှတ်လိုက်ပါတယ်။

ပဏ္ဍိတလည်း စစ်ဦးစီးချုပ်အဖြစ် တာဝန်ထမ်းဆောင်လိုက်တာပေါ့။

× × ×

တစ်ခါတစ်ရံ ကျွန်တော်တို့ရဲ့ ပတ်ဝန်းကျင်မှာ ကိုယ်ပိုင်အရည်အချင်း မရှိပေမယ့်လည်း…

ထိပ်တန်းကိုရောက်နေတာတို့၊

မထင်မှတ်ဘဲ စိုင်ကော်လို့ ချုံပေါ်ကိုရောက်နေတာတို့၊

သူတစ်ပါး မျက်ရည်ကြားမှာ အောင်မြင်မှုကို တည်ဆောက်နေသူတွေကို တွေ့ကြရပါတယ်။

ကြိုးစားတဲ့သူက မအောင်မြင်၊

အောင်မြင်တဲ့သူက မကြိုးစား။

ဒီလို ထူးခြားတဲ့ တချို့ဖြစ်ရပ်ဆန်းလေးတွေရှိပါတယ်။

ဒါပေမယ့်…

ဒီလိုဖြစ်ရပ်မျိုးတွေကို အသေအချာ လေ့လာကြည့်ခဲ့ရင် မကြိုးစားဘဲ၊ မိမိရဲ့ ပင်ကိုအရည်အချင်းမပါဘဲ အောင်မြင်ကြတဲ့သူဆိုတာ ခဏပါပဲ။

ထာဝရ မရှိပါဘူး။

မှတ်ကျောက်တင်မခံပါဘူး။

အချိန်တန်ရင် လူမှန်နေရာမှန်ဆိုတာ ဖြစ်ပေါ်ပါတယ်။

ဒီတော့…

လူဟာ အောင်မြင်ချင်ရင် မိမိကိုယ်ကို ကျွန်းကြီးသဖွယ် မှီခိုနိုင်အောင် ကြိုးစားရပါမယ်။

ကိုယ့်အားကိုယ်ကိုးရပါမယ်။

သူတစ်ပါးဆိုတာ…



မိမိ မဟုတ်ပါဘူး။

သူတစ်ပါးကြောင့် အခွင့်အရေးတစ်ချို့၊ တံခါးတစ်ခု ပွင့်သွားတယ်ဆိုရင် ရှေ့ဆက်ပြီးတော့ မိမိကိုယ်ကို အားကိုးနိုင်အောင် ဆောင်ရွက်ရပါမယ်။

အရိပ်အောက်က ရုန်းမထွက်ရင်…

အရိပ်ရဲ့ လွှမ်းမိုးမှုတွေပဲ ခံရမှာပေါ့။

မြန်မာစကားမှာ "လောင်းရိပ်မိတယ်"ဆိုတဲ့ စကားရှိပါတယ်။

အဓိပ္ပာယ်ကတော့…

သစ်ပင်တစ်ပင်ဟာ အခြားသော သစ်ပင်တစ်ပင်ရဲ့ လောင်းရိပ်အောက်ကို ရောက်နေခဲ့ရင် နေလို့ဆိုတဲ့ အလင်းရောင် မရတော့ဘဲ ကြီးထွား၊ ရှင်သန်မလာတော့ပါဘူး။

အကယ်၍…

ရှင်သန်စေဦးတော့ ကိုယ်ပိုင်မရပ်တည်နိုင်ပါဘူး။

ဒါဟာ…

မိမိကိုယ်ကို ကိုးကွယ်တာပါ။

မိမိကိုယ်ကို တည်ဆောက်တာပါ။

သူတစ်ပါးဆိုတာ မိမိရဲ့ ကိုးကွယ်ရာလည်း မဟုတ်သလို ဆောက်တည်ရာလည်း မဟုတ်ပါဘူး။

ဒီနေရာမှာ…

မိမိကိုယ်ကို ကိုးကွယ်ခြင်း၊ ဆောက်တည်ခြင်းဆိုတာ တကယ်တမ်းအားဖြင့်တော့ မိမိရဲ့ ကံ၊ ဉာဏ်၊ ဝီရိယကို အကောင်းဆုံးတည်ဆောက်ခြင်းပါ။

ဒါမှ ကြီးပွားတိုးတက်ပါလိမ့်မယ်။

ကြီးပွားချမ်းသာလောက်တဲ့ အရည်အသွေးမရှိသူဟာ ဘေးလူက ကြီးပွားချမ်းသာအောင် လုပ်ပေးပေမယ့်လည်း ယာယီအခိုက်အတန့်မျှသာ ဖြစ်နိုင်ပါလိမ့်မယ်။

ရေရှည်ကား မဖြစ်နိုင်ပါဘူး။

ဥပမာအားဖြင့်…

သရက်သားနဲ့ ကျွန်းသားဟာ အသားချင်းတူပေမယ့်လည်း အရည်အသွေးမှာတော့ ကွာခြားပါတယ်။

သရက်သားသည် ကျွန်းသားလို့ ရေရှည်မခံပါဘူး။

ရေရှည်အသုံးခံအောင်ဆိုပြီး သရက်သားကို ဆေးသုတ်ပေမယ့်လည်း မူလကတည်းက အရည်အသွေးညံ့နေတဲ့အတွက် ကျွန်းသား၏ရဲ့ အရည် အသွေးကို မမီနိုင်ပေ။

ဒီလိုပါပဲ။

လူသားတွေမှာလည်း အရည်အသွေး နိမ့်ကျနေခဲ့ရင် ပတ်ဝန်းကျင်က ဘယ်လိုပဲတွဲခေါ် တွဲခေါ် ဘယ်နည်းနဲ့မျှ မကြီးပွား၊ မတိုးတက်နိုင်ပါဘူး။

ဒါဆိုရင်…

ကြီးပွားအောင် ဘာလုပ်မလဲ?

တစ်ခုပဲရှိတယ်။



မိမိအရည်အသွေးကို မိမိကိုယ်တိုင် မြှင့်တင်ရပါမယ်။

အရည်အသွေး မြှင့်တင်ခြင်းဆိုတာဟာ…

မိမိရည်မှန်းထားတဲ့ ပန်းတိုင်ကိုရောက်စေဖို့ မိမိမှာရှိတဲ့ လိုအပ်ချက်ကို ကြိုးစားကာ ဖြည့်ဆည်းခြင်းပါပဲ။

ဥပမာအားဖြင့်…

ကျောင်းသားနှစ်ယောက်ဆိုပါစို့။

သူက စာတော်ပြီး မိမိက စာညံ့တယ်။

ဆရာလည်းတူတယ်၊ အတန်းလည်းတူတယ်၊ အခန်းလည်းတူတယ်၊ ဘာသာလည်းတူတယ်၊ သင်ပြပုံလည်းတူတယ် ဆိုပါစို့၊ သူက ဉာဏ်ကောင်းလို့ ခဏလေးနဲ့ စာရတယ်။

မိမိက ခဏနဲ့ မရဘူး။

ဒါဆိုရင်…

တစ်ခုပဲ လုပ်စရာရှိတယ်။

သူ့ထက် မိမိက ပိုကြိုးစားရမယ်။ သူအနားယူနေတဲ့အချိန်မှာ မိမိအနေဖြင့် အနားယူလို့ မရဘူး။ စာကျက်နေရမယ်၊ မရှင်းတာရှိရင် လိုက်မေးရမယ်။

ဒါဆို…

မိမိကလည်း စာတော်လာမှာပေါ့။

ဒီအတိုင်းပဲ အခြားသော ကိစ္စရပ်တွေမှာလည်း မိမိလိုအပ်ချက်ကို အစားထိုးနိုင်ရမယ်။

သဘာဝက လူတိုင်းကို တစ်နေ့ ၂၄ နာရီဆီ အချိန်ပေးတယ်။

သူက သူ့ဘဝအောင်မြင်ရေးအတွက် ၂၄ နာရီထဲက ၁၀ နာရီကို အကျိုးရှိရှိ အသုံးချတယ်ဆိုရင် မိမိက ၁၂ နာရီ အသုံးချလိုက်ပေါ့။

ဒါပါပဲ။

ဓားဟာ…

သွေးရင် ထက်တယ်။

မသွေးရင် တုံးတယ်။

မသွေးဘဲထားတော့ ပြတ်စရာရှိရင် မပြတ်တော့ဘူး။

အကယ်၍ ပြတ်ခဲ့တောင်မှ အားစိုက်ရတယ်။ အချိန်ကုန်တယ်။

ဒီလိုပဲ…

လူ့ဟာလည်း မိမိမှာရှိတဲ့ ကံ၊ ဉာဏ်၊ ဝီရိယ (လူ၏အရည်အသွေးတွေ)ဟာလည်း အလုပ်လုပ်လေ ထက်မြက်လေဖြစ်တယ်။

ကြိုးစားလေ၊ စွမ်းအားမြင့်လေ ဖြစ်တယ်။

စွမ်းအားမြင့်မားလေ ဘဝတန်ဖိုးရှိလေ။

ဘဝတန်ဖိုးရှိလေ ကြီးပွားချမ်းသာလေဖြစ်တယ်။

တကယ်တော့…

ဘဝရဲ့တန်ဖိုးဆိုတာ အချိန်ရဲ့ တန်ဖိုးပါပဲ။

အချိန်တန်ဖိုးဆိုတာ…

မိမိက အချိန်ကို ဘယ်လို အသုံးချတယ်၊

ဘယ်လောက်ထိ အကျိုးရှိအောင် အသုံးပြုတယ်ဆိုတာသာ ဖြစ်တယ်။



တန်ဖိုးရှိတဲ့သူဟာ…

တန်ဖိုးရှိတဲ့ အချိန်တွေကို

မိမိဘဝအတွက် သုံးပါတယ်။

ဥပမာအားဖြင့်…

မိမိအရည်အသွေးနိမ့်ကျနေရင် မိမိအရည်အသွေးကို မြင့်တက်အောင် လုပ်ခြင်းပါပဲ။

"အခက်ခဲဆိုတာ
ဆူးတွေခင်းထားတဲ့လမ်းမှာပဲ ရှိတာမဟုတ်ပါဘူး။
တစ်ခါတစ်ရံကျရင်
ပန်းတွေခင်းထားတဲ့လမ်းမှာလည်း
ဆူးတွေက ရှိတတ်ပါတယ်။
ပန်းအောက်က ဆူးဟာ
အဆိပ်တွေ ပိုလူးထားတယ်"

## ပန်းခင်းလမ်းမှ ဆူးများ

နာအူးရူးနိုင်ငံ (Nauru)။

ဒီနိုင်ငံက ကမ္ဘာမှာ အသေးဆုံးနိုင်ငံ။

လူဦးရေက တစ်သောင်းခန့်ရှိတယ်။ (၂၀၁၀ စာရင်း)

တည်နေရာက ပစိဖိတ်သမုဒ္ဒရာအလယ်ပိုင်း။

အကျယ်အဝန်းက သုံးမိုင်လောက်။

၁၉၆၈ ခုနှစ်မှာ နိုင်ငံလွတ်လပ်ရေးရတယ်။

အဓိကစီးပွားရေးက ငါးဖမ်းတာ။

ဆင်းရဲပြီး ကမ္ဘာနဲ့ အဆက်အသွယ်ပြတ်တောက်နေတဲ့နိုင်ငံ။

ဒီလိုနဲ့…

တစ်နေ့ကျတော့ ဒီကျွန်းနိုင်ငံလေးပေါ်ကို ရောက်လာတဲ့ သဘော်သားတစ်ဦးက ကျွန်းလယ်မှာရှိတဲ့ ကျောက်ခဲတစ်ခုကို အမှတ်တမဲ့ ယူလာခဲ့တယ်။

သူ့စိတ်ထဲမှာ ဒီကျောက်ခဲလေးဟာ သစ်ပင်ကျောက်ဖြစ် ရုပ်ကြွင်းတစ်ခုနဲ့ အစတစ်ခုဖြစ်မယ်ထင်ပြီး ယူခဲ့တာ။

ယူရတဲ့ အမိကရည်ရွယ်ချက်ကလည်း ဒီကျောက်ခဲကို အချော ကိုင်လိုက်ရင် သူ့ကလေးတွေအတွက် လှပတဲ့ ဂေါ်လီလုံးလေးအဖြစ် ဆော့ကစားလို့ရမယ်။ ဒါပဲ။

ဒါပေမယ့်…

သူယူလာခဲ့တဲ့ ကျောက်ခဲကို သူတို့ကုမ္ပဏီမှာရှိတဲ့ သိပ္ပံပညာ ရှင်တစ်ယောက်က ရုတ်တရက်တွေ့တော့ စိတ်ဝင်စားသွားပြီး ခွဲကြည့်လိုက်တော့ အရည်အသွေးမြင့်မားတဲ့ ဖော့စဖိတ်အရိုင်းတုံးတစ်ခု ဖြစ်နေတာကို သိလိုက်တယ်။

ဖော့စဖိတ်ဆိုတာ…

မြေသြဇာလုပ်ဖို့ အလွန်ကောင်းသလို ယမ်းမှုန့်လုပ်ရာမှာလည်း အလွန် အသုံးဝင်ပါတယ်။

ဒီတော့…

ဖော့စဖိတ်တုံးတွေဟာ ဈေးကောင်းတယ်။

ဒီလိုနဲ့…

သူဌေးတွေ၊ ပညာရှင်တွေ၊ သုတေသနသမားတွေဟာ နာအူးရူး နိုင်ငံလေးကို ရောက်လာကြပြီး လေ့လာကြည့်တော့ ကျွန်းမျက်နှာပြင် ရှိယာ၏ ရှစ်ဆယ်ရာခိုင်နှုန်းဟာ နှစ်ပေါင်းများစွာက ပင်လယ်ငှက် တွေ စွန့်ပစ်ထားတဲ့ ချေးတွေကနေ ဖြစ်ပေါ်လာတဲ့ ဖော့စဖိတ် အခိုင် အခဲတွေ ထူထပ်နေတဲ့နေရာဆိုတာ သိသွားကြတယ်။

ဒါနဲ့…

နာအူးရူးနိုင်ငံကို လူအများ စိတ်ဝင်စားသွားတယ်။



စီးပွားရေးသမား နိုင်ငံခြားသားတွေက နာအူးရူးနိုင်ငံက ဖော့စဖိတ်တုံးတွေကို နည်းမျိုးစုံနဲ့ ရသလောက် ၁၉၀၆ ခုနှစ်ကစပြီး တူးဖော်ကြတယ်။

နှစ်ပေါင်းခြောက်ဆယ်ကျော် ကြာခဲ့တယ်။

အကျိုးစီးပွားတွေလည်း များစွာဖြစ်ထွန်းခဲ့ကြတယ်။

ဖော့စဖိတ်တွေကတော့ ကုန်မသွားဘူး။

ဒီလိုနဲ့…

၁၉၆၈ ခုနှစ်မှာ နိုင်ငံလွတ်လပ်ရေးရတော့ ဖော့စဖိတ်ကုမ္ပဏီ ကြီးဟာ နာအူးရူးနိုင်ငံသားတွေရဲ့ လက်ထဲကို တိုက်ရိုက်ရောက်သွား တော့တယ်။

ကံကြမ္မာက မျက်နှာသာပေးခဲ့ပြီ။

အရင် နှစ်ပေါင်းခြောက်ဆယ်ကျော်အတွင်းမှာ တိုင်းပြည်ကို အုပ်ချုပ်သူတွေကသာ ဖော့စဖိတ်တွေရဲ့အကျိုးကို အပြည့်အဝ ခံစား ခဲ့ပြီး နိုင်ငံသားတွေကတော့ သာမန်အလုပ်သမားဘဝနဲ့ ပင်ပန်းဆင်းရဲ ခဲ့ကြတယ်။

[နာအူးရူးနိုင်ငံကို ကိုလိုနီခေတ်တွင် ဂျာမနီက သိမ်းပိုက်ပြီး ဒုတိယကမ္ဘာစစ်မှာ ဂျပန်တွေက သိမ်းပိုက်ကာ ကျန်ကာလများတွင် လွတ်လပ်ရေး မရခင်ကာလအထိ သြစတြေးလျ၊ ဗြိတိန်၊ နယူးဇီလန် တို့က သိမ်းပိုက်ထား၏။]

အခုတော့…

သူတို့တွေ ချမ်းသာကြပြီ။

သူတို့နိုင်ငံကို စီမံအုပ်ချုပ်တဲ့ အစိုးရကလည်း ဒီအကျိုးအမြတ်ကို သူတို့အတွက်သာမက နိုင်ငံသားအားလုံးကိုပါ ရရှိအောင် စီမံဆောင်ရွက်ပေးတယ်လေ။

- စီမံခန့်ခွဲတဲ့ အစိုးရကောင်းတော့…
- တိုင်းသူပြည်သားတွေလည်း ချမ်းသာကြတာပေါ့။

× × ×

ဒီနိုင်ငံရဲ့ချမ်းသာမှုက ရုတ်တရက် ချမ်းသာမှုဖြစ်တယ်။

ဒီတော့…

လူတိုင်းက ဇိမ်ခံပစ္စည်းတွေ ဝယ်ကြတယ်။

ကားဆိုရင် အိမ်တိုင်းမှာ ရှိ၏။ ကားကို စီးပြီးရင်လည်း အိမ်ထဲမှာ ဂရုတစိုက် ထားစရာမလို၊ ထားချင်တဲ့နေရာထားခဲ့၊ နိုင်ငံလေးက ကျွန်းနိုင်ငံလေးဆိုတော့ လမ်းကလည်း သိပ်မရှိပါဘူး။

ဒါ့အပြင်…

အစိုးရကလည်း သူ့နိုင်ငံကို ပညာရေးနှင့် ကျန်းမာရေးမှာ အထူးဂရုစိုက်တယ်။

ပညာရေးအတွက် သူတို့နိုင်ငံမှာ အခမဲ့ဖြစ်တယ်။

(အခမဲ့ပညာရေးဆိုတာ မူလတန်းတစ်ခုသာ လူကြားကောင်းအောင် ကျောင်းမှာစာကပ်ထားပြီး ကျောင်းသားမိဘများက ဆရာ၊ ဆရာများကို အဆင်ပြေအောင် ငွေပေးရသော ပညာရေးမဟုတ်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်အားလုံး အခမဲ့ဖြစ်၏။)



အကယ်၍…

ဒီနိုင်ငံမှာ ပညာမသင်ချင်တာပဲဖြစ်ဖြစ်၊ ဒီမှာ ပညာသင်ပြီးလို့ အခြားနိုင်ငံတစ်ခုမှာ ပညာသင်ကြားချင်တယ်ဆိုရင် အစိုးရက ပညာရေးထောက်ပံ့ငွေပေးအပ်ပါသေးတယ်။

သို့သော်…

ပညာရေးမှာတော့ ထူးချွန်တဲ့ ကလေးတွေ ထွက်မလာဘူး။

ဘာကြောင့်လဲဆိုတော့ သူတို့တွေဟာ ရုတ်တရက်ကြီး ချမ်းသာသွားကြတော့ သူတို့တွေရဲ့ စိတ်နေစိတ်ထား၊ အပြုအမူတွေ အားလုံးဟာလည်း ပြောင်းသွားကြတယ်။

အရင်က ကျွန်းပေါ်ကလွဲပြီး ရေပတ်လည်ဝိုင်းနေတော့ ဘယ်ကိုမှ မရောက်ပေမယ့် အဆင်ပြေလာတော့ အစိုးရက ဘိုးအင်းဂျက်လေယာဉ်ကြီး ငါးစင်းနဲ့ ဩစတြေးလျကို ရှေ့ပြေးထွက်ကြတယ်။

တကယ်တမ်းအားဖြင့် ဩစတြေးလျနဲ့ သူတို့နိုင်ငံဟာ မိုင်ပေါင်းထောင်ချီဝေးပါတယ်။

ဒါပေမယ့်…

သွားကြတာပါပဲ။

ငွေက အလွယ်တကူရနေတော့ ကုန်နေတာကို ကုန်နေတယ်လို့ မမြင်ဘူး။

ကမ္ဘာပေါ်မှာရှိတဲ့ အကောင်းစား အသုံးအဆောင်၊ အစားအသောက် ပစ္စည်းတွေက ကျွန်းပေါ်ကို ရောက်လာသလို၊ ကျွန်းပေါ်က လူတွေကလည်း တခြားနိုင်ငံသွားပြီး အပျော်အပါးတွေ လုပ်ကြတယ်။

ဒါဆိုရင်…

စီးပွားရေးကို ဘယ်သူလုပ်မလဲ?

ဒါက ကိစ္စမရှိ။

သူတို့က နိုင်ငံခြားသား အလုပ်သမားတွေကို ကျွန်းမှာခေါ်ပြီး တော့ ခိုင်းတယ်။ သူတို့ကတော့ ရာထူးယူ၊ လစာငွေထုတ်ပေါ့။ အရှမ်းကို အဆင်ပြေလှတယ်။

၁၉၇၀ နှင့် ၁၉၈၀ ပြည့်နှစ်တွေအတွင်းမှာ နိုင်ငံသားတစ်ဦး ချင်း၏ ပျမ်းမျှ ပြည်တွင်းထုတ်ကုန် ဂျီဒီပီဟာ ကမ္ဘာ့အဆင့်-၂ ရှိခဲ့တယ်။

တစ်နိုင်ငံလုံး သူဌေးချည်းပဲ။

သို့သော်…

ဖော့စဖိတ်တုံးတွေဟာ မကုန်တော့ဘူးလား?

ဒါမှမဟုတ်…

ဘာမှမလုပ်ဘဲ ဒီအတိုင်း ဖြုန်းနေရင် တစ်နေ့ ဘယ်လိုလုပ် မလဲ?

တဖြည်းဖြည်း လုံးပါး ပါးသွားမှာပေါ့။

ဒီတော့…

စီးပွားရေးတစ်ခုခု လုပ်ပါလား?

စသည်ဖြင့် တခြားသူတစ်ယောက်က သူတို့နိုင်ငံသားတွေကို ကြည့်ပြီး ပြောဆို အကြံပေးနိုင်ပါတယ်။

ဟုတ်တယ်။



အဲဒီလိုစကားမျိုးတွေ သူတို့ကို အကြံဉာဏ်ပေးတဲ့လူရှိသလို သူတို့ကိုယ်တိုင်ကလည်း သိနေပါတယ်။

ဒါကြောင့်…

အစိုးရက နှစ်စဉ် ဝင်ငွေတွေထဲက သတ်မှတ်ချက်ထား ငွေစုပြီး အနာဂတ်နိုင်ငံ ရန်ပုံငွေကို စုထားပါတယ်။

၁၉၉၀ ဝန်းကျင်က စုငွေဟာ မိသားစုတစ်ခုလျှင် ဒေါ်လာ နှစ်သန်းဖိုးလောက်ရှိ၏။ တစ်နိုင်ငံလုံး စုပေါင်း စုငွေဟာ သန်းပေါင်း ၁၂၀၀ ခန့်ရှိ၏။

ဘာမှမလုပ်ဘဲ အတိုးပေးပြီး ထိုင်စားရင်တောင်မှ အဆင် ပြေ၏။

သူတို့က ဘာမှတော့ မလုပ်။

ဒါပေမယ့်…

စုငွေတွေကို တိုးပွားအောင်ဆိုကာ ကုမ္ပဏီထောင်ပြီး သြစတြေးလျ၊ အမေရိကနိုင်ငံတွေမှာ မြေယာဝယ်ပြီး စီးပွားရေးတွေမှာ ရင်းနှီး မြှုပ်နှံကြတယ်။

၂၀၀၀ပြည့်နှစ်ရောက်တော့ သူတို့ရဲ့ ပြင်ပနိုင်ငံမှာ ရင်းနှီး မြှုပ်နှံမှု စာရင်းချုပ်တော့ ဒေါ်လာသန်း ၁၂၀ လောက်သာ ကျန်တော့ တယ်။

ဘာတစ်ခုမှ အဆင်မပြေ။

ဘာကြောင့်ပါလဲ?

သူတို့က ပင်လယ်ရေထဲက ကျွန်းနိုင်ငံလေးထဲမှာ မျက်စိပိတ်၊ နားပိတ် နေလာခဲ့ကြတာ၊ စီးပွားရေး ရင်းနှီးမြှုပ်နှံမှုအကြောင်းကို ကောင်းကောင်းမသိ။

ဒီကြားထဲ နိုင်ငံတကာက လူလည်တွေနဲ့တွေ့တော့ သူတို့တွေ ကံဆိုးတာပေါ့။

ကိုယ်နားမလည်တာကိုလုပ်တော့…

အရှုံးတွေပဲ ရင်ဆိုင်ရတာပေါ့။

သူတို့ရဲ့ ကံကြမ္မာက အလှည့်အပြောင်းဖြစ်သွားတယ်။

အလှည့်အပြောင်းဟာ ကောင်းတာမဟုတ်တော့။

× × ×

လက်ရှိ နာအူးရူးနိုင်ငံအခြေအနေ။

နိုင်ငံအတွင်းမှာကလည်း နှစ်ပေါင်းများစွာ ဖော့စဖိတ်တွေကို တူးထားတော့ ချိုင့်တွေနဲ့ မလှပ။

ကမ်းခြေများမှာလည်း သယ်ယူပို့ဆောင်ရင်း ဖော့စဖိတ်တွေ မြေတွေ ရေထဲကျတဲ့အတွက် ကမ်းခြေ ရေတိမ်ပိုင်းမှာ ငါးနဲ့ အခြား သတ္တဝါတွေ သေကုန်ကြတယ်။

ဖော့စဖိတ်တွေ မရှိတော့။

ပိုက်ဆံရှိစဉ်က အစိုးရက အရာရာကို အလကားပေးထားခဲ့ပေမယ့် သူကိုယ်တိုင်က ငွေမရှိတော့ အခမဲ့ဆိုတာ မရှိတော့။

ဒီကြားထဲ နိုင်ငံ၏ အလုပ်လက်မဲ့ဦးရေက ၉၀ ရာခိုင်နှုန်း။

အလုပ်မရှိ၊ ဝင်ငွေမရှိတော့ ကျွန်းသားတွေလည်း ဘယ်ကိုမှ မသွားနိုင်။ အစိုးရကလည်း လေကြောင်းခရီးစဉ်ကို ရပ်နားထားလိုက်တာ ဆယ်နှစ်နီးပါး ပုံမှန်ခရီးစဉ် မရှိ။



နိုင်ငံအတွင်းမှာကလည်း စားနပ်ရိက္ခာ၊ သောက်သုံးရေ၊ လျှပ်စစ် လောင်စာ စသည်အားဖြင့် လိုအပ်ချက်တွေ များပြားနေခဲ့တယ်။

ဒီကြားထဲ နိုင်ငံသား ၁၀၀ မှာ ၉၀ လောက်က လှုပ်ရှားမှု နည်းပြီး အစားအသောက်တွေ အလွန်စားခဲ့တော့ အဝလွန်နေတယ်။ အဝလွန်တော့ ဆီးချို၊ ကျောက်ကပ်၊ သွေးတိုး၊ နှလုံးရောဂါတွေက အဖြစ်များကြတယ်။

ကမ္ဘာမှာ ဆီးချိုအမြင့်မားဆုံးနိုင်ငံ။

လူတွေကလည်း အထည်ကြီးပျက်သည်တော့…

ဘာမှ မလုပ်ချင်။

ကောင်းစားစဉ်က ရွှေထီးဆောင်းခဲ့တာတွေကိုသာ တဖွဖွပြော နေပြီး အမှုအကျင့်တွေ မပြင်တော့ အသက်တွေက တိုလာတယ်။

အစိုးရက ပြဿနာပေါင်းစုံ ဖြေရှင်းဖို့ နိုင်ငံတကာကို ခေါင်းငုံ့ နေရ၏။

မိမိပိုင် စီးပွားရေးဇုန် (ရေပိုင်နက်)ကို တခြားနိုင်ငံကို ငါးဖမ်း ခွင့်ပေးပြီး ငွေရှာတယ်။ ဩစတြေးလျကို တရားမဝင် ဝင်သူတွေကို ယာယီထိန်းသိမ်းပေးတယ်။ နိုင်ငံတကာရေးရာမှာ ထောက်ပံ့ကြေး ရတဲ့ဘက်ကို ထောက်ခံတယ်၊ စသည် စသည်အားဖြင့် အရာရာကို အောက်ကနေရတယ်။

အခုတော့…

သူတို့ဘဝက မလှပတော့။ ကြာရင် နိုင်ငံနှင့် လူမျိုးပါ ပျောက်သွားနိုင်တယ်။

ဘာကြောင့်ပါလဲ?။

× × ×

ရုတ်တရက် ကံကောင်းမှုဆိုတာ လူတချို့မှာဖြစ်တတ်ပါတယ်။ တချို့က အဲဒီအခွင့်အရေးကို အမိအရ ဆုပ်ကိုင်ပြီးတော့ မိမိဘဝ ပိုမိုတိုးတက် အောင်မြင်ကြီးပွားအောင် လုပ်ဆောင်လေ့ရှိပါတယ်။

တချို့ကျတော့ လက်ရှိထက်တော့ ပိုမိုမတိုးတက်သွားဘူး။ ဒါပေမယ့် လက်ရှိအနေအထားကနေ ဆုတ်ယုတ်မသွားအောင် ထိန်းသိမ်းထားနိုင်ပါတယ်။

ဒီလိုလူမျိုးကတော့ မဆိုးဘူးပေါ့။

သို့သော်...

နာအူးရူးနိုင်ငံသားတွေကတော့ ရုတ်တရက် ရလာတဲ့အခွင့်အရေးကို ပိုမိုတိုးတက်အောင်ဆိုတဲ့ အသိတော့ရှိပါတယ်။

ဒါပေမယ့်...

သူတို့သိတဲ့ အသိဟာ တကယ်သိခြင်း မဟုတ်ပါဘူး။

သူတစ်ပါးနှုတ်ဖျားက ထွက်တဲ့ အသိပါ။

"မင်းတို့တွေ ဒီအတိုင်း စားနေသောက်နေရင် ငွေက တိုးလာမှာ မဟုတ်ဘူးကွ၊ မင်းတို့ရှိတဲ့ ပိုက်ဆံကို သုံးလည်းသုံး၊ ဒါပေမယ့် ရေရှည်နိုင်မြဲအောင် လုပ်ရမယ်ကွ"

"ဒီတော့ မင်းတို့ ငွေကိုစု၊ ကုမ္ပဏီထောင်၊ အများပိုင်ကုမ္ပဏီပေါ့ကွာ။ အဲဒီကရလာတဲ့ အကျိုးအမြတ်ဟာ မင်းတို့ရဲ့ အနာဂတ်ပဲပေါ့။ အမြတ်နည်းချင်နည်းပါစေ အရင်းတော့ မပျောက်တော့ဘူးပေါ့ကွာ"



"ဥပမာကွာ၊ မင်းတို့က ငွေပိုရှိတယ်၊ အဲဒီငွေကို ဒီအတိုင်းထားရင် အဲဒါ ငွေသေပဲ။ ငွေသေရင် သွားပြီ။ ဒါကြောင့် ငွေရှင်ဖြစ်သွားအောင် မြေတွေကို ဝယ်ထားလိုက်၊ မြေဆိုတာ ကမ္ဘာပေါ်မှာ လူဦးရေတိုးလာလေ မြေဈေးက ကောင်းလေပဲ"

"မိုးရွာတုန်း ရေခံဆိုတဲ့စကား ကြားဖူးတယ် မဟုတ်လား။ အေး... အခု မင်းတို့က အခွင့်အရေးရတုန်း ဩစတြေးလျက ကုမ္ပဏီကြီးတွေမှာ ရှယ်ယာထည့်ပြီး ပစ်ထား၊ အချိန်တန်ရင် အမြတ်သွားထုတ်ရုံပဲ"

ဒီစကားတွေကိုကြည့်၊ မှတ်သားစရာကောင်းသလို၊ စိတ်ဝင်စားစရာလည်း ကောင်းပါတယ်။

နာအူးရူးနိုင်ငံသားတွေကတော့ အူလည်လည်တွေဆိုတော့ ယုံတာပေါ့။

ဟုတ်တယ်လေ။

ပြောတဲ့စကားတွေက ဘာအမှားပါလို့လဲ။

လုပ်သင့်လုပ်ထိုက်တာတွေချည်းပဲ။

ဒီတော့...

လုပ်ကြတာပေါ့။

ဘယ်အဆင်ပြေပါမလဲ။ နံပါတ်တစ် ပြောတဲ့သူတွေက လူလည်တွေဖြစ်ပြီး၊ နံပါတ်နှစ် လိုက်လုပ်တဲ့သူတွေက နားမလည်သူတွေဖြစ်နေတယ်။

ဘယ်အလုပ်မဆို မိမိက ကျွမ်းကျင်မှုမရှိ၊ နားလည်မှုမရှိရင် မလုပ်တာ အကောင်းဆုံးဖြစ်တယ်။

သို့သော်...

ကျွမ်းကျင်မှုနဲ့ နားလည်မှုရှိပါမှ လုပ်ရမယ်ဆိုရင်လည်း ဘာမှ လုပ်လို့ မရတော့ဘူး။ ဒီအတိုင်း ထိုင်နေမှရမယ်။ လူဆိုတာ မွေးတုန်းက ဘာမှ မပါလာဘူး မဟုတ်လားလို့ ပြောစရာရှိတယ်။

ဒါပေမယ့်…

နားမလည်ရင် နားလည်အောင် လေ့လာရမယ်။

မကျွမ်းကျင်ရင် ကျွမ်းကျင်အောင် သင်ယူရမယ်။

ဒါဆိုလျှင်…

အဆင်ပြေသွားပါမယ်။

အခုတော့…

နာအူးရှုးနိုင်ငံသားတွေဟာ နားလည်အောင်လည်း မလုပ်၊ ကျွမ်းကျင်အောင်လည်း မသင်ယူတော့ သူတို့မှာ မဆင်မပြေမှုများစွာနဲ့သာ ကျန်ခဲ့တယ်။

ဒါတင်ပဲလားဆိုတော့ မဟုတ်။

အဆင်ပြေစဉ်ကာလမှာ ဘုရင်လိုနေခဲ့တော့ အဆင်မပြေတဲ့ အခါမှာ မနေတတ် မထိုင်တတ်တော့ဘူး။

အောက်ခြေက စလုပ်ရအောင်လည်း…

"အရင်က ဒီအလုပ်ဆိုတာ ငါနဲ့ ဘာဆိုင်လဲ"

အမူအကျင့်တွေ ပြင်ရအောင်လည်း…

"ငါတို့က တစ်သက်လုံး ဒီလိုနေခဲ့တာ"

ဒီလိုနဲ့…

မိမိရဲ့ ကျဆင်းလာတဲ့ အခြေအနေကို ပုံမှန်အတိုင်း မသိထား တော့ ပြင်ဖို့ ခက်နေတယ်။



ဒါဟာ…

ရတ်တရက်ရလာတဲ့ အခွင့်အရေးကို အကောင်းဆုံး အသုံးမချ နိုင်တာပါ။

ဒီလိုပဲ…

လူတိုင်းရဲ့ ဘဝမှာ တစ်ခါတလေကျရင် အကောင်းဆုံး အခွင့် အရေးဆိုတာ ပေါ်လာတတ်ပါတယ်။

အောင်မြင်ချင်တဲ့သူဟာ အဲဒီ အခွင့်အရေးကို အရကိုင်ဆွဲကာ အောက်ကို ပြန်မဆင်းတော့ပါဘူး။

ဒီထက်ပိုတိုးတက်အောင်ပဲ လုပ်ပါတယ်။

ကျွန်တော်တို့မှာလည်း အဲဒီလို အခွင့်အရေးတွေ ပေါ်တတ် ပါတယ်။

ဒါပေမယ့်…

ခဏခဏတော့ မပေါ်ပါဘူး။

လူတစ်ယောက်အတွက် တစ်ဘဝမှာ တစ်ခါပဲပေါ်သလို၊ တချို့ ကျတော့ နှစ်ခါ၊ သုံးခါ ပေါ်ပါတယ်။

သို့သော်…

တချို့လူတွေကတော့ အခွင့်အရေးကို အခွင့်အရေးမှန်းတောင် မသိကြပါဘူး။

အခွင့်အရေးကို…

ပျော်ပါးမှုနဲ့ လဲလိုက်ပါတယ်။

တကယ်တော့ ဒါဟာ အခွင့်အရေးကောင်းကို အသုံးမချနိုင်

တာပါ။ (တစ်နည်းအားဖြင့်) ချမ်းသာတဲ့ လောကစံကို ရင်မဆိုင်တတ်ခြင်း (သို့မဟုတ်) ညင်သာတဲ့ အခက်အခဲကို မကျော်လွှားနိုင်ခြင်းပင် ဖြစ်ပါတယ်။

အခက်အခဲဆိုတာ…

ဆူးတွေခင်းထားတဲ့လမ်းမှာပဲရှိတာ မဟုတ်ပါဘူး။

ပန်းခင်းထားတဲ့လမ်းမှာလည်း ဆူးတွေက ရှိတတ်တာကို ကျွန်တော်တို့ သတိထားရပါဦးမယ်"

ပြီး

"မိဘကောင်းသွေးကောင်းဆိုတာ
ဘဝအောင်မြင်ရေးအတွက်
လိုအပ်တဲ့ အရာတစ်ခုဖြစ်ပါတယ်။
သို့သော်…
မိဘသွေးကောင်းဆိုတာ
မိမိက သူ့အပေါ်ကို ကောင်းမှ
သူက မိမိကို ပေါင်းပါလိမ့်မယ်"

## ကိုယ်ကကောင်းမှ သူကပေါင်းမယ်

တစ်ခါက လင်မယားနှစ်ယောက်ရှိပါတယ်။

တစ်နေ့ကျတော့ လင်ဖြစ်သူဟာ မယားဖြစ်သူကို မိတ်ဆွေတွေနဲ့ပတ်သက်ပြီး…

"မင်း သူတို့ကို ဖော်ဖော်ရွေရွေဆက်ဆံပါ"

"ဘာဖြစ်လို့လဲရှင်၊ သူတို့နဲ့ပေါင်းရတာ သိပ်အဆင်မပြေပါဘူး၊ နောက်ပြီး သူတို့က ရှင့်အတွက်လည်း ဘာမှ အသုံးကျတာမဟုတ်ပါဘူး"

"သိပ်အသုံးကျတာပေါ့ကွ၊ မကြာခင် သူက ဝန်ကြီးရုံးမှာ ရာထူးအကြီးကြီးရမှာ၊ ရာထူးမရှိစဉ်မှာ တို့က ဂရုတစိုက် ဆက်ဆံထားရင် တို့အတွက် အဆင်ပြေတာပေါ့"

"သြော်…ဒီလိုလား၊ ဒါဆိုရင် မိတ်ဆွေပီသတဲ့ဟန် ပိုပေါ်တာပေါ့၊ ကောင်းပြီ၊ ရှင်ပြောတဲ့အတိုင်း ဆက်ဆံမယ်"

ကဲ…။



အထက်ပါ လင်မယားနှစ်ယောက်ကို လူတွေက မိတ်ဆွေအဖြစ် မပတ်သက်ချင်ပါဘူး။

ဒါပေမယ့်…

အဲဒီလို မိတ်ဆွေတွေ ကျွန်တော်တို့နားမှာ ရှိနေပါပြီ။

အောဘယ်ဘွန်းနာ့ဒ် ပြောသလိုပေါ့။

"ကျွန်တော်တို့ဟာ မိတ်ဆွေစစ်၊ မိတ်ဆွေမှန်တစ်ယောက်ကို မတွေ့နိုင်သေးတဲ့အချိန်မှာ မိတ်ဆွေတွေ အများကြီးထားပြီး ကိုယ့်ကိုယ်ကို နှစ်သိမ့်နေကြရတယ်"

များသောအားဖြင့် တချို့သူတွေဟာ မိမိအတွက်အတွက် ပေါင်းသင်းပါတယ်။ အတ္တသမားဆိုတာဟာလည်း ရတ်တရက်သိဖို့ ခက်ခဲပါတယ်။ ဘာကြောင့်လဲဆိုတော့ သူက သူ့အကျိုးကိုကြည့်တာဆိုတော့ ထင်ထင်ရှားရှားကြီး အတ္တကို မပြပါဘူး။

လာဂိုရှေးဖိုးကောကတော့…

"မိတ်ဆွေစိတ်ဟုခေါ်သော အရာသည် လူမှုဆက်ဆံရေးတစ်ခုဖြစ်၏။ မျက်နှာသာပေးမှုများ၊ အကြံဉာဏ်များကို တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ပေးကြသော ဆက်ဆံရေးဖြစ်၏။ နောက်ဆုံး၌ ကျွန်ုပ်တို့သည် စီးပွားရေးဆန်သော ဆက်ဆံမှုတစ်ခုသို့ ရောက်လာခဲ့၏။

ထိုစီးပွားရေးဆန်သော ဆက်ဆံမှု၌ အတ္တအကျိုးစီးပွားသည် အမြတ်အစွန်းကို အမြဲတမ်း မျှော်လင့်နေတတ်၏"

လို့ ဆိုပါတယ်။

ကြီးပွားချမ်းသာတုန်းမှာ မိတ်ဆွေအပေါင်းအသင်းတွေပေါပြီး ဆင်းရဲဒုက္ခရောက်နေတုန်းမှာတော့ အပေါင်းအသင်းတွေက ကိုယ့်ကို

စွန့်ပစ်သွားကြတယ်ဆိုတဲ့ စကားကတော့ ခဏခဏ ကြားဖူးနေကျ စကားပါ။

တချို့ကျတော့ ဒီလိုမဟုတ်။

တစ်ဖက်သားရဲ့ အားနည်းချက်ကိုမြင်ပြီး မသိမသာ ကျေနပ်တဲ့ စိတ်မျိုးတွေ ဝင်နေတယ်။

ဒါပေမယ့်...

လက်တွေ့ဆက်ဆံရေးမှာတော့ ဒီအချက်ကို မဖော်ပြဘူး။

ပါစကယ်ပြောသလိုပေါ့။

"ကျွန်တော်တို့နောက်ကွယ်မှာ ကိုယ့်အကြောင်းကို မိတ်ဆွေတွေက ဘယ်လိုပြောနေသလဲဆိုတာ သိရင် လောကမှာ မိတ်ဆွေဆက်ဆံရေးရယ်လို့တောင် သိပ်ရှိတော့မှာ မဟုတ်တော့ဘူး"

ရှေ့တစ်မျိုး၊ ကွယ်ရာတစ်မျိုးပေါ့။

တချို့ကျတော့ လေးစားမှုတော့ရှိတယ်။

ဒါပေမယ့်...

ကိုယ့်ထက်သာတဲ့အတွက် မနာလိုဖြစ်တတ်ကြတယ်။

မိတ်ဆွေတွေရဲ့ ကောင်းတဲ့စရိုက်ကို အတုခိုးရမယ့်အစား အပြစ်ကို မြင်တတ်ကြတယ်။

ဒါက လူသားစရိုက်ဖြစ်တယ်။

သို့သော်...

လူသားတွေနေတဲ့ လောကမှာ လူမှုဆက်ဆံရေးဟာ မရှိမဖြစ်လိုအပ်သလို ဘဝတိုးတက်အောင်မြင်ရေးအတွက်လည်း အဓိကကျနေပါတယ်။



ဒီတော့...

မိတ်ဆွေတွေကို မိမိက ဘယ်လိုဆက်ဆံမလဲ?

သူတို့က မိမိကို ဘယ်လိုဆက်ဆံမလဲ?

လူမှုဆက်ဆံရေး မကောင်းရင် ဘဝအောင်မြင်ရေးအတွက် အခက်အခဲတစ်ခုပါပဲ။

× × ×

လူဟာ မိတ်ချမ်းသာဖို့နဲ့ ဘဝအောင်မြင်ဖို့အတွက်ဆိုခဲ့ရင် နှစ်လိုဖွယ်ကောင်းတဲ့ မိတ်ဆွေတွေ ရှိနေရပါမယ်။

မိတ်ဆွေတွေရှိဖို့ဆိုပါက...

မိမိရဲ့ပေါင်းသင်းဆက်ဆံရေးဟာ အရေးကြီးပါတယ်။

မိတ်ဆွေကောင်းတွေရဖို့...

အရေးကြီးဆုံးလုပ်ရမှာကတော့

မိမိကိုယ်တိုင်က မိတ်ဆွေကောင်းဖြစ်နေဖို့ပါပဲ။

ကိုယ်ကကောင်းမှ...

သူများက ကောင်းပါမယ်။

မိမိကိုယ်တိုင်က မိတ်ဆွေကောင်းမဖြစ်ဘဲနဲ့ သူတစ်ပါးက မိမိကို ပြန်ပြီးတော့ မိတ်ဆွေကောင်းပီသဖို့ဆိုတာဟာ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ပါဘူး။

မိတ်ဆွေကောင်းဖြစ်နိုင်မယ့် အချက်အလက်တွေကို ဒေါက်တာကျော်စိန်ရဲ့ "သင့်ဘဝအတွက်တာ အသုံးချစိတ်ပညာ"မှာ အောက်ပါအတိုင်း ဖော်ပြထားပါတယ်။

အချို့သောသူတွေဟာ ပင်ကိုဗီဇအားဖြင့် မိမိနဲ့ ဆက်ဆံရသူတွေကို စိတ်ချမ်းသာအောင် ပြောဆိုပြုမူတတ်ပါတယ်။

ကျေးဇူးပြုပါ၊ ခွင့်လွှတ်ပါ၊ ဝင်ခွင့်ပြုပါ၊ မှားသွားပါတယ်၊ ကျေးဇူးတင်ပါတယ်။ ဒီစကားတွေဟာ ပြောရိုးပြောစဉ် စကားတွေဖြစ်ပေမယ့်လည်း စေတနာကောင်းနဲ့ ပြောဆိုဆက်ဆံပါက အလွန်နားထောင်လို့ ကောင်းပါတယ်။

မပြောလည်းဖြစ်တဲ့ စကားတွေပါ။

ဒါပေမယ့်…

စစ်မှန်တဲ့ စေတနာနဲ့သုံးရင် တစ်ဖက်သားစိတ်ကို ချမ်းမြေ့အောင်ပြုလုပ်ရာမှာ ထက်မြက်တဲ့ လက်နက်တွေ ဖြစ်သွားပါတယ်။ ဒါကို 'ယဉ်ကျေးဖော်ရွေခြင်း' လို့ ခေါ်ပါတယ်။

တချို့ကတော့ ဆက်ဆံရေးမှာ 'ပါးနပ်လိမ္မာပါတယ်'။

ပါးနပ်လိမ္မာခြင်းဆိုတာ…

စကားပြောရင် ပြေပြစ်ချောမွေ့ခြင်း၊ အခါအခွင့် သိတတ်ခြင်း၊ အကြမ်းမှုကို အနုဖြင့် ချေအောင်စေနိုင်ခြင်း၊ ကာလဒေသ အချိန်အခါအလိုက် ပြောသင့်တဲ့စကားနဲ့ မပြောသင့်တဲ့စကား၊ ပြုမူသင့်သောအချက် နှင့် မပြုမူသင့်တဲ့အချက်တို့ကို သိရှိခြင်းပါပဲ။

တစ်ခါတစ်ရံကျရင် မိမိက အမှတ်တမဲ့ ပြောဆိုလိုက်တဲ့ စကားတစ်ခွန်းဟာ တစ်ဖက်သားအတွက် အကြီးကျယ် ထိခိုက်နစ်နာစရာ ဖြစ်သွားတတ်ပါတယ်။

• ဒါဟာ ဆက်ဆံရေးကို ထိခိုက်စေပါတယ်။

မိမိကို သူတစ်ပါးက နောက်တစ်ခါ မဆက်ဆံချင်တော့ပါဘူး။



အောင်မြင်ချင်တဲ့သူဟာ မိမိကို သူတစ်ပါးက ခင်မင်ချင်အောင် ဆက်ဆံနိုင်ရပါတယ်။

မိမိကို သူများအား ခင်မင်မှုကို လိုချင်ရင်…

မိမိကိုယ်တိုင်ကလည်း အခြားသူများကို ခင်မင်စွာ နေရပါမယ်။

အဲဒီအတွက်…

သူများအပေါ် မိမိက စိတ်ဝင်စားကြောင်း၊ ခင်မင်ကြောင်းကို ဖော်ထုတ်ပြသပါ။ တွေ့တဲ့အခါ အမည်ကိုဖော်ထုတ်လို့ဖြစ်စေ၊ ရာထူးကိုဖော်ပြထုတ်လို့ဖြစ်စေ ပြုံးရွှင်စွာ နှုတ်ဆက်ပါ။

အခြားသူတို့ စကားပြောရင် စိတ်ဝင်စားစွာ နားထောင်ပါ။

လိုက်လျောညီထွေစွာ ပေါင်းသင်းဆက်ဆံပါ။

တကယ်လို့ မိမိအနေနဲ့ ဆက်ဆံရေးညံ့သော ကျောင်းသားတစ်ယောက် ဖြစ်နေပါက အောက်ပါနည်းကို သုံးပါ။

(၁) မိတ်ဆွေအပေါင်းအသင်းတွေရဲ့ နာမည်ကို မှတ်သားထားပါ။ တွေ့ရင် နာမည်ကိုခေါ်ပြီး နှုတ်ဆက်ပါ။ ရင်းနှီးကျွမ်းဝင်စွာ ဆက်ဆံပါ။

(၂) တစ်နေ့လျှင် အနည်းဆုံး တစ်ကြိမ်လောက် အသိအကျွမ်းတစ်ဦးဦးနှင့် စကားပြောပါ။ မည်သူ့ကိုမျှ စကားမပြောဘဲ တစ်ဦးတည်းနေတတ်တဲ့ အလေ့ကို ရှောင်ကြဉ်ပါ။

(၃) မကြာမကြာ ခင်မင်ရင်းနှီးသူ တစ်ဦးဦးနဲ့ မုန့်စားရင်း စကားမပြည်ပြောတဲ့ အလေ့ကို မွေးမြူပါ။

(၄) ဖြစ်နိုင်ပါက ကျောင်းမှာ ကျင်းပတဲ့ စကားရည်လုပွဲတွေ၊ အားကစားပြိုင်ပွဲတွေ၊ ပျော်ပွဲရွှင်ပွဲတွေမှာ ပါဝင်သူမဟုတ်သည့်တိုင် အားပေးသူအဖြစ် ပါဝင်လှုပ်ရှားပေးပါ။

ဒါဟာ…

တစ်ကိုယ်တည်းနေတတ်သူတွေအတွက်ကောင်းတဲ့ နည်းလမ်းပါ။

မကောင်းတဲ့စိတ်ထားနဲ့ မကောင်းတဲ့ အပြုအမူတွေကို ကြိုးစားပြီး ပြောင်းလဲခြင်းဟာ ဘဝတစ်သက်လုံး ကောင်းစားရေးအတွက် အကောင်းဆုံးဆောင်ရွက်ချက်တွေပါပဲ။

စိတ်ဓာတ်ရင့်ကျက်သူတွေဟာ…

မိမိတို့ရဲ့ ဘဝဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်တဲ့အခါ 'ယှဉ်ပြိုင်ခြင်းသည် အဓိက၊ အနိုင်အရှုံးသည် သာမည' ဆိုတဲ့ အားကစားစိတ်ဓာတ်နဲ့ ပေါင်းသင်းဆက်ဆံကြပါတယ်။

ကောင်းမွန်တဲ့ ပေါင်းသင်းဆက်ဆံရေးမှာ…

စိတ်ဓာတ်ရင့်ကျက်နိုင်မှာမှ ရှိရပါတယ်။

အစစ အရာရာ သူတစ်ပါးအပေါ် မှီခိုလွန်းခြင်း၊ တာဝန်မသိတတ်ခြင်း၊ မိမိကိုယ်မိမိ ထိန်းသိမ်းနိုင်စွမ်းမရှိခြင်း စသည်တို့ကား စိတ်ဓာတ်မရင့်ကျက်သူတစ်ဦးနဲ့ ချွတ်ယွင်းချက်တွေပဲဖြစ်ပါတယ်။

စိတ်ဓာတ်ရင့်ကျက်သူတို့ကား ပျော်ပျော်ရွှင်ရွှင် နေတတ်ခြင်း၊ မိမိစိတ်ကို ထိန်းသိမ်းချုပ်တည်းနိုင်ခြင်း၊ မွေမိမ္ဘာန်ကျကျ စဉ်းစားတတ်ခြင်း၊ စာနာထောက်ထားတတ်ခြင်း၊ မိမိကိုယ်ကို ယုံကြည်အားထားခြင်းစတဲ့ အရည်အချင်းတွေရှိကြပြီး ပေါင်းသင်းဆက်ဆံရေးတွင် အောင်မြင်နိုင်ကြပါတယ်။



အောင်မြင်တဲ့ ပေါင်းသင်းဆက်ဆံရေးဟာ…

အောင်မြင်တဲ့ဘဝအတွက်

အကောင်းဆုံး အထောက်အကူပစ္စည်းပဲ။

ဒီအတွက်…

အပြုသဘောထားစိတ် ရှိရပါမယ်။

လူတို့၏ သဘောထားတွေကို ခွဲခြမ်းကြည့်မယ်ဆိုရင် အပြုသဘောထား စိတ်ဓာတ်နှင့် အဖျက်သဘောထားစိတ်ဓာတ်ဆိုတာ ရှိပါတယ်။

အဖျက်သဘောထားရှိသူဟာ မိမိပတ်ဝန်းကျင်ရှိ သက်ရှိသက်မဲ့ အရာဝတ္ထုဖြစ်ရပ်တွေအပေါ် မလိုလား၊ မနှစ်သက် လက်မခံတဲ့ သဘောရှိကြပါတယ်။

အပြုသဘောထားကျတော့ ပတ်ဝန်းကျင်ရှိ သက်ရှိသက်မဲ့ အရာဝတ္ထု ဖြစ်ရပ်တွေနဲ့ပတ်သက်ပြီး လိုလားနှစ်သက် လက်ခံတဲ့ သဘောရှိတယ်။

လူဟာ များသောအားဖြင့် မိမိသဘောကျ နှစ်သက်သူဖြစ်ရင် အပြုသဘောထားပြီး၊ မိမိနဲ့ သဘောမတိုက်ဆိုင်ပါက အဖျက်သဘောထားနဲ့ ဆက်ဆံတတ်လေ့ရှိကြပါတယ်။

သတိပြုရမှာကတော့…

အပြုသဘောထားနဲ့ ယုံကြည်ခြင်းသဘောဆိုတာ မတူပါဘူး။

အပြုသဘောထားဟု ဆိုလိုက်တာနဲ့ သူတစ်ပါးက ဘာပဲပြောပြော ယုံရမှာ မဟုတ်ပေ။ ယုံသင့်၊ မယုံသင့်တွေကို မိမိရဲ့ ကိုယ်ပိုင်ဉာဏ်နဲ့ ဝေဖန်နိုင်ရပါမယ်။

လုပ်သင့်တာနဲ့ မလုပ်သင့်တာ။

ပြောသင့်တာနဲ့ မပြောသင့်တာ။

ခွဲခြားပြီး မသိလေ၊

အောင်မြင်ဖို့အတွက် ခက်ခဲလေပါပဲ။

ဒီတော့...

အောင်မြင်တဲ့ဆက်ဆံရေးဟာ အရာရာကို အကြောင်းအကျိုး ခွဲခြားပြီး သိရမှာဖြစ်သလို စိတ်ဝင်စားဖွယ်လည်းကောင်းရပါမယ်။ စိတ်ဝင်စားဖို့ကောင်းသူဆိုတာ...

(၁) သူနှင့်အတူ တွဲဖက်လုပ်ကိုင်နေသူတို့အား ပျော်ရွှင်စိတ်ချမ်းသာအောင် ဖန်တီးတတ်ရုံမျှမက သူကိုယ်တိုင်ကလည်း အမြဲတစေ ပျော်ရွှင်လှုပ်ရှားလျက်ရှိခြင်း။

(၂) အရာရာတွင် နှံ့စပ်အောင် ကြိုးပမ်းထားသည့်အပြင် အခြားသူတို့ စိတ်ဝင်စားမှုကိုလည်း လေးစားသူဖြစ်ပြီး၊ ယေဘုယျအားဖြင့် သူသည် "စုံ"သူဖြစ်သောကြောင့် မည်သူနှင့်မဆို "ရော"၍ရခြင်း။

(၃) ဝါသနာအသစ်များ၊ စိတ်ဝင်စားမှုအသစ်များကို ပျိုးထောင်ရန်လည်း ဝန်မလေးခြင်း။

(၄) အခြားသူများ ပြောစကားကို စိတ်ဝင်စားစွာ နားထောင်တတ်သည်သာမက နားထောင်ချင်စဖွယ်ဖြစ်အောင်လည်း ပြောဆိုတတ်ခြင်း။

ဆိုတဲ့ အရည်အသွေးတွေ ရှိပါတယ်။



မိမိအနေနဲ့ သူတစ်ပါးရဲ့ စိတ်ဝင်စားမှုကို ခံယူလိုခဲ့ရင် မိမိကိုယ်တိုင်ကလည်း စိတ်ချမ်းသာစွာ နေတတ်အောင်ကြိုးစားပြီး နယ်ပယ်စုံမှာ အနည်းနဲ့အများဆိုသလို စိတ်ဝင်စားမှုရှိသင့်တယ်။

ကဏ္ဍတစ်ခုတည်းသာ သိထားရင်...

အခြားကဏ္ဍကလူတွေနဲ့ ဆက်ဆံလို့ အဆင်မပြေနိုင်ပါဘူး။

ဒီလိုဆိုတော့...

အရာအားလုံးကို လိုက်လုပ်နေရမှာလားဆိုတော့ မဟုတ်ဘူး။

ဆက်ဆံရေးမှာ အထောက်အကူပြုနေစေဖို့ သိထားသင့်တာတွေကို သိထားရပါမယ်။

ဒါ့အပြင်...

လူဟာ ဆက်ဆံမှုကောင်းမွန်ဖို့ အရည်အချင်းတွေရှိနေဖို့လိုအပ်သလို၊ မရှိသင့်၊ မရှိထိုက်တဲ့ အချက်တွေ မရှိအောင်လည်း ဂရုစိုက်ကာ ပြုပြင်ရပါတယ်။

စာနာထောက်ထားတတ်ခြင်း။

သူတစ်ပါးအား ကူညီရိုင်းပင်းလိုခြင်း။

မိမိကိုယ်ကို ယုံကြည်မှုရှိခြင်း။

စေတနာမှန်သော သနားကြင်နာစိတ်ရှိခြင်း။

စိတ်ရော၊ ကိုယ်ပါ အားပေးကူညီတတ်ခြင်း။

စတဲ့ အရည်အချင်းတွေဟာ ရှိသင့်၊ ရှိထိုက်တဲ့ အချက်တွေပဲဖြစ်တယ်။ ဒီအချက်တွေဟာ ဆက်ဆံရေးကိုလည်း ကောင်းမွန်စေသလို ဘဝအောင်မြင်မှုကိုပါ အထောက်အကူဖြစ်စေနိုင်တဲ့ ကြီးမားသော အချက်အလက်တွေပါပဲ။

ဒါဆိုရင်…

ဒီအချက်တွေရှိအောင် ထိပ်တန်းရောက်ချင်တဲ့သူဟာ ကြိုးစားရမှာဖြစ်ပေမယ့် ဒီအရည်အချင်းတွေဟာ အလွယ်တကူရှိလာနိုင်ပါသလား။

လုံးဝ မလွယ်ကူပါ။

သို့သော်…

မဖြစ်နိုင်လောက်အောင် မလွယ်ကူဘူးလားဆိုတော့ မဟုတ်ပါ။ ဒီအရည်အချင်းတွေ မိမိမှာ ရှိလာအောင် တဖြည်းဖြည်း လေ့ကျင့်ယူရပါမယ်။

ကောင်းတာကိုလုပ်ရင်…

မကောင်းတာကို မလုပ်ဖို့ တွန်းအားဖြစ်စေပါတယ်။

ဒီတော့…

လူဟာ ဆက်ဆံရေးကောင်းမွန်စေဖို့ ရှိသင့်၊ ရှိထိုက်သောအရည်အချင်းတွေ ပြည့်လာအောင် လုပ်ဆောင်ရသလို၊ မရှိသင့်သောအမူအကျင့်များ ပပျောက်သွားအောင်လည်း အားထုတ်ရပါလိမ့်မယ်။

ပြုပြင်သင့်တဲ့ အချက်တွေကို ပြုပြင်လေ။

ရှိသင့်သော အချက်များ ရှိလာလေပါပဲ။

အရေးကြီးတာက…

မိမိကိုယ်ကို ကောင်းသည်ထက်ကောင်းအောင် ကြိုးစားအားထုတ်သွားဖို့ပါပဲ။

"အောင်မြင်မှုဆိုတာ
လိုချင်တာကို ရအောင်ယူနိုင်တာပဲ၊
ဖြစ်ချင်တာကို ဖြစ်အောင်လုပ်နိုင်တာပဲ၊
ကျော်ကြားတာပဲ၊ ကြီးပွားတာပဲ၊
ဒီလောက်နဲ့ တိုင်းတာလို့ မရပါဘူး။
ဘယ်လောက်ပေးဆပ်ခဲ့သလဲ၊
ဘယ်လောက် ပေးဆပ်နိုင်သလဲဆိုတာနဲ့လည်း
တိုင်းတာရတယ်"

## ပေးဆပ်ခြင်း အရသာ

တစ်ခါက ပေါလ်ဆိုတဲ့ ကောင်လေးတစ်ယောက် ရှိခဲ့ဖူးပါတယ်။ သူက ချမ်းသာတဲ့ အသိုင်းအဝိုင်းကဖြစ်ပါတယ်။

ချမ်းသာတဲ့ မိသားစုဖြစ်လေတော့ ခရစ္စမတ်လက်ဆောင်ပေးရင်တောင်မှ တစ်ယောက်နဲ့တစ်ယောက် တန်ဖိုးရှိတဲ့ ပစ္စည်းတွေကို ပေးလေ့ရှိကြတာပေါ့။

ဒီနှစ်လည်း ခရစ္စမတ်ရက်မှာ ပေါလ်တစ်ယောက် တန်ဖိုးကြီးတဲ့ ပစ္စည်းတစ်ခုကို ရလိုက်တယ်။

ပေးတာက သူ့အစ်ကို။

ပစ္စည်းက ကားအသစ်။

ဒီလိုနဲ့…

ခရစ္စမတ်အကြိုနေ့တစ်ရက်မှာ ပေါလ် ရုံးခန်းကထွက်တော့ ကောင်လေးတစ်ယောက်က သူ့ရဲ့ကားသစ်ကြီးကို စိတ်ဝင်စားစွာနဲ့ ကြည့်နေတယ်။



သူ့ကိုမြင်တော့…

"အစ်ကို့ကားလား"

"ဟုတ်တယ်၊ ငါ့အစ်ကိုက ငါ့ကို ခရစ္စမတ်လက်ဆောင် ပေးထားတာကွ"

ပေါလ်ရဲ့အဖြေစကားကိုကြားတော့ အဲဒီကောင်လေးက တအံ့တသြဖြစ်သွားတယ်။

ဟုတ်တယ်လေ။

ဒီလောက်ကောင်းတဲ့ ကားအသစ်ကြီးကို အလကားရထားတာဆိုတော့ မအံ့သြဘဲနေပါ့မလား။ သူက …

"ဟာ… ခင်ဗျားအစ်ကိုက အလကားပေးတယ်ဆိုတော့ ခင်ဗျားပိုက်ဆံတစ်ကျပ်မှ မကုန်ဘူးပေါ့။ ဆုတောင်းလို့သာ ရမယ်ဆိုရင်ဗျာ…"

သူ့အသံက ပျောက်သွားတယ်။

ပေါလ်လည်း ကောင်လေးက တောင်းမယ့်ဆုကို မပြောရသေးပေမယ့် ကြိုသိနေလိုက်တယ်။ ဆုတောင်းလို့သာရမယ်ဆိုပါက ပေါလ်လို အစ်ကိုတစ်ယောက် လိုချင်မှာပေါ့။

ဒီဆုတောင်းကလွဲပြီး တခြား ဘာဖြစ်မှာလဲ။

ဒါပေမယ့်…

ကောင်လေးပြောလိုက်တဲ့ စကားတစ်ခွန်းကတော့ ပေါလ် ထင်ထားတဲ့အဖြေနဲ့ ဆန့်ကျင်စွာ လွဲမှားနေခဲ့တယ်။ သူက…

"ကျွန်တော် အဲဒီလိုအစ်ကိုမျိုး ဖြစ်ချင်တယ်"

ဒီစကားနဲ့တင် သူ့ကို ပေါလ် တုန်လှုပ်စွာကြည့်နေမိတယ်။ ဒီလိုစိတ်ထားမျိုးနဲ့ ဒီလိုစကားမျိုးဟာ လူတိုင်း အလွယ်တကူပြော ဖြစ်ဖို့၊ လုပ်နိုင်ဖို့ မလွယ်ကူပါဘူး။

သူ့လို ပကတိဖြူစင်မှုနဲ့ ရိုးသားမှုမျက်လုံးတွေက အရောင် တဖျတ်ဖျတ်လက်နေတော့ ပေါလ်တစ်ယောက် သူ့ကို စိတ်ဝင်စားသွား တယ်။

"မင်း ငါ့ကားလိုက်စီးချင်လား"

"စီးချင်တာပေါ့ဗျာ"

ပေါလ်ကလည်း သူသွားချင်တဲ့နေရာကို လိုက်ပို့ပေးဖို့ စိတ်ကူး ပြီး မောင်းထွက်လိုက်တယ်။

ကားထွက်ပြီး ခဏနေတော့...

"အစ်ကို ကျွန်တော့်အိမ်ဘက်ကို ဖြစ်နိုင်ရင် လှည့်မောင်းပေး ပါဗျာ"

ပေါလ်က သူ့စကားကြားတော့ ပြုံးတယ်။

သူ့အပြုံးက မရိုးပြုံး။

ကားအသစ်ကြီးစီးပြီး ရပ်ကွက်ထဲကို ဝင်လာတော့ အိမ်နီး နားချင်းတွေက သူ့ကို ဝိုင်းကြည့်ကြမယ်။ ပြီးရင် ဝိုင်းမေးကြမယ်။ သူကလည်း မော်ကြွားစွာ ဖြေမယ်ပေါ့။

ဒါက ပေါလ့်အတွေး။

သာမန်အနေအထားအားဖြင့်လည်း ဒါမျိုးတွေက များစွာဖြစ် တတ်တယ် မဟုတ်လား။



သို့သော်...

ဒီတစ်ခါလည်း ပေါလ် မှားသွားပြန်ပါတယ်။

သူက သာမန်အနေအထားတစ်ခု မဟုတ်တော့။

"ဟို...လှေကားနှစ်ဆင့်နဲ့အိမ်ရှေ့ ခဏရပ်ပေးပါ"

ကားပေါ်ကဆင်းပြီး အိမ်ပေါ်ကို ပြေးတက်သွားတယ်။ သူ့ပုံစံ က တစ်ခုခုကို အလျင်လိုနေသလို။

ခဏကြာတော့ နှေးကွေးစွာ ပြန်ဆင်းလာတယ်။

သူ့လက်ထဲမှာတော့ ခြေမသန်ပုံရသည့် သူ့ညီလေးကို ပွေ့ချီ လို့။ အောက်ရောက်တော့ သူ့ညီလေးကို အောက်ဆုံးလှေကားထစ်မှာ ထိုင်နိုင်းတယ်။

သူ့လက်တစ်ဖက်က သူ့ညီကို တင်းတင်းဖက်ထားပြီး ပေါလ်ရဲ့ ကားကိုပြကာ...

"တွေ့လား ညီလေး၊ အပေါ်ထပ်မှာတုန်းက အစ်ကိုကြီးပြော ခဲ့တဲ့ သူ့အစ်ကိုက သူ့ကို ခရစ္စမတ်လက်ဆောင်ပေးထားတဲ့ ကားလေ၊ သူ့ပိုက်ဆံမကုန်ဘူး။ နောက်ကျရင် ညီလေးကိုလဲ ဒါမျိုးကားတစ်စီး ဝယ်ပေးမှာပေါ့။

အဲဒီအခါကျရင် ညီလေးကို အစ်ကိုကြီးပြောထားတဲ့ ခရစ္စမတ် အရောင်းဆိုင်တွေမှာ ပြသထားတဲ့ ပစ္စည်းမျိုးစုံကို လိုက်ပြပေးမယ် နော်"

သူ့အသံက ပျော့ပျောင်းပေမယ့် အားပါးတရရှိလှ၏။

အခုပဲ ဝယ်ပေးတော့မလိုပါပဲ။

အဓိက ဦးတည်တဲ့ သူ့ညီလေးမပြောနဲ့ ကြားကတစ်ဆင့် ကြားရတဲ့ ကျွန်တော်ပင် တစ်ခုခုကို အမှတ်ရလိုက်သလိုပါပဲ။

ယူရခြင်းအရသာနှင့် ပေးရခြင်းအရသာ။

အဲဒီနေ့က သူတို့သုံးယောက် လျှောက်လည်ခဲ့ကြတယ်။

ပေါလ်အတွက်တော့ ဒီအဖြစ်အပျက်ဟာ ဘယ်လိုမှ မေ့လို့ရနိုင်တော့မှာ မဟုတ်ပါဘူး။

× × ×

တစ်ခါတုန်းကျရင် ကျွန်တော်တို့တစ်တွေဟာ ကျွန်တော်တို့ဘဝတွေကို အမြင့်မားဆုံး ဆောက်တည်နိုင်ဖို့ မိမိအတ္တတွေကို မိမိတို့ကိုယ်တိုင် မြှင့်တင်ကြတယ်။

မိမိလိုချင်တာရဖို့၊ မိမိလုပ်ချင်တာဖြစ်ဖို့၊ မိမိမျှော်မှန်းထားတာတွေ ရုပ်လုံးပေါ်လာဖို့၊ မိမိသတ်မှတ်ထားတဲ့ ပန်းတိုင်ကိုရောက်ဖို့ အတ္တတွေကို ရှေ့တန်းတင်လိုက်တယ်။

အဲဒီအခါမှာ ကျွန်တော်တို့လိုချင်တဲ့ အနေအထားတစ်ခုကို ရောက်သွားကြတယ်။

အခက်အခဲတွေကို ကျော်လွှားခဲ့တယ်။

သို့သော်...

အသေအချာ ပြန်ပြီးတော့ စဉ်းစားကြည့်တဲ့အခါမှာတော့ ကျွန်တော်တို့ဟာ ဘဝတစ်ခုကို တည်ဆောက်တဲ့အခါ မိမိလိုချင်တာကို ရလာတဲ့အခါမှာ ကျွန်တော်တို့ တကယ်ကော စိတ်ကျေနပ်မှုကို ရခဲ့ပါသလား?



ကျွန်တော်တို့ ကျော်လွှားခဲ့တဲ့ အခက်အခဲ (တစ်နည်းအားဖြင့်) ကျွန်တော်တို့ရဲ့ အခက်အခဲ ကျော်လွှားမှုပုံစံဟာ ကြည်နူးမှုအပြည့် ရှိခဲ့ပါရဲ့လား ဆိုတာကို လေ့လာမိဖို့ လိုအပ်ပါတယ်။

ချုပ်ပြောရလျှင်...

အယူသက်သက်နဲ့သာ အောင်မြင်တဲ့ဘဝကို ဖန်တီးခဲ့သလား။ သူတစ်ပါးရဲ့ဘဝကို စာနာခြင်းဆိုတဲ့ ပေးဆပ်ခြင်းတွေကို မပြုလုပ်ခဲ့ကြဘူးလား။ စဉ်းစားသင့်ပါတယ်။

ဘာကြောင့်လဲဆိုတော့ အောင်မြင်တဲ့ ဘဝတစ်ခုကိုတော့ ရရှိလာပါပြီ။ ဒါပေမယ့် မိမိစိတ်ထဲမှာ ကျေနပ်မှု၊ ကြည်နူးမှုမရှိရင် တကယ့်အောင်မြင်မှု မဟုတ်ပါဘူး။

တကယ့်အောင်မြင်မှုအစစ်ဟာ...

စိတ်ကျေနပ်မှုကို အပြည့်အဝ ပေးပါတယ်။

မိမိကိုယ်ကျိုးတစ်ခုတည်းကို မကြည့်ပါဘူး။

မိမိထက် နိမ့်ကျတဲ့သူတွေရဲ့ ဘဝတွေကို စာနာစွာနဲ့ ပြန်ကြည့်ပါတယ်။

တချို့က...

အောင်မြင်မှုကို ရအောင်ယူတယ်။

သို့သော်...

စိတ်က အကျဉ်းကျနေတတ်ပါတယ်။

"ငါ့ကို လူတွေက ဘာတွေများ ပြောနေကြမလဲ"

"အို... ဘာပဲပြောပြောကွာ၊ ငါရှိဖို့ အဓိကပဲ"

"နာမည်ကောင်းမရတော့လဲ ဘာဖြစ်လဲ"

"ငါချမ်းသာဖို့၊ ငါရာထူးရှိဖို့ကလွဲပြီး ဘာမှ မရှိဘူး"

စသဖြင့် မိမိအတ္တတွေနဲ့ မိမိစိတ်ရဲ့ လွတ်လပ်မှုမရှိ တာဟာ စိတ်ဓာတ်အကျဉ်းကျနေတာပါပဲ။

စိတ်ဓာတ်အကျဉ်းကျရင်…

ပျော်ရွှင်မှုဟာ မလွတ်လပ်တော့ဘူး။

လွတ်လပ်တဲ့ ပျော်ရွှင်မှုဆိုတာ…

ပေးဆပ်ခြင်းပေါ်မှာ မှီခိုရတယ်။

ဒါကြောင့်…

အောင်မြင်တဲ့ ဘဝတွေကို တည်ဆောက်တဲ့အခါမှာပဲဖြစ်ဖြစ်၊ အောင်မြင်လာတဲ့အခါမှာပဲဖြစ်ဖြစ်၊ အခက်အခဲများကို ရင်ဆိုင်ကျော်လွှားတဲ့အခါမှာပဲဖြစ်ဖြစ် ရယူဖို့ကိုလုပ်သလို ပေးဆပ်ခြင်းအရသာကိုလည်း ခံစားတတ်ပါစေ။

"အခွင့်အရေးရှိရင် အောင်မြင်တယ်လို့

ဒါပေမယ့်…

မိမိရဲ့ အကြောသိ

မိမိရဲ့ အရည်အချင်း

မိမိရဲ့ စိတ်သဘောထား

မိမိရဲ့ အမြင်အရ

ဒါတွေဟာ

မိမိရဲ့ အခွင့်အရေးဆိုတာကို မွေးထုတ်ပြတယ်"

## အခွင့်အရေးရှိအောင်နေပါ

“ဘဝရေစီးကြောင်းအတွင်း ရွှေရောင်အစိုက်အတန့်ကလေးများ လျှင်မြန်စွာ ဖြတ်သန်းစီးဆင်းသွားသည်ကို ကျွန်ုပ်တို့မမြင်၊ ရေအောက်သဲပြင်ကိုသာ မြင်ကြ၏။ ကောင်းကင်နတ်တမန်တို့ ကျွန်ုပ်တို့ထံ အလည်လာသည်ကို မသိ၊ ပြန်တော့မှ သိကြ၏”

(ဂျော့ချ်အဲလီယော့)

ဒါဟာ ကျွန်တော်တို့ အခွင့်အရေးတွေကို လက်လွှတ်ဆုံးရှုံးခဲ့မှုတွေကို ပြောတာပါ။ ဒါနဲ့တူတဲ့ နောက်ထပ်စကားက…

“မအောင်မြင်သော လမ်းမကြီးတစ်လျှောက်တွင် လွဲချော်ခဲ့သော အခွင့်အရေးတို့ ပြန့်ကျဲလျက်ရှိပေသည်”တဲ့။

ဒီတော့…

စဉ်းစားစရာတွေက ရှိလာပါတယ်။

အခွင့်အရေးဆိုတာ ဘယ်လိုရောက်လာပါသလဲ။

တစ်ခါတလေကျရင် ကျွန်တော်တို့တွေဟာ လုပ်ပါလျက်နှင့် အဆင်မပြေတဲ့အခါမျိုးတွေမှာ ကံကြမ္မာဆိုးတွေကို အပြစ်တင်လေ့ရှိပါတယ်။



“ငါတို့မှာ သူတို့လို အခွင့်အရေးမရှိ”

ဒီလိုစကားမျိုးကို အကြိမ်ပေါင်းများစွာ ပြောလေ့ရှိတတ်ကြပါတယ်။

ဆိုရရင်…

အခွင့်အရေးကောင်းဆိုတာမျိုးဟာ ကုသိုလ်ကံအကျိုးပေးကောင်းတဲ့ သူတွေထံကိုသာ ရောက်လာတတ်ပြီး ကုသိုလ်ကံအကျိုးပေးနည်းတဲ့ သူတို့ထံကို မရောက်ဘူးလို့ ထင်လေ့ရှိကြပါတယ်။

ဒါပေမယ့်…

ဒီအယူအဆဟာ မဟုတ်ပါဘူး။

တကယ့်အခွင့်အရေးဆိုတာ မိမိကိုယ်က ထွက်ပြီး မိမိကိုယ်ထဲကို တစ်ဖန်ပြန်ရောက်တတ်စမြဲပါ။

ဒီတော့…

မိမိသာလျှင် အခွင့်အရေးကို ဖန်တီးသူ။

မိမိသာလျှင် အခွင့်အရေးကို တီထွင်သူ။

မိမိသာလျှင် အခွင့်အရေးကို ကြံဆသူ ဖြစ်တယ်။

အရေးကြီးတာက အခွင့်အရေးတွေ ဖြစ်ပေါ်လာစေဖို့ဆိုရင် ကိုယ့်မှာ ဘာအရည်အချင်းရှိလဲ၊ ဘာအစွမ်းအစရှိလဲ။ မိမိမှာရှိတဲ့ အရည်အချင်း၊ အစွမ်းအစတွေကို ဘယ်နေရာမှာ အကောင်းဆုံး အသုံးချရမယ်ဆိုတာကိုပါ သိနေရပါလိမ့်မယ်။

မိမိရဲ့ အစွမ်းအစကို အကောင်းဆုံး အသုံးချမှုဟာ…

မိမိအတွက် အကောင်းဆုံး အခွင့်အရေးပါပဲ။

တစ်ခုရှိတာက အစွမ်းအစတွေကို အသုံးချတဲ့အခါ ဘယ်အရာကာ အသင့်တော်ဆုံးဖြစ်မလဲ။ ဘယ်အရာကာ မိမိအတွက် အလုပ်သင့်ဆုံးလဲဆိုတာကို သိရပါလိမ့်မယ်။

လုပ်သင့်တာကို အချိန်မီ လုပ်ခြင်းဟာလည်း…

အကောင်းဆုံး အခွင့်အရေးပါပဲ။

အခွင့်အရေးလို့ဆိုလိုက်တာနဲ့ အကျိုးအမြတ်တစ်ခုတည်းသာ ပြေးမြင်လို့ မရပါဘူး။ တကယ်တမ်းအားဖြင့် အခွင့်အရေးရဲ့ နယ်ပယ်ဟာ ကျယ်ဝန်းလှ၏။

သူတစ်ပါးက မဖြစ်နိုင်ဟု ထင်ထားတဲ့အရာကို မိမိက ဖြစ်နိုင်တယ်လို့ထင်ပြီး လုပ်ခြင်းဟာလည်း အခွင့်အရေးပါပဲ။

သူတစ်ပါးက အသေးအဖွဲကိစ္စရပ်တွေအတွက် ငြင်းခုံ နေစဉ်မှာ မိမိအနေနဲ့ ကိုယ့်အလုပ်ကို လုပ်ခြင်းဟာလည်း အခွင့်အရေးပါပဲ။

သူတစ်ပါးတွေက ခက်ခဲကြမ်းတမ်းမှုများကို ဆက်လက်ကျော်ဖြတ်ဖို့ အားငယ်နေချိန်မှာ မိမိက ဇွဲရှိရှိနဲ့ ပုံမှန်လုပ်ဆောင်ခြင်းဟာလည်း အခွင့်အရေးပါပဲ။

ဒါ့အပြင်…

မိမိစွမ်းအားအပေါ် သံသယဝင်စိတ်ကို ပယ်ဖျောက်ခြင်း၊

ကိုယ့်ကိုယ်ကို ယုံကြည်ခြင်း၊

စိတ်ဒွိဟ ဖြစ်မနေခြင်း၊

ရှင်လန်းတက်ကြွစွာ အလုပ်လုပ်ခြင်းတို့ဟာလည်း သူတစ်ပါးတို့ မရနိုင်တဲ့ အခွင့်အရေးတွေပါပဲ။



တချို့က သူတစ်ပါးကို မိမိအထင်အမြင်သေးမှုတွေကြားမှာ မိမိအခွင့်အရေးကို မိမိကိုယ်တိုင် ပိတ်ပင်လိုက်ကြတယ်။

တချို့က အတိတ်က မအောင်မြင်ခဲ့မှုများကို အပြန်အလှန်တွေးတောကာ မိမိအခွင့်အရေးကို မိမိကိုယ်တိုင် ပိတ်ပင်လိုက်ကြတယ်။

သို့သော်…

ကျွန်တော်တို့ သတိပြုရမှာကတော့…

ကျွန်တော်တို့ဟာ ဘဝမှာ မအောင်မြင်မှု၊ အဆင်မပြေမှု၊ လွဲမှားစွာလုပ်ဆောင်မှုတွေကို ပြုလုပ်ခဲ့ကြပါတယ်။

ဒီလိုပါပဲ။

ကျွန်တော်တို့ဟာ မိမိအရည်အချင်း မြင့်မားအောင်မြင်အောင် လုပ်နိုင်စွမ်းလည်းရှိတယ်ဆိုတာကို သိထားရပါမယ်။

ဒီလိုမဟုတ်ဘဲ…

အဆင်မပြေမှုတွေအတွက် စိတ်ပျက်အားငယ်နေမယ်ဆိုရင် ကျွန်တော်တို့၏ အစွမ်းသတ္တိတွေ၊ အစွမ်းအစတွေ၊ အရည်အချင်းတွေ၊ အောင်မြင်မှုများဟာလည်း လေနဲ့အတူ ပျောက်ကွယ်သွားပါလိမ့်မယ်။

အောင်မြင်မှုဆိုတာ…

နေရာတိုင်းမှာ ရှိတယ်။

မသိသူက ကျော်သွားတယ်၊ သိသူက ဖော်စားတယ်။

ကိုယ့်အရည်အချင်း ကိုယ်သိသူဟာ…

ကိုယ့်အခွင့်အရေး ကိုယ်ဖန်တီးတယ်။

ကိုယ့်အောင်မြင်မှု ကိုယ်တည်ဆောက်တယ်။

ကိုယ့်အခက်အခဲ ကိုယ်ကျော်လွှားတယ်။

ဒီအတွက်…

မိမိအခွင့်အရေးကို မိမိကသာ ဖန်တီးရပါတယ်။

တစ်ခါတလေကျရင် တစ်ချို့အခွင့်အရေးတွေဟာ အခက်အခဲတွေနဲ့ ဖုံးကွယ်ထား၏။ အဲဒီ ဖုံးကွယ်ထားတဲ့ အခက်အခဲတွေကို ဖယ်ရှားပစ်မှ အခွင့်အရေးက ရောက်လာတယ်။

ခက်တာက ကျွန်တော်တို့တစ်တွေဟာ အခွင့်အရေးကိုတော့ လိုချင်ပြီး အခက်အခဲကိုတော့ ရင်ဆိုင်ဖို့အရေး ကြောက်လန့်နေတတ်ကြပါတယ်။

တကယ်တော့ အခက်အခဲဟာ အကြောင်းတရားဖြစ်ပြီး၊

အခွင့်အရေးကတော့ အကျိုးတရားဖြစ်ပါတယ်။

ဒီတော့…

ကျွန်တော်တို့ဟာ သူတစ်ပါးက အခြေအနေမကောင်းဘူးလို့ ထင်ထားတဲ့အရာတွေရဲ့ နောက်မှာလည်း အခွင့်အရေးတွေ ရှိနေတာကို သိထားရပါမယ်။

ဒါ့အပြင်…

အဲဒီ အခွင့်အရေးလမ်းစကို အမိအရ ဆုပ်ကိုင်ပြီးတာနဲ့ ဘယ်လို အကျိုးအမြတ်များရရှိမယ်ဆိုတာကိုလည်း ရှင်းလင်းစွာသိနိုင် အောင် ကြိုးစားရပါမယ်။

တကယ်လို့…

မိမိက အခွင့်အရေးအဖြစ်ရှုမြင်လုပ်ကိုင်ထားတဲ့ အရာတွေက အဆင်မပြေမှုတွေ ကြုံတွေ့တဲ့အခါ ဒီအဆင်မပြေမှုတွေဟာ ယာယီသာဖြစ်တယ်လို့ ယုံကြည်ပြီး လုပ်ဆောင်ချက်ကို လျှော့ချလို့ မရပါဘူး။

ဒါသည်ပင် အခွင့်အရေးဖြစ်တယ်။

သို့သော်…



ဒီနေရာမှာ ဘာအဆက်အသွယ်မှ မရှိသူတို့အတွက် အခွင့်အရေး ဝင်လာနိုင်တဲ့ လမ်းကြောင်းတွေကို သိရှိထားရပါမယ်။

ဒါတွေကတော့…

စိတ်တံခါးကို ဖွင့်လှစ်ထားပါ။

သူတစ်ပါးစကားကို နားထောင်ပါ။

သူတစ်ပါးနှင့် ဆွေးနွေးစွာ ဆက်ဆံပါ။

တစ်ခါတစ်ရံမှာ တချို့အခွင့်အရေးများဟာ မိမိအတွက် အကျိုးမရှိဘူးလို့ ထင်စရာရှိပါတယ်။

သို့သော်…

ကိစ္စရပ်တိုင်းဟာ အပေါ်ယံကြည့်ပါက ဘာကိုမှ အသေအချာ မမြင်နိုင်ပါဘူး။ အသေအချာ လေ့လာကြည့်ပါမှ အခွင့်အရေးကို မြင်နိုင် ပါတယ်။

ဒီလိုပါပဲ၊

တချို့ကိစ္စရပ်တွေကျပြန်တော့လည်း မိမိအနေနဲ့ အခွင့်အရေးကြီးပဲဟု မြင်ပြီး နောက်ကွယ်က ထုထည်ကြီးမားတဲ့ အခက်အခဲတွေကျတော့ မမြင်တတ်ကြပြန်ပါဘူး။

ဒါကြောင့်…

ကိစ္စရပ်တိုင်းကို စိစစ်နိုင်ရပါမယ်။

ကိစ္စရပ်တွေကို စိစစ်တဲ့အခါမှာလည်း အခွင့်အရေးတွေဟာ ပစ္စုပ္ပန်မှာသာရှိတယ်ဆိုတာကို မမေ့ပါနဲ့။

ကျန်ခဲ့တဲ့ အခွင့်အရေးတွေနဲ့ ရောက်မလာသေးတဲ့ အခွင့်အရေးအတွက် မိမိရဲ့ ပစ္စုပ္ပန်အခွင့်အရေးတွေကို ဖြုန်းတီးမပစ်ပါနဲ့။

တစ်ချို့က…

အခွင့်အရေးတွေကို ရှာဖွေတဲ့အခါ(ရလာတဲ့အခါ) အပြည့်အဝလို့ မမြင်ဘူးဆိုရင် မယူတတ်ကြပါဘူး။

တကယ်တမ်းကျတော့ မည်သည့်အခွင့်အရေးမှ လုံးဝ ပြည့်စုံမှုဆိုတာ ရှိမလာပါဘူး။ ရလာသော အခွင့်အရေးတချို့ကိုသာ အကောင်းဆုံး အကောင်အထည်ဖော်ပြီး ပြည့်စုံသည်ထက် ပြည့်စုံအောင် ကြိုးစားရပါမယ်။

စောင့်နေရင်. ပိုကြာတတ်ပါတယ်။

ဒါ့အပြင်…

အခွင့်အရေးဟာလည်း စောင့်နေတဲ့အတွက် ပျောက်ကွယ်ပျက်စီးသွားပါတယ်။

မြန်မာစကားပုံမှာ "အခွင့်အရေးဆိုတာ နှစ်ခါ မရဘူး" လို့ ဆိုလေ့ရှိကြပါတယ်။

ဟုတ်ပါတယ်။

တစ်ခါတလေကျရင် တချို့သော အခွင့်အရေးတွေဟာ နှစ်ခါ ရောက်မလာပါဘူး။ တစ်ခါပဲ ရောက်လာတတ်ပါတယ်။ အရေးကြီးတာက ရောက်လာတဲ့ အခွင့်အရေးကို မိမိရရ ဆုပ်ကိုင်ထားဖို့ပါပဲ။

လက်မလွှတ်ပါစေနဲ့။



"လုပ်ပိုင်ခွင့်သိရင် တာဝန်ရှိတယ်၊
တာဝန်သိရင် အခွင့်အရေးရှိတယ်၊
အခွင့်အရေးသိရင် အလုပ်ရှိတယ်၊
အလုပ်မရှိရင် ဘာမှမသိဘူး၊
ဘာမှမသိရင် ဘာမှမရှိဘူး"

## တာဝန်နှင့် လုပ်ပိုင်ခွင့်

အချိုပင်စိုက်လျှင် အချိုသီးစားရမယ်။

အခါးပင်စိုက်လျှင် အခါးသီးစားရမယ်။

ကံဟူသည် မိမိစိုက်ပျိုးထားသော အပင်ကို မိမိကိုယ်တိုင် စားသုံးရခြင်းဖြစ်တယ်။

ဒီစကားကို ကျွန်တော်တို့ အကြိမ်ပေါင်းများစွာ ကြားဖူး၊ ပြောဖူးပြီးကြပြီးပါပြီ။ လက်တွေ့ဘဝမှာလည်း ဒီစကားနှင့်အညီ ဆောင်ရွက်လုပ်ကိုင် ခံစားဖူးကြပါပြီ။

သို့သော်…

တစ်ခါတလေကျရင် ကျွန်တော်တို့တစ်တွေဟာ အခါးပင် စိုက်ပြီး အချိုသီး စားချင်တာတွေ၊ ကိုယ်စိုက်ပျိုးထားတဲ့ အခါးပင်ကို သူတစ်ပါးကပဲ စိုက်ပျိုးထားသလို အပြစ်ပုံချတတ်တဲ့ အဖြစ်တွေ ရှိတတ်ပြန်ပါတယ်။



အနည်းငယ် ရှုပ်သွားလား မသိဘူး။

ပြောချင်တာက ဒီလိုပါ။

ကျွန်တော်တို့ဟာ တစ်ခါတစ်ရံ အောင်မြင်မှုနှင့် ဝတ်သက် လာရင် မိမိကြောင့်လို့ အတိအကျသတ်မှတ်ချက်ပြုပြီး ကျရှုံးသွားတဲ့ အခါမှာ သူတစ်ပါးကို အပြစ်ပုံချတတ်ပါတယ်။

ဒါဟာ…

တကယ်တမ်းအားဖြင့် သဘာဝမကျပါဘူး။

ဘာကြောင့်လဲဆိုပါက အောင်မြင်တဲ့ ဘဝတစ်ခုကို ဖန်တီး တည်ဆောက်တဲ့အခါ အဆင်ပြေသည်ဖြစ်စေ၊ အဆင်မပြေသည်ဖြစ် စေ၊ သူတစ်ပါးကြောင့်ဆိုတာထက် မိမိကိုယ်ကို ပြန်ပြီးတော့ ညွှန်းဆို ရပါမယ်။

သူတစ်ပါးဆိုတာ…

မိမိအနာဂတ် ပျက်စီးပျောက်ဆုံးသွားလောက်အောင် ဘယ်သူ တစ်ဦးတစ်ယောက်ကမှ မစွမ်းဆောင်နိုင်ပါဘူး။ မိမိကသာလျှင် မိမိ အနာဂတ်၊ မိမိဘဝကို ပျက်စီးအောင်လုပ်ဆောင်နိုင်ပါတယ်။

သို့သော်…

တစ်ခုတော့ ပြောစရာရှိပါတယ်။

အများနှောင့်ယှက်လို့ ဘဝယိုင်လဲသွားတာတော့ ရှိနိုင်ပါတယ်။

ဒါပေမယ့်…

ဘယ်တော့မှ ပြန်မထနိုင်လောက်အောင်တော့ မလုပ်နိုင်ဘူး ဆိုတာကို သိထားရပါမယ်။

"ဒီလူမရှိရင် ပြီးပြီ"

ဆိုတာထက်…

"ဒီလူ ရှိရှိ၊ မရှိရှိ ပြီးရမယ်"

ဆိုတဲ့ စိတ်ဓာတ်မျိုးနဲ့ ဖန်တီးရန်းကန်ရပါမယ်။

ဒီလိုမဟုတ်ဘဲ...

သူတစ်ပါးကို အပြစ်ပုံချတတ်တဲ့ စိတ်ဓာတ်တွေ ကြီးထွားနေမယ်ဆိုရင် ကျွန်တော်တို့ရဲ့ ပန်းတိုင်ကိုသွားတဲ့ လမ်းကြောင်းဟာလည်း အနှောင့်အယှက်တွေ ဖြစ်နေပါလိမ့်မယ်။

အဲဒီလိုမဖြစ်အောင်...

အခက်အခဲတွေကို တာဝန်ယူတတ်တဲ့စိတ် ရှိရပါမယ်။

တကယ်တမ်းအားဖြင့် အခက်အခဲတွေ ကြုံတိုင်း သူတစ်ပါးကို အပြစ်ပုံချတတ်တာဟာ မရင့်ကျက်တဲ့စိတ်ဓာတ် (တစ်နည်းအားဖြင့်) ကလေးဆန်သော အပြုအမူပင် ဖြစ်ပါတယ်။

တကယ်ရင့်ကျက်သူဟာ မိမိကြောင့်ဖြစ်တဲ့ အမှားကို ဝန်ခံရဲတဲ့ သတ္တိရှိသလို မိမိရင်ဆိုင်ရမယ့် အခက်အခဲကိုလည်း သတ္တိရှိစွာဖြင့် ရင်ဆိုင်ပါတယ်။

သတ္တိလို့ဆိုတာနဲ့...

ကျွန်တော်တို့ဟာ မှန်တာကိုလုပ်၊ မှန်တာကိုပြော၊ မှန်တဲ့အတိုင်း ပြုမူနေထိုင်ခြင်းတွေကိုသာ သတ္တိလို့ သတ်မှတ်ကြပါတယ်။

တကယ်တမ်းအားဖြင့် သတ္တိဆိုတာ...

အမှန်တရားတစ်ခုကို ပြုလုပ်ရုံနဲ့ မပြီးပါဘူး။

မိမိမှားတာကိုလည်း တာဝန်ယူတတ်ရမှာဖြစ်သလို၊



သူတစ်ပါးရဲ့ အမှားကိုလည်း အမှန်တရားနဲ့ အစားထိုးနိုင်ရပါမယ်။

ဒီလိုဆိုခဲ့ရင်...

ကျွန်တော်တို့ရဲ့ 'သတ္တိ'ဟာ တကယ်ပြည့်စုံတဲ့ 'သတ္တိ' ဟုတ်ရဲ့လားဆိုတာ စိစစ်လို့ရပါပြီ။

ကျွန်တော်တို့ သတ္တိရှိရင် ကျွန်တော်တို့ အမှန်တရားကိုလည်း ပြုလုပ်ရဲသလို ကျွန်တော်တို့ မှားနေတာကိုလည်း ဝန်ခံရဲပါတယ်။

ခဏခဏ မှားနေရင် ဘာလုပ်မလဲ။

အကြိမ်ပေါင်းများစွာ မှားယွင်းခြင်းဆိုတာ တကယ်တော့...

ကျွန်တော်တို့ရဲ့ ပေါ့ဆမှု၊

နောက်တစ်ကြိမ် မမှားအောင် မပြုပြင်မှု၊

သတိမထားမှု၊

သင်ခန်းစာ မယူတတ်ခြင်းတို့ဖြစ်တာပါ။

အမှားတွေတိုင်းမှာ...

ပြုပြင်လိုက်နာစရာ သင်ခန်းစာပါပါတယ်။

အဆင်မပြေတဲ့ အမှားတွေကို မပြုပြင်၊ မခံယူ၊ ဝန်မခံဘဲ သူတစ်ပါးကို အပြစ်ပုံချတဲ့အကျင့်ဟာ တကယ်တမ်းအားဖြင့် ပြဿနာဖြေရှင်းနည်းမဟုတ်ဘဲ ပြဿနာကို ကြီးထွားအောင် အစပျိုးလိုက်တာပါ။

အဲဒီအတွက် ဘာဖြစ်လဲ။

ခဏခဏ မှားနေတာပေါ့။

ဒီနေရာမှာ အသိဉာဏ်ရှိသူနဲ့ အသိဉာဏ်အားနည်းသူတွေရဲ့ အမှားအပေါ်က သင်ခန်းစာယူ ချဉ်းကပ်ပုံကွာခြားပါတယ်။

အသိဉာဏ်ရှိသူက သူတစ်ပါးအမှားကို သင်ခန်းစာယူတယ်။

အသိဉာဏ်အားနည်းသူက မိမိအမှားကို သင်ခန်းစာယူတယ်။

လုံးဝ မသိဉာဏ်မရှိသူကတော့ ဘယ်သူ့အမှားကမှ သင်ခန်းစာ မယူတတ်ပါဘူး။

သင်ခန်းစာ မယူရင်…

မှားပြီးသား အမှားများ အကြိမ်ကြိမ် ထပ်မှား၏။

အမှားတွေထဲက သင်ခန်းစာယူတဲ့သူတွေကတော့ အသိဉာဏ်ပါ အားကောင်းလာသလို စိတ်ဓာတ်ပါ ပိုမိုရင့်ကျက်လာပါတယ်။

စိတ်ဓာတ်အားနည်းသူဟာ…

တာဝန်တွေကို ခါချတတ်တယ်။

တာဝန်တွေကို ကြောက်တတ်တယ်။

တာဝန်တွေကို ထမ်းဆောင်တဲ့အခါမှာလည်း လေးလံစွာနဲ့ နေရတယ်။ လွတ်လပ်မှုမရှိဘူး။ နှောင့်ယှက်ဟန့်တားနေတယ်လို့ ထင်တတ်ပါတယ်။

တာဝန်က စိတ်ဖိစီးမှု ရှိပါတယ်။

ဒီလိုအနေအထားမျိုးကို ကျွန်တော်တို့အနေနဲ့ ခံစားနေရပြီဆိုရင် ကျွန်တော်တို့တစ်တွေဟာ အဲဒီအခက်အခဲများကို မကျော်လွှားနိုင်တော့ပါဘူး။

စိတ်အားမပြည့်ရင်…

မည်သည့်ကြီးကျယ်မှုကိုမျှ မျှော်မှန်းလို့ရနိုင်ပါဘူး



တကယ်ပါဟာမ်းအားဖြင့် ကျွန်တော်တို့ဟာ တာဝန်သိစိတ်၊ တာဝန်ယူတတ်တဲ့စိတ်တွေနဲ့ မိမိကိုယ်ကို ကောင်းသည်ထက် ကောင်းအောင် ပြုလုပ်နေထိုင်ခြင်းကသာ စိတ်အားပြည့်ဝတဲ့ အခြေအနေ တစ်ရပ်ကို ဖန်တီးနိုင်ပါတယ်။

စိတ်အားပြည့်ဝရင်…

အောင်မြင်မှုဟာလည်း ကြီးမားပါတယ်။

သို့သော်…

ကျွန်တော်တို့ရဲ့ ပတ်ဝန်းကျင်ကို လေ့လာကြည့်ပါ။ အောင်မြင်တဲ့သူ၊ မအောင်မြင်တဲ့သူ၊ အောင်မြင်တာလည်းမဟုတ်၊ မအောင်မြင်တာလည်း မဟုတ်တဲ့သူဆိုပြီး အခြေခံအားဖြင့် သုံးမျိုးရှိပါတယ်။

ဥပမာအားဖြင့်…

(၁) ကောင်းတာကို ပြုလုပ်သူ။

(၂) မကောင်းတာကို ပြုလုပ်သူ။

(၃) ကြားထဲနေသူ။

ဆိုပြီး လူက သုံးမျိုးရှိပါတယ်။

ဒီအထဲမှာ တတိယတန်းစားလူတွေဟာ ကျွန်တော်တို့ပတ်ဝန်းကျင်မှာ အများကြီး တွေ့ရပါတယ်။

တတိယတန်းစားလူတွေဟာ အောင်မြင်တဲ့ ဘဝတစ်ခုကို ပိုင်ဆိုင်နိုင်ပါသော်လည်း မလုပ်ဆောင်၊ သာမန်စားဝတ်နေရေးပြည့်စုံမှု တစ်ခုအတွင်းမှာ ရှင်သန်ပြီး မိမိရဲ့ ဖွံ့ဖြိုးနိုင်မှုစွမ်းအားတွေကို လျှော့ချပစ်လိုက်တယ်။

"အေးအေးဆေးဆေးပဲ နေချင်တယ်"

လို့ဆိုကြပါတယ်။ ဟုတ်ပါတယ်။ ကျွန်တော်တို့တစ်တွေရဲ့ အေးစက်မှုတွေက ကျွန်တော်တို့ရဲ့ စွမ်းအားများကို ထိန်းချုပ်လိုက်တာကို ကျွန်တော်တို့ကိုယ်တိုင် မသိလိုက်ဘူး။

တချို့ဆိုရင် ဒီထက်ပိုပြီး ဆိုးဝါးပါတယ်။

အဆင်ပြေမယ့် အနေအထားတစ်ခုဆိုပါက မိမိကြောင့်လို့ အထင်ခံချင်ကြကာ နာမည်ပျက်မယ်ရင်တော့ သူတစ်ပါးကို ညွှန်ပြကြပါတယ်။

ဒီလိုလူကတော့ 'မကောင်းတာလုပ်သူ' ဖြစ်တဲ့ ဒုတိယအမျိုးအစားမှာ ပါဝင်ပါတယ်။

နိုင်ငံတစ်ခုမှာ ခေါင်းဆောင်ပိုင်းကို တာဝန်ယူထားတဲ့ အာဏာရှိတဲ့ အကြီးအကဲတွေထဲမှာ ဒုတိယတန်းစားလူတွေ ပါဝင်မယ်ဆိုရင် အဲဒီနိုင်ငံဟာ တရားမျှတမှု ပျောက်ကွယ်သွားပါတယ်။

တရားမျှတမှု ပျောက်ကွယ်ရင်၊

မတရားမှုတွေ ထွန်းကားလာပါတယ်။

မတရားတဲ့ အဖွဲ့အစည်းဟာ 'အောင်မြင်တိုးတက်ဖို့ဆိုတာ ဘယ်လိုနည်းနဲ့မျှ မဖြစ်နိုင်ပါဘူး။

သူတို့ကိုယ်တိုင်ကလည်း သူတို့ရဲ့စွမ်းအားများကို ကောင်းတဲ့ဘက်က ပြောင်းလဲရမှာ…ပြောင်းလဲရမှာ၊ ကောင်းတာကို ပြုလုပ်ရမှာ၊ အကောင်းဆုံး အောင်မြင်တဲ့ဘဝကို ဖန်တီးရမှာကို မသိလိုက်ပါဘူး။

ကိုယ့်အရည်အသွေးကို ကိုယ်တိုင်ဖျက်ဆီးလိုက်တာပါ။

တကယ့်စစ်မှန်တဲ့ အောင်မြင်မှုဆိုတာဟာ…

တာဝန်သိတတ်မှု၊ တာဝန်ယူတတ်မှုကို အခြေပြုရပါတယ်။



မိမိကြောင့် အများစိတ်ဆင်းရဲစေတဲ့ အပြုအမူတွေကိုမလုပ်ရပါဘူး။

အထူး ရှောင်ကြဉ်ရမယ်။

စစ်မှန်တဲ့ အောင်မြင်မှုဘဝဆိုတာ တိုးတက်ဖွံ့ဖြိုးမှုနဲ့အတူ အများအကျိုးကို ဆောင်ရွက်ရပါတယ်။

ကျွန်တော်တို့ရဲ့ အတွေး၊ အလုပ်၊ ရည်မှန်းချက်ပန်းတိုင်နဲ့အတူ တာဝန်ယူရဲသော စိတ်ဓာတ်ကပဲ ကျွန်တော်တို့ရဲ့ အနာဂတ်ဘဝကံကြမ္မာကို စိတ်တိုင်းကျ ဖန်တီးနိုင်ပါတယ်။

ဘာအပင်မှ မစိုက်ဘဲ၊

ဘာအသီးအပွင့်ကိုမှ မမျှော်လင့်ပါနဲ့။

ဒီလိုပဲ…

ဘာတစ်ခုမှ မလုပ်ဘဲနဲ့၊

ဘာအောင်မြင်မှုမှ ရမည်မဟုတ်။

အောင်မြင်မှုရှိဖို့ လုပ်ပိုင်ခွင့်ရှိရပါမယ်။

လုပ်ပိုင်ခွင့်ဆိုတာ…

အခြေခံအခွင့်အရေးပဲ ဖြစ်တယ်။

တကယ်တော့ လုပ်ပိုင်ခွင့်တိုင်းမှာ လုပ်ပိုင်ခွင့်အတိုင်းအတာနဲ့ ညီမျှတဲ့ တာဝန်ရှိတယ်။ ဝတ္တရားရှိတယ်။

တာဝန်ဟာ အလုပ်ဖြစ်ပြီး၊

ဝတ္တရားဟာ ကျင့်ဝတ်ဖြစ်တယ်။

အောင်မြင်ချင့်တဲ့သူဟာ လုပ်ပိုင်ခွင့်တစ်ခုတည်းကိုသာကြည့်ပြီး အခွင့်အရေးသက်သက်ကိုသာ ခံစားချင်လို့မဖြစ်။ လုပ်ပိုင်ခွင့်နဲ့ညီတဲ့ တာဝန်ကိုပါ လုပ်မှ အခွင့်အရေးဆိုတာ ရရှိပါလိမ့်မယ်။

အခွင့်အရေးသာကြည့်ပါက…

စစ်မှန်တဲ့၊ တရားမျှတတဲ့ အခွင့်အရေး မဟုတ်တော့။

ကျွန်တော်တို့ဟာ မည်သည့်နယ်ပယ်မှာမဆို မိမိကြိုက်နှစ်သက်သော လုပ်ပိုင်ခွင့်ကို ရွေးချယ်ခွင့်ရှိတယ်။

ဒါပေမယ့်…

လုပ်ပိုင်ခွင့်နှင့်အတူ တာဝန်ဝတ္တရားတွေပါ တွဲပါနေတာကိုတော့ အမှတ်ရနေရပါမယ်။

တာဝန်ကို မလိုချင်ဘူးဆိုရင်…

လုပ်ပိုင်ခွင့်နှင့် အခွင့်အရေးဟာလည်း ပျောက်သွားတတ်ပါတယ်။

ဒီနေရာမှာ လုပ်ပိုင်ခွင့်ကို ကြောက်ခြင်း၊ မကြောက်ခြင်းဟာ မိမိဆုံးဖြတ်နိုင်ခွင့်၊ ခေါင်းဆောင်ပီသစိတ်ကိုပါ ပုံဖော်နေပါတယ်။

ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ဟာ တချို့သော ဆုံးဖြတ်ချက်တွေကို တာဝန်ယူရမှာ စိုးရိမ်တဲ့အတွက် (မိမိထက် အဆင့်မြင့်အရာရှိ) သူတစ်ပါးကို (မိမိကိုယ်တိုင် ဆုံးဖြတ်လို့ရပေမယ့်) ဆုံးဖြတ်နိုင်းစေပါတယ်။

သူတစ်ပါးကို တာဝန်ယူနိုင်းတာပါ။

ဒါပေမယ့်…

သူတစ်ပါးကို တာဝန်ယူနိုင်းခြင်းနဲ့အတူ ကျွန်တော်တို့ရဲ့ ဆုံးဖြတ်ပိုင်ခွင့်၊ ခေါင်းဆောင်ပီသမှု၊ လွတ်လပ်မှုတွေ ပျောက်ဆုံးပြီး သူတစ်ပါးရဲ့ လက်အောက်ခံဘဝကို ကျရောက်သွားတာကို ကျွန်တော်တို့ မေ့သွားပါတယ်။



ခေါင်းဆောင်ဆိုတာ…

တာဝန်ယူတတ်ရတယ်။

ဒီတော့…

တာဝန်မယူတတ်ခြင်းဟာ ခေါင်းဆောင်မဖြစ်နိုင်ခြင်းဆိုတဲ့ အဓိပ္ပာယ်သက်ရောက်ပါတယ်။

ဒါကြောင့်…

ကျွန်တော်တို့ရဲ့ ဘဝတွေကို ပိုမိုကြီးကျယ်သော အနေအထားကို ရောက်စေဖို့ လုပ်ငန်းခွင်မှာတာဝန်ယူကာ လုပ်ကိုင်ရဲရပါမယ်။ တာဝန်မယူရဲသမျှ ကာလပတ်လုံး ကျွန်တော်တို့ဟာ သူတစ်ပါးလက်အောက်ခံဘဝမှာ ရောက်နေဦးမှာပဲ။

ဒီတော့…

ကျွန်တော်တို့ဟာ အောင်မြင်ဖို့ လုပ်ပိုင်ခွင့်တွေကို **အဓိအရ** ဆုပ်ကိုင်ပြီး အခွင့်အရေးနဲ့အတူ တစ်ပါတည်းပါလာတဲ့ **အခက်**အခဲတွေကိုပါ ရင်ဆိုင်တာဝန်ယူရပါမယ်။

တာဝန်ကြီးရင်တော့…

အခွင့်အရေးတွေဟာလည်း ကြီးမားလာပါမယ်။

တာဝန်သေးရင်တော့…

အခွင့်အရေးဟာလည်း သေးငယ်ပါလိမ့်မယ်။

တာဝန်မရှိရင်…

အခွင့်အရေးဟာလည်း မရှိပါဘူး။

ဒါကြောင့်…

ကျွန်တော်တို့ဟာ မိမိတို့ရဲ့ လုပ်ပိုင်ခွင့်တွေကို တာဝန်ယူရဲတဲ့ သတ္တိနဲ့ လုပ်ကိုင်ဆောင်ရွက်ဖို့ အထူးသတိပြုဖို့လိုနေပါပြီ။

၂

"ဘာလုပ်လုပ်
ကိုယ်ပိုင်လုပ်ရတယ်။
သူတစ်ပါးဆိုတာ
ဘယ်တော့မှ ကိုယ်မဟုတ်ဘူး။
ကိုယ်လုပ်မှ ကိုယ်ရတယ်။
သူတစ်ပါးကို နှိုင်းချိန်
ကိုယ်ပိုင် အရင်လုပ်ရတယ်။
ကိုယ်မတတ်ချင်
သူတစ်ပါး ဘယ်လိုနိုင်းမလဲ"

## ကိုယ်တိုင်လုပ်

တစ်ခါက နပိုလီယံဟာ ရုရှားပြည်ကြီးအတွင်းကို ဝင်ရောက်တိုက်ခိုက်ဖို့ သူ့စစ်သည်တွေနဲ့ ဝင်ခဲ့ပါတယ်။

ဒီလိုနဲ့…

တစ်နေ့ကျတော့ နပိုလီယံတို့အဖွဲ့တွေဟာ ရုရှားပြည်ထဲက မြို့လေးတစ်မြို့အတွင်းကို ဝင်ရောက်တိုက်ခိုက်နေစဉ် ရုတ်တရက် နပိုလီယံဟာ သူ့အဖွဲ့တွေနှင့် လူစုကွဲသွားပါတယ်။

ဖြစ်ချင်တော့ အဲဒီအနေအထားတစ်ခုကို ကော့ဆက်စစ်သား တစ်စုက မြင်သွားတယ်။

ဒါဟာ အခွင့်အရေးပဲ။

ဟုတ်တယ်လေ။

"ငါ့အဘိဓာန်မှာ မဖြစ်နိုင်ဘူးဆိုတဲ့စကား မရှိဘူး" ဆိုတဲ့ ပြစ်သစ်စကေရာစ် ဘုရင်တစ်ပါးကို အလွယ်တကူ ဖမ်းမိပြီဆိုပါက သူတို့အတွက် ကြီးမားသော အောင်ပွဲပဲ။



ဒီတော့…

ကော့ဆက် စစ်သားတွေဟာ ဒီကြီးမားတဲ့ အခွင့်အရေးကို လက်လွှတ်မခံချင်တာနဲ့ နပိုလီယံနောက်ကနေ တရကြမ်းလိုက်ပါတယ်။ လက်လွှတ်ခံ၍မဖြစ်။

နပိုလီယံက ရှေ့ကပြေး။

ကော့ဆက်တွေက လိုက်။

တကယ့်ကို ကြမ်းတမ်းတဲ့ အက်ရှင်ဇာတ်ကားထဲက သည်းထိတ်ရင်ဖို ဇာတ်ဝင်ခန်းတစ်ခုလိုပါပဲ။

ဒါနဲ့…

နပိုလီယံဟာ လမ်းကို အဖြောင့်မပြေးတော့ဘဲ ကွေ့ကောက်ပြီး ပြေးပါတယ်။ အဓိပ္ပာယ်ကတော့ ရှင်းပါတယ်။ နောက်ကလိုက်လာ သူတွေကို မျက်ခြည်ပြတ်ဖို့ပါ။

နောက်က အရမ်းနီးနေပြီလေ။

ဒါနဲ့…

ရုတ်တရက် လမ်းကြားလေးတစ်ခုအတွင်းမှာ သားမွေးထည် အရောင်းဆိုင်တစ်ဆိုင်ကိုတွေ့တာနဲ့ နပိုလီယံဟာ ဝင်ပြီး ဆိုင်ရှင်ကို…

"ကျွန်တော့်ကိုကယ်ပါ၊ ဘယ်မှာ ပုန်းရမလဲဗျ"

ဆိုင်ရှင်က နပိုလီယံဆိုတာ နာမည်သာ ကြားဖူးပေမယ့် လူကို တော့ မမြင်ဖူးဘူး။ အခုလည်း ဒုက္ခရောက်လာသူဟာ ဘယ်သူမှန်းမသိ။

ဒါပေမယ့်…

ဒုက္ခရောက်လာသူ တစ်ယောက်ဆိုတာကိုတော့ မြင်ရုံနှင့် သိတာနဲ့…

"အဲဒီထောင့်က သားမွေးပုံထဲ ဝင်ပုန်းနေ"

နပိုလီယံဟာလည်း ဆိုင်ရှင်ပြောသည့်အတိုင်း ဝင်ပုန်းလိုက်၏။ ဆိုင်ရှင်ကလည်း နပိုလီယံအပေါ်ကို သိုးမွေးစများ တစ်ထပ်ကြီး တင်ပေးလိုက်တယ်။

ဆိုင်ရှင် ဖုံးဖိရုံရှိသေးတယ် ကော့ဆက်စစ်သားတွေရောက်လာပြီး အမောတကောနှင့် ဒေါသကြီးစွာဖြင့်…

“ဘယ်မှာလဲကွ၊ ဒီဆိုင်ထဲဝင်သွားတာ ငါတို့မြင်တယ်”

“ဘယ်သူမှ မဝင်ပါဘူးခင်ဗျာ”

ဒေါသမီးတွေ တောက်လောင်နေတဲ့ စစ်သားတွေကို သိုးမွေးဆိုင်ပိုင်ရှင်က သူ့စိတ်ကို တည်ငြိမ်အောင်စုစည်းပြီး ငြင်းပယ်လိုက်တယ်။

ဒါပေမယ့်…

ကော့ဆက်စစ်သားတွေက မယုံကြည်။

ဆိုင်ရှင်က တောင်းပန်တယ်။

သို့သော်… မထူးခြား။

စစ်သားတွေက တစ်ဆိုင်လုံးကို လှည့်ပတ်ရှာတယ်။ မတွေ့။ သားမွေးပုံကိုလည်း ရှာတယ်။ မထူးခြား။ သိုးမွေးပုံကြီးက အရမ်းကြီးတော့ မွှေနှောက်လို့မဖြစ်တော့ သိုးမွေးပုံအောက်မှာ နပိုလီယံ ရှိမလားဆိုတဲ့ အတွေးဝင်ပြီး ဓားတွေနဲ့ ထိုးကြည့်ကြပြန်တယ်။

သိုးမွေးအောက်မှာ ရှိနေတဲ့ နပိုလီယံတော့ မသိ။ ဘေးက ရပ်ကြည့်နေတဲ့ သိုးမွေးဆိုင်ပိုင်ရှင်တောင် အသည်းတယားယားနဲ့ တုန်လှုပ်ချောက်ချားလှတယ်။

တကယ်လို့…



ဓားနဲ့ထိုးမိသွားရင် နပိုလီယံရဲ့အဖြစ်က မတွေးဝံ့စရာ၊ သူလည်း ရန်သူကို အကာအကွယ်ပေးမှုနဲ့ တွေးကြည့်ရုံနဲ့တောင် ရင်ထဲမှာ မုန်တိုင်းကို မျိုထားရသလို ခံရခက်လှတယ်။

ဒီလိုနဲ့…

ကော့ဆက်စစ်သားတွေဟာ နပိုလီယံကို စိတ်တိုင်းကျ ရှာဖွေပြီး မတွေ့တော့မှ ဆိုင်အပြင်ကို ပြန်ထွက်သွားကြတယ်။

“ဘုရား…ဘုရား”

သိုးမွေးဆိုင်ရှင်လည်း စစ်သားတွေ ဆိုင်အပြင်ရောက်မှ ဘုရားတနိုင်ပါတော့တယ်။ ကော့ဆက်စစ်သားတွေ မရှိတော့ဘူးဆိုတာ အသေအချာ သိတော့မှ နပိုလီယံကို အပြင်ထုတ်ပေးလိုက်တယ်။

ဘာဒဏ်ရာမှ မရှိ။

သည်အချိန်မှပဲ နပိုလီယံရဲ့ စစ်သည်တွေဟာ နပိုလီယံကို လိုက်ရှာရင်း တွေ့သွားကြ၏။

ဒီတော့မှ ဆိုင်ပိုင်ရှင်ဟာ ဧကရာဇ်ဘုရင် နပိုလီယံဆိုတာကို သိသွားတယ်။

သို့သော်…

တုန်လှုပ်မှုက ရှိသေးတယ်။

ဒါပေမယ့်…

သူက နပိုလီယံရဲ့ ကျေးဇူးရှင်ကိုး။

ကျေးဇူးရှင်ဆိုတော့ နပိုလီယံကို မရဲတရဲကြည့်ကာ မဝံ့မရဲနဲ့…

“တစ်မျိုးတော့မထင်ပါနဲ့၊ သိချင်တာလေးတစ်ခုရှိလို့ပါ။ ဧကရာဇ်ကြီးအနေနဲ့ သားမွေးပုံအောက်မှာရောက်နေတော့ အပေါ်က

တေးနဲ့ထိုးကြတဲ့အခါ ရုတ်တရက် သေသွားနိုင်တာကိုသိတော့ ဘယ်လိုနေပါသလဲ ခင်ဗျာ''

''ဘာကွ''

နပိုလီယံအသံက ဟိန်းထွက်သွားတယ်။

နပိုလီယံရဲ့အသံကိုကြားတော့ သိုးမွေးဆိုင်ပိုင်ရှင် ထိတ်လန့်သွားတယ်။ သူဘာများ မှားသွားသလဲပေါ့။

နပိုလီယံက…

''ငါလို ဧကရာဇ်ဘုရင်တစ်ယောက်ကိုများ မလေးမစားနဲ့ကွာ၊ ရိုင်းစိုင်းတဲ့ ဒီကောင်ကိုဖမ်း၊ မျက်နှာကို ပဝါနဲ့စည်းပြီး ချက်ချင်းဆွဲခေါ်ခဲ့၊ ငါကိုယ်တိုင် ဒီသတ္တဝါကို ပစ်မိန့်ပေးမယ်''

နပိုလီယံရဲ့ စကားသံဆုံးတော့ သိုးမွေးဆိုင်ရှင်ရဲ့ တုန်လှုပ်မှုကတော့ အထွတ်အထိပ်ကို ရောက်သွားပါပြီ။

''ငါကိုက မှားတာ''

''ငါ သေတော့မှာပါလား''

''မကယ်သင့်တဲ့လူကို ကယ်ခဲ့မိပြီ''

''ဒီအတိုင်းနေရင်ကောင်းသား''

သူ့အတွေးများ ကစဥ့်ကလျား။ သူ့စိတ်တွေကလည်း ပုံမှန်အောက်ကို ရောက်နေခဲ့တယ်။ သူ့အသားများက တဆတ်ဆတ်တုန်လို့။

ခဏနေရင် သူ့ရဲ့ အသက်ရှူသံတွေ ရပ်တန့်တော့မယ်။ ဒီလောကကြီးနှင့် သူနှင့် တခြားစီ၊ နောက်ဘဝဆိုတာ ဘာလဲ။

သေခါနီးလူတစ်ယောက်ရဲ့ အတွေးက ပြန့်ကျဲလွင့်မျောလျက်။



နပိုလီယံရဲ့ စစ်သားတွေက သူ့ကိုချုပ်တော့ သူ့အကြောက်အကန် ငြင်းဆန်နေတယ်။ မလိုက်ချင်လို့ ပြန်ရုန်းပေမယ့် အင်အားချင်းမမျှတော့ တရွတ်တိုက်ပါသွားတယ်။

စစ်သားတွေက သူ့ကို နံရံမှာချုပ်ထားပြီး သူ့မျက်လုံးကို ပဝါနဲ့စည်းလိုက်တယ်။ ဘာကိုမှ မမြင်ရတော့။

ကြားနေတဲ့ အသံတွေက ထိတ်လန့်စရာ။

စစ်သားတွေတန်းစီသံ၊ စစ်မိန့်ပေးသံ၊ သူ့ကို ပစ်ခတ်ရန်အတွက် ရိုင်ဖယ်သေနတ်များကို ပြင်ဆင်သံ၊ သူ့ဘေးနားမှာ ရုတ်တရက်မျိုးကလီးယားလက်နက်ကြီးများ ပေါက်ကွဲနေသလိုပဲ။

အသက်တစ်ခါရှူခွင့်ရတဲ့ အခိုက်အတန့်လေးမှာပင် သူမောယန်းနေပြီ။

လေပြည်လေညင်းတွေကတောင် လေးလံဖိစီးနေသလို လောကကြီးက သူ့အတွက် ဘာတစ်ခုမှ သာယာစရာမရှိ။

''အသင့်ပြင်''

နပိုလီယံရဲ့ အမိန့်ပေးသံကို မိုးကြိုးပစ်သံထက် အဆပေါင်းများစွာ ကျယ်လောင်တယ်။

အမည်ဖော်ပြဖို့ ခက်ခဲတဲ့ ဝေဒနာတစ်ခုက သူ့ကို ဖိစီး နှိပ်စက်နေတယ်။ အဲဒီဝေဒနာကို စကားလုံးတွေနဲ့ ဖွဲ့နွဲ့၍မရ။ ဘယ်လိုအမည်နာမ တပ်ရမလဲ သူ မသိ။

သူသိတာကတော့ သူ့လက်ရှိသိနေသော အသိများတွေတောင် ခဏနေရင် ပျောက်ကွယ်တော့မယ်ဆိုတာပါပဲ။

သူ့ပါးပြင်ကို မျက်ရည်စတွေ စီးကျလာတယ်။

မျက်ရည်စတွေဟာလည်း အလွန်ပြင်းထန်သော မီးတောက်တစ်ခုက အပူရှိန်ပြင်းထန်သော ချော်ရည်များ စီးကျသလို ခံစားရတယ်။

အရာအားလုံး ဟိတ်ဆိတ်။

ဟိတ်ဆိတ်မှုတွေက ကြီးစိုးနေတယ်။ ဘာကြောင့်လဲဆိုတာကို သူသဲကွဲစွာ မသိ။

အဲဒီဟိတ်ဆိတ်မှုများကပဲ သူ့အတွက် ချောက်ချားစရာအလွန်ကောင်းနေတော့မယ်။

သူသေသွားပြီလား။

ဒါလည်း မသဲကွဲ၊ မသေချာ။

ဘာတစ်ခုမှ ရေရာမှုမရှိ။

ရုတ်တရက် သူ့အနားကိုကပ်လာတဲ့ ခြေသံတွေကို ကြားနေရတယ်။ ဘယ်သူတွေရဲ့ ခြေသံများလဲ။

တစ်စုံတစ်ယောက်က သူ့အသားကို လာထိတယ်။

မျက်နှာမှာစည်းထားတဲ့ ပတ်ကို ဖြုတ်လိုက်တယ်။

အမှောင်ထဲက လူတစ်ယောက် နေရောင်ကို မြင်ရတော့ မျက်လုံးများက ကျိန်းစက်သွားတယ်။ သူမြင်နေတဲ့အရာတွေက မသဲမကွဲ၊ ဝေဝါးလျက်။

နေရောင်ကြောင့် နှင်းပွင့်တွေကွဲသွားသလို၊ မြင်လိုက်ရတာက နပိုလီယံ၊ သူ့ကို တည့်တည့်စိုက်ကြည့်နေတယ်။ ဘာတစ်ခွန်းမှမဟ။

နပိုလီယံရဲ့ အကြည့်ဟာ သူ့ခန္ဓာကိုယ်တစ်ခုလုံးမှာ ရှိနေတဲ့ အစိတ်အပိုင်းအားလုံးကို တစ်ခုချင်းစီ ထိုးဖောက်ကြည့်နေသလိုပါပဲ။



သူကတော့ အေးစက်လျက်။

သူ့ရဲ့ အနေအထားဟာ မသေသေးဘူးဆိုတာ သိလိုက်တယ်။ အဲဒီအချိန် နပိုလီယံက သူ့ကိုကြည့်ပြီး…

"အခု ခင်ဗျား သိသွားပြီ မဟုတ်လား"

× × ×

ကျွန်တော်တို့ဟာ လူ့ပတ်ဝန်းကျင်အတွင်းမှာ လူသားပေါင်းများစွာနှင့် အတူယှဉ်တွဲကာ နေထိုင်တဲ့အတွက် တခြားလူတွေရဲ့ ဘဝတွေကို စိတ်ဝင်စားတတ်ကြတယ်။

လူအားလုံးရဲ့ အဖြစ်အပျက်အားလုံးကို စိတ်မဝင်စားရင်တောင်မှ ထူးခြားမှုရှိတဲ့ ဖြစ်စဉ်တွေကတော့ ကျွန်တော်တို့ရဲ့ စိတ်ပါဝင်စားမှုကို မြှင့်တင်စေပါတယ်။

အဆင်ပြေတဲ့ဘဝဆိုရင်…

ကျွန်တော်တို့တစ်တွေ အားကျခဲ့တယ်။

အဆင်မပြေတဲ့ဘဝဆိုရင်…

ကျွန်တော်တို့တစ်တွေ စာနာပေးကြတယ်။

ဒါက…

ယေဘုယျသဘော။

ဒီလို ယေဘုယျသဘောမဟုတ်တဲ့ လူသားတွေလည်း ကျွန်တော်တို့ပတ်ဝန်းကျင်မှာ ရှိတတ်ပါတယ်။ သူတစ်ပါးဘာပဲဖြစ်ဖြစ် ငါနဲ့မဆိုင်ဘူးဆိုတဲ့ လူတွေပါ။

တချို့က သူတစ်ပါးရဲ့ ရှိက်သံတွေကို နင်းခြေပြီးမှ မိမိရဲ့ ချမ်းသာကို ရှာဖွေတယ်။

တချို့က သူတစ်ပါးရဲ့ ဒုက္ခဇွေ၊ သောကတွေကို ကယ်တင်နိုင်ပေမယ့်လည်း မျက်ကွယ်ပြုကြတယ်။

တချို့က သူတစ်ပါးရဲ့ မသိနားမလည်မှုတွေကို အခွင့်အရေး အဖြစ် ဖန်တီးကြတယ်။

တချို့က သူတစ်ပါးရဲ့ ဘဝတွေကို နင်းခြေပြီး မိမိဘဝကို တည်ဆောက်ကြတယ်။

တချို့က သူတစ်ပါးရဲ့ လွတ်လပ်ခွင့်တွေကို ပိတ်ပင်ပြီး မိမိ အတွက် ပျော်ရွှင်မှုကို ဖန်တီးတယ်။

တချို့က သူတစ်ပါးကို ခြောက်လှန့်ပြီး မိမိရဲ့ အာဏာကို တည်မြဲအောင်လုပ်တယ်။

ဒါ့အပြင်…

တချို့က လူအများအတွက် မိမိဘဝ အစတေးခံတယ်။

တချို့က လူအများအတွက် မိမိရဲ့ လွတ်လပ်ခွင့်ကို မေ့ပစ် လိုက်တယ်။

တချို့က လူအများအတွက် မိမိရဲ့ အခွင့်အရေး အားလုံးကို ပေးဆပ်လိုက်ကြတယ်။

အမျိုးမျိုးပါပဲ။

တစ်ခုရှိတာက သူဟာ ကိုယ်မဟုတ်သလို၊ ကိုယ်ဟာလည်း သူ မဟုတ်ပါဘူးပေါ့။

ဒါပေမယ့်…



ကျွန်တော်တို့ သတိပြုမိရမှာကတော့ သူတို့ဘဝတွေလိုပဲ ကျွန်တော်တို့ဘဝတွေကို ဖန်တီးနိုင်ခွင့်ရှိတယ်ဆိုတာပါပဲ။

သူကြီးပွားရင်…

ကိုယ်လည်း ကြီးပွားအောင်လုပ်လို့ရတယ်။

သူအောင်မြင်ရင်…

ကိုယ်လည်း အောင်မြင်အောင်လုပ်လို့ရတယ်။

သူစွန့်လွှတ်ရင်…

ကိုယ်လည်း စွန့်လွှတ်လို့ရတယ်။

သူကျော်ကြားရင်…

ကိုယ်လည်း ကျော်ကြားအောင်လုပ်လို့ရတယ်။

အရေးတကြီး သိထားရမှာကတော့ လူတိုင်းမှာ အကြီးစား အိပ်မက်တွေကို မက်ပိုင်ခွင့်ရှိတာပါပဲ။

သို့သော်…

ကျွန်တော်တို့ကစ်တွေဟာ ဘဝတွေကို အောင်မြင်အောင် တည်ဆောက်ဖို့၊ အောင်မြင်ပြီးသားလူတွေကို အတုယူ အားကျခွင့် ရှိပေမယ့် မဟုတ်တဲ့လူတွေကိုတော့ အားကျလို့ မဖြစ်နိုင်ပါဘူး။

ရာထူးကြီးတိုင်း၊ လုပ်ပိုင်ခွင့်ရှိတိုင်း၊ ကျော်ကြားတိုင်း ကျွန်တော်တို့ အားကျ၍မဖြစ်ပါဘူး။

တရားမျှတစွာနဲ့ အောင်မြင်ပြီး ထိပ်တန်းရောက်နေသူတွေကို အားကျအတုယူ လိုက်လုပ်ရမှာဆိုတာကိုတော့ အရေးတကြီး သိထား ရပါမယ်။

မကောင်းရင်တော့…

ရှုံးထွက်နိုင်ရပါမယ်။

အခြေအနေ အကြောင်းကြောင်းကြောင့် တစ်ခါတစ်ရံမှာ ကျွန်တော်တို့ပတ်ဝန်းကျင်က မတရားသဖြင့် ကြီးပွားသူတွေကိုကြည့်ပြီး သူတို့လို ဘဝကိုတော့ မတည်ဆောက်မိပါစေနဲ့။

ကိုယ်အောင်မြင်ကြီးပွားမှုတိုင်းဟာ…

တရားသော အောင်မြင်မှုဖြစ်ရပါမယ်။

ဒီတော့…

မြန်မာစကားပုံ အဆိုအမိန့်တစ်ခုရှိပါတယ်။

အဲဒါကတော့ "ဆင်သွားရင် လမ်းဖြစ်တယ်" ဆိုတာပါပဲ။

အဓိပ္ပာယ်ကတော့ အားကြီးတယ်၊ သူလုပ်ရင် ဘာမဆိုဖြစ်တဲ့အတွက် အားကြီးတဲ့သူဖြစ်အောင် ကျွန်တော်တို့ဘဝတွေကို တည်ဆောက်ရမယ်။

အဲဒီလိုဖြစ်ဖို့ သူများကို အားကိုးနေရုံနဲ့တော့ မဖြစ်ပါဘူး။ ကိုယ်တိုင်လုပ်ကြည့်မှ တကယ့်ဖြစ်ရပ်မှန်ကို သိမှာပေါ့။

တကယ်တမ်းအားဖြင့်…

နပိုလီယံက သူ့အဖြစ်အပျက်ကို သိုးမွေးပိုင်ရှင်ကို လက်တွေ့သိစေချင်တာပါ။

၂၃

"အောင်မြင်မှုနဲ့ ကြုံတဲ့သူဟာ

ပြုံးရတယ်။

အသိဉာဏ်ရှိပြီး

ပြုံးနိုင်ရင် အလကားပဲ။

ငိုပြီး

အသိဉာဏ်မရှိရင်လည်း အလကားပဲ။

ဒီတော့

ပြုံးခြင်းက အသိဉာဏ်အခြေခံရတယ်"

## ၉

တစ်ခါက ဗင်နီဇွဲလားနိုင်ငံမှာ ရာဖေးလ်ဆိုလာနို (Ra Fael Solano)ဆိုတဲ့ လူတစ်ယောက်ရှိခဲ့ဖူးပါတယ်။

သူက စိန်ရှာဖွေတဲ့သူ။

စိန်ရှာဖွေတယ်ဆိုလို့ စိန်ရှိမယ့်နေရာမှာ မြေကွက်တွေဝယ်ပြီး အလုပ်သမားပေါင်းများစွာနဲ့ လုပ်နေတဲ့ စိန်သူဌေးမဟုတ်။

အညတြ စိန်ရှာသမား။

မသေချာ၊ မရေရာတဲ့အလုပ်။

ဘာကြောင့်လဲဆိုတော့ ရာဖေးလ်တို့က မရှိဆင်းရဲသား တောသားတွေဆိုတော့ စိန်ရှိတယ်လို့ အများက ပြောကြတဲ့ ချောင်းတွေ၊ ချောက်တွေကြားမှာ ရှာဖွေခြင်းပါပဲ။

သူတို့အနေနဲ့ ရေသိပ်မရှိတဲ့ ချောင်းတွေ၊ ချောက်တွေအတွင်း ရှိတဲ့ ကျောက်ခဲတွေကြားမှာ ရတ်တရက်များ စိန်ရိုင်းတုံးများတွေ့မလား ဆိုတဲ့ အသိနဲ့ ရှာကြတာပါ။



အကယ်၍…

ကျောက်ခဲတွေကြားမှာ စိန်တွေ့ခဲ့ရင်ဆိုတဲ့ အသိက သူတို့ကို အကြီးစားအိပ်မက်တွေကို မက်နိုင်ဖို့ အခွင့်အရေးရှိလာပါလိမ့်မယ်။

ဟုတ်တော့လည်း ဟုတ်တယ်။ သူတို့လို ဘာအရင်းအနှီးမှ မရှိတဲ့ တိုင်းရင်းသား ဆင်းရဲသားတွေအနေနဲ့ ဒီအိပ်မက်ကလွဲပြီး တစ်ခြားမက်စရာ အိပ်မက်ကမရှိတော့၊ ရှိတဲ့အလုပ်ကိုပဲ လုပ်ရပါတယ်။

သို့သော်…

ရာဖေးလ်ပတ်ဝန်းကျင်မှာတော့ အရည်အသွေးကောင်းတဲ့ စိန်တွေများရှိနေမလားဆိုတဲ့ အသိနဲ့ လုပ်နေပေမယ့် ဘယ်သူကတော့ စိန်ပွင့်ရပြီး ကံကောင်းသွားတယ်ဆိုတဲ့သူ တစ်ယောက်မှ မရှိကြ။

မဖြစ်စလောက် အရိုင်းပွင့်လေးတွေနဲ့သာ စားသောက်ကြရသလို တချို့ကတော့လည်း တစ်ခြားအလုပ်ကို ပြောင်းလုပ်ကြ၏။

ဟုတ်တယ်လေ။

ဒီအလုပ်က ဘာမှ မသေချာတာကိုး။

ရာဖေးလ်တစ်ယောက်လည်း ဒီအလုပ်ကို လုပ်ရတာကို စိတ်ပျက်ငြီးငွေ့နေပါပြီ။

ဒါပေမယ့်…

သူက သူများထက် ထူးခြားတာကတော့ သူကောက်ခဲ့တဲ့ ကျောက်စရစ်ခဲတွေကို အမှတ်အသားပြုခြင်းပါပဲ။

ပုံမှန်အားဖြင့် တခြားသူတွေအနေနဲ့ ကျောက်စရစ်ခဲကို ကောက်ကြည့်တယ်။ ပြန်ပစ်တယ်။ ထပ်ကောက်တယ်။ ပြန်ပစ်တယ်။ ဒါပါပဲ။

ရာဖေးလ်ကတော့ သူကောက်ခဲ့တဲ့ အမှတ်အသားကို အတိအကျ မှတ်ထားတယ်။ ဘာကြောင့် မှတ်ရလဲဆိုတော့ သူဒီအလုပ်ကို စိတ်ပျက်နေပြီ။ ဒါကြောင့်…

"အလုံးရေ တစ်သန်းပြည့်ရင် ဒီအလုပ်ကို ဆက်မလုပ်တော့ဘူး"

လို့ သူ သန္နိဋ္ဌာန်ချထားတယ်။

ဒီအလုပ်ဟာ သူ့အတွက် ခိုင်မာမှုမရှိတော့ ကာလတစ်ခု သတ်မှတ်ပြီး အပြောင်းအလဲကိုလုပ်ဖို့ သူက ပိုင်းဖြတ်ထားတာပါ။

ဒီလိုနဲ့…

ကျောက်စရစ်ခဲ ၉၉၉၉၉၉ ပြည့်တဲ့ ကျောက်စရစ်ခဲကို လွှင့်ပစ်ပြီးတာနဲ့…

"ကဲ… စာရင်းပိတ်ပြီ"

လို့ ပါးစပ်ကပြောပြီး နောက်ထပ် ကျောက်စရစ်ခဲတစ်ခုကို ကောက်ကိုင်လိုက်တယ်။

ကျောက်စရစ်ခဲက လေးနေတယ်။

ရင်ထဲမှာ တစ်ခုခုကို ထိတ်လန့်နေသလို။

သူအသေအချာကြည့်တယ်။ ကျောက်စရစ်ခဲက ပိုပြီးတော့ လေးနေတယ်လို့ ခံစားရတယ်။ သူအထပ်ထပ် ပွတ်သပ်ကြည့်ကယ်။ ကြည့်ပြီး…

"စိန်ရိုင်းတုံးကြီးများလား"

အသေအချာ ပြန်ကြည့်တယ်။

ဟုတ်တယ်။



အရည်အသွေးကောင်းသော စိန်ရိုင်းကြီးဖြစ်နေတယ်။

အခုအခါ လစ်ဗရေတာ (Librator) အမည်နဲ့ ရာဖေးလ်ရဲ့ စိန်ကြီးဟာ ကမ္ဘာပေါ်မှာ စိန်တွင်းကြီးတွေက တူးဖော်လို့မရဘဲ ဒီအတိုင်း ကောက်ရသည့် စိန်တွေထဲမှာ အရည်အသွေးအကောင်းဆုံး၊ အကြီးဆုံးအဖြစ် စံချိန်တင်ခဲ့ပါပြီ။

ဒီနေရာ…

စာဖတ်သူအနေနဲ့ ပြောစရာရှိပါတယ်။

"ကံကောင်းလို့ပါ"

"ဒါက ဖြစ်တောင့်ဖြစ်ခဲကိစ္စ"

"မလွယ်ပါဘူး"

စသဖြင့် ပြောနိုင်ပါကယ်။ အဲဒီလိုစကားများကို ကျွန်တော်တို့ လက်ခံလို့ရပါတယ်။

ဒါပေမယ့်…

ကျွန်တော်တို့ စဉ်းစားရမယ့် အချက်တွေကတော့ တစ်ခါတလေကျရင် ကျွန်တော်တို့ဟာ ဇွဲရှိရှိ လုပ်ကိုင်ပါလျက်နဲ့ အဆင်မပြေလို့ ကိုယ်က ဇွဲလျှော့လိုက်လို့ အခွင့်အရေးတွေ ဆုံးရှုံးသွားတာတွေ။

အခက်အခဲကိုကြုံတိုင်း နောက်အလုပ်ကို ပြောင်းလုပ်လိုက်၊ ကိုယ့်မရှိမှ ကိုယ့်နေရာဝင်သူက အဆင်ပြေသွားတာတွေ။

အချိန်ကာလသတ်မှတ်ပြီး မကြိုးစားခဲ့တာတွေ။

မိမိအလုပ်ကို စနစ်တကျ မလုပ်ခဲ့တာတွေ။

အလုပ်တစ်ခု ပြီးမြောက်အောင်မြင်ဖို့ ထိုက်သင့်တဲ့ ဇွဲ၊ လုံ့လ၊ ဝီရိယတွေ မထားခဲ့တာတွေ။

ဇွဲလျှော့လို့ ပြုတ်ကျခဲ့တာတွေ။

ဒီအချက်တွေကိုတော့ ကျွန်တော်တို့တစ်တွေ အလေးအနက်ထား စဉ်းစားပြီး သင်ခန်းစာယူရပါမယ်။

ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့တစ်တွေဟာ လုပ်တိုင်း အဆင်မပြေနိုင်ပါဘူး။

သို့သော်…

ကြိုးစားမှုကိုတော့ လျှော့လို့မဖြစ်ပါဘူး။

ဒါနဲ့ပတ်သက်ပြီး ခရော့ခ်(Ray Liroc)ရဲ့ စကားတစ်ခွန်း ရှိပါတယ်။

"စိမ်းနေ နုနေသေးသရွေ့ ခင်ဗျား ဆက်ပြီး ကြီးထွားနေလိမ့်မယ်။ ရင့်ပြီ မှည့်ပြီဆိုတာနဲ့ တစ်ပြိုင်နက် ညှိုးဖို့ပုပ်ဖို့ စတော့တာပဲ။

"ဆက်လုပ်စမ်းပါ။ လောကမှာ ဇွဲနဘဲရဲ့နေရာကို အစားဝင်နိုင်တဲ့ နေရာဆိုလို့ ဘာမျှမရှိ။ အစွမ်းအစလည်း သူ့ကို မယှဉ်နိုင်။ လောကမှာ အစွမ်းအစရှိပြီး မအောင်မြင်၊ မကြီးပွားသူတွေလောက် ပေါများတဲ့အရာ မရှိ။ ဉာဏ်ပါရမီဆိုတာကလည်း ထိုနည်းလည်းကောင်း၊ ပညာတတ်ပြီး အလုပ်မဖြစ်သူတွေ လောကမှာ တစ်ပုံတစ်ခေါင်းဖြစ်နေတယ်။ ခိုင်မာတဲ့ သန္နိဋ္ဌာန်နဲ့ မလျှော့သော ဇွဲ၊ လုံ့လတို့သာလျှင် တန်ခိုးစွမ်းအား အကြီးမားဆုံးဖြစ်တယ်။

လို့ ဆိုထားပါတယ်။

ဒီတော့…



ကျွန်တော်တို့တစ်တွေဟာ အခက်အခဲများကို ဖြေရှင်းဖို့ဆိုရင် ဇွဲ၊ လုံ့လ၊ မရှိမဖြစ် လိုအပ်လှပါတယ်။

ဇွဲ၊ လုံ့လကပဲ ကျွန်တော်တို့ရဲ့ လဲကျမှုတွေကို ပြန်ထစေဖို့ တွန်းအားဖြစ်စေပါတယ်။

ဒီနေရာမှာ အလွန်ကျော်ကြားတဲ့ အမေရိကန်၏ သမ္မတကောင်းတစ်ဦးဖြစ်တဲ့ အေဗရာဟမ်လင်ကွန်း၏ ဖြစ်စဉ်တချို့ကို အကျဉ်းအားဖြင့် လေ့လာကြည့်ရအောင်။

၁၈၃၁ ခုနှစ်၊ စီးပွားရေးလုပ်ငန်းမှာ ဆုံးရှုံးတယ်။

၁၈၃၂ ခုနှစ်၊ ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲတွင် ရှုံးတယ်။

၁၈၃၃ ခုနှစ်၊ စီးပွားရေးမှာ ထပ်ရှုံးတယ်။

၁၈၃၄ ခုနှစ်၊ ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲမှာ အနိုင်ရတယ်။

၁၈၃၅ ခုနှစ်၊ ချစ်သူကွယ်လွန်တဲ့အတွက် စိတ်ဒဏ်ရာရတယ်။

၁၈၃၆ ခုနှစ်၊ စိတ်ဓာတ်တွေကျဆင်းတယ်။

၁၈၃၈ ခုနှစ်တွင် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌရာထူးအတွက် ယှဉ်ပြိုင်အရွေးခံရာ ရှုံးနိမ့်တယ်။

၁၈၄၃ ခုနှစ်၊ အောက်လွှတ်တော်(ကွန်ဂရက်) ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ဖို့ ကြိုးပမ်းရာ မအောင်မြင်ခဲ့။

၁၈၄၆ ခုနှစ်၊ အောက်လွှတ်တော်အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရတယ်။

၁၈၄၈ ခုနှစ်၊ အောက်လွှတ်တော်အမတ်အဖြစ် ဆက်လက်ထမ်းဆောင်ခွင့်ရရန် ကြိုးပမ်းရာ မအောင်မြင်ခဲ့။

၁၈၄၉ ခုနှစ်၊ မြေယာအရာရှိရာထူးအတွက် ကြိုးပမ်းရာ မအောင်မြင်ခဲ့။

၁၈၅၄ ခုနှစ်၊ အထက်လွှတ်တော်(ဆီးနိတ်) အမတ်ရာထူး အတွက် ယှဉ်ပြိုင်ရာ အရေးနိမ့်ခဲ့။

၁၈၅၆ ခုနှစ်၊ အမေရိကန်ပြည်ထောင်စု ဒုတိယသမ္မတ ရာထူးအတွက် ကြိုးပမ်းရာ မအောင်မြင်။

၁၈၅၈ ခုနှစ်၊ အထက်လွှတ်တော်ရွေးကောက်ပွဲမှာ ထပ်မံ အရေးနိမ့်ပြန်တယ်။

၁၉၆၀ ခုနှစ်၊ သမ္မတ ဖြစ်လာခဲ့တယ်။

ဒါက…

အမေရိကန်သမ္မတ အေဗရာဟမ်လင်ကွန်း၏ ဘဝပုံရိပ် တစ်စိတ် တစ်ဒေသ ဖြစ်စဉ်ပါ။

ချုံးပြီးတော့ ကြည့်လိုက်တဲ့အခါမှာတော့ အဆင်မပြေတာတွေ လည်းရှိတယ်။ အဆင်ပြေတာတွေလည်းရှိတယ်။ အောင်မြင်မှုတွေနဲ့ အတူ ကျရှုံးမှုများ ပူးတွဲနေတာကို တွေ့ရပါတယ်။

ဒီတော့…

"ဒါဟာ သဘာဝပဲ၊ လူတိုင်းဖြစ်နေတာ၊ ဘာထူးလဲ"

လို့ ဆိုစရာရှိပါတယ်။

သို့သော်…

ကျွန်တော်တို့တွေဟာ တစ်ခါတစ်ရံမှာ သဘာဝဖြစ်စဉ်တွေ ကြားထဲမှာတောင် ကြုံတွေ့နေရတဲ့ အခက်အခဲတွေကို လက်တွေ့ ရင်ဆိုင်ဖို့ ကြတော့ ကြောက်လန့်နေကြတယ်။



ကြောက်ရင်တော့ လွဲမှာပဲ။

ရဲဝံ့စွာ လုံ့လ ဝီရိယတွေနဲ့ ရင်ဆိုင်ရင်တော့ အောင်ပွဲဆိုတာ ကျွန်တော်တို့အတွက်ပါပဲ။

ပြီ

"ထိပ်တန်းစာဝဆိုတာ
တောင်တက်နေတာနဲ့ အတူတူပဲ။
ရပ်လိုက်တာနဲ့ ရှေ့မရောက်တော့ဘူး။
ဘာအခက်အခဲရှိရှိ
ရှေ့ကို ဆက်တက်ရပါမယ်။
ကြောက်ရင်
ဘယ်မှ မရောက်တော့ဘူး"

## နောက်မဆုတ်နဲ့ ရှေ့တက်

"တယ်လီဖုန်း"

လက်ရှိ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လူအများ စိတ်ဝင်စား နေတဲ့ အရာတစ်ခုဖြစ်တယ်။

ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့နိုင်ငံမှာ ဖုန်းတစ်လုံးကို သိန်းလေးဆယ်ဝန်းကျင်ကနေ ယခု (၂၀၁၂) နှစ်သိန်းငါးသောင်းထိ ချပေးတော့ ကျွန်တော်တို့တွေ အလွယ်တကူ အသုံးပြုကြတယ်။

ဖွံ့ဖြိုးပြီးသောနိုင်ငံတွေအတွက် ဖုန်းတစ်လုံးဝယ်ဖို့ အခက်အခဲ မရှိပေမယ့် အစစအရာရာ နိမ့်ကျနေတဲ့ ကျွန်တော်တို့နိုင်ငံအတွက် နှစ်သိန်းဆိုတဲ့ငွေဟာ ကြီးမားတဲ့ အခက်အခဲဖြစ်နေတယ်။

ကျွန်တော်တို့ပတ်ဝန်းကျင်က နိုင်ငံတွေမှာ ဖုန်းဆိုတာ ဘယ်လို လူစားတွေ သုံးလဲဆိုတာ ကျွန်တော်တို့ဆီက မြို့နေလူထုမပြောနှင့်၊ ကျေးလက်ကလူတွေတောင် သိကြပါတယ်။

မသိလို့လည်းမဖြစ်။ ရွာတိုင်းနီးပါးမှာ ပြည်ပနိုင်ငံထွက်ပြီး အလုပ် ထွက်လုပ်တဲ့လူတွေက ရှိနေတာကိုး။

ဒီတော့…

ဖုန်းနဲ့ပတ်သက်ပြီး သိလာကြတယ်။

"ထိုင်းမှာဆိုရင်ကွာ..."

"မလေးမှာ နေတုန်းက..."

"ဘင်္ဂလားဒေ့ရှ်က လယ်သမားတွေများ လယ်ထဲကနေ ဖုန်းပြောကြတာ"

"တို့ဆီမှာလည်း ငါးထောင်တန်ဖုန်းတွေ ကျတော့မယ်"

စသည်ဖြင့် ကျွန်တော်တို့တစ်တွေဟာ ဖုန်းနဲ့ပတ်သက်ပြီး စကားထဲမှာ ထည့်ပြောနေရတယ်။

မပြောလို့လည်း မဖြစ်။ ကမ္ဘာပေါ်က နိုင်ငံအများစု(ကျွန်တော်တို့နိုင်ငံလို ဖုန်းဈေးကြီးပြီး အသုံးနည်းသော နိုင်ငံအနည်းငယ်တော့ ရှိပါတယ်။ ဒါက စကားချပ်)ဟာ ဖုန်းရှိခြင်း၊ မရှိခြင်းကို အကြောင်းအရာတစ်ခုအနေနဲ့ မပြောကြပါဘူး။

ဖုန်းဟာ သူတို့အတွက် အပတ်စဉ်ထုတ် ဂျာနယ်တစ်စောင်လောက်တောင် စိတ်ဝင်စားစရာ မကောင်း။

သို့သော်...

ကျွန်တော်တို့နိုင်ငံအတွက်ကတော့ အရမ်းကို စိတ်ဝင်စားစရာကောင်းသည်။ ကျွန်တော်တို့က 'မြစ်'ကို ခုမှ မြင်ဖူးတော့ 'မူး'တာလေးကပင် ကျွန်တော်တို့အတွက် သီးခြားကမ္ဘာတစ်ခု။

ဒါက...

လက်ရှိမြန်မာနိုင်ငံနဲ့ တယ်လီဖုန်း။

× × ×



တစ်ခါက တက္ကသိုလ်ပါမောက္ခကြီးတစ်ဦး ရှိခဲ့ဖူးပါတယ်။ သူ့နာမည်က ဂရေဟာမ်ဘဲလ်။

ဂရေဟာမ်ဘဲလ်ရဲ့ ဇနီးက နားအရမ်းလေးတယ်။ နားလေးတော့ သူတစ်ပါးပြောတဲ့ စကားကို အလွယ်တကူ မကြားဘူး။

ဒါကို ဂရေဟာမ်ဘဲလ်က စာနာတယ်။

ဒီတော့...

သူ့ဇနီးသည် နားကြားအောင် အထောက်အကူဖြစ်စေမယ့် ပစ္စည်းတစ်ခုကို တီထွင်ဖို့ ကြံစည်ခဲ့တယ်။

ဒီလိုနဲ့...

သူက ဇနီးသည် နားကြားအောင် အထောက်အကူပြုပစ္စည်းကို တီထွင်ရင်းနဲ့ တဖြည်းဖြည်း တခြားသော အရာတစ်ခုကိုပါ တီထွင်ဖို့ စိတ်ကူးရလာတယ်။

ဒီအကြံအစည်က မူလစိတ်ကူးထက် ပိုမိုပြီးတော့ ကြီးမားကျယ်ပြန့်နေတယ်။

ဒါက...

ယနေ့ မြန်မာနိုင်ငံမှာ ခေတ်စားနေတဲ့ တယ်လီဖုန်း။

သူ့စိတ်ကူးက ကြီးမားကျယ်ပြန့်တော့ သုတေသနလုပ်ဖို့ စမ်းသပ်ဖို့ဆိုပါကလည်း ငွေက များစွာလိုအပ်နေတယ်။

ကျားက ကြီးလာတော့လည်း...

ခြေရာကလည်း လိုက်ကြီးပေးရတော့မယ်။

ကျားက ကြီးပြီး ခြေရာက သေးနေမယ်ဆိုရင် သဘာဝမကျတော့၊ ယုတ္တိမရှိတော့၊ မဖြစ်နိုင်တော့။

ဒီတော့…

ဂရေဟမ်ဘဲလ်က သူ့စိတ်ကူးကို လူအများအတွက် အကောင်အထည်ဖော်ဖို့ စီးပွားရေးသမားတွေကို ချပြတော့ စီးပွားရေးသမားတွေက…

"ဒီကိစ္စ မဖြစ်နိုင်"

"လုံးဝ ယုတ္တိမရှိ"

"ဒီဝါယာကြိုးလေးကနေတစ်ဆင့် ဒီလူရဲ့အသံကို နောက်လူတစ်ယောက်ထံ ဘယ်လိုပို့မှာလဲ"

"ဒီကြိုးထဲကို လူက ဝင်ရမှာလား၊ အသံကို ထုတ်ပြီး ကြိုးထဲထည့်ရမှာလား၊ ဟား… ဟား"

လူအများရဲ့ မယုံကြည်ခြင်း၊ အထင်သေးခြင်း၊ လှောင်ပြောင်ခြင်းတွေကြားမှာ ဂရေဟမ်ဘဲလ်တစ်ယောက် စိတ်ဓာတ်မကျခဲ့။

သို့သော်…

စီးပွားရေးသမားဆိုတော့ သိပ္ပံအကြောင်း နားမလည်လို့ ဒီလိုပြောတာပဲနေမှာ။ ဒီကိစ္စကိုတော့ သိပ္ပံပညာရှင်တွေက လက်ခံမှာပဲဆိုပြီး ဂရေဟမ်ဘဲလ် တယ်လီဖုန်းတီထွင်ဖို့ကိစ္စ သိပ္ပံသမားတွေကို ပြောပြပြန်ပါတယ်။

သိပ္ပံသမားတွေက အချက်အလက်တွေဟာ ဖြစ်နိုင်ချေရှိပေမယ့် စီးပွားရေးအရတော့ မဖြစ်နိုင်ပေ။ ကြန့်ကြာနိုင်တယ်။ ငွေအရင်းအနှီးလည်း များတယ်။

သူ့အတွက် ထောက်ခံသူမရှိ။

သို့သော်…



ဂရေဟမ်ဘဲလ် နောက်မဆုတ်။

ရှေ့ကိုသာ ဆက်ပြီးတော့ တိုးတယ်။

ဒီလိုနဲ့…

သူယုံကြည်ရာအတိုင်း ကြိုးစားခဲ့ရာ နောက်ဆုံးတော့ တယ်လီဖုန်းဆိုတာကို တီထွင်နိုင်ခဲ့ပြီး ဘဲလ်တယ်လီဖုန်းကုမ္ပဏီကြီးကို တည်ထောင်ကာ သူကိုယ်တိုင်လည်း တကယ့်စီးပွားရေးပညာရှင်ကြီး ဖြစ်သွားပါတယ်။

အခုတော့…

တယ်လီဖုန်းတွေက ကမ္ဘာပေါ်မှာ အစီအရီ။

× × ×

ကျွန်တော်တို့ မြန်မာလူမျိုး အများစုဟာ တယ်လီဖုန်းကို မသုံးစွဲနိုင်ကြသေးပါဘူး။

အထူးသဖြင့် ကျေးလက်နေ လူတန်းစားပေါ့။ ကျေးလက်ကလူလို့သာ အကြမ်းဖျင်းဆိုရပေမယ့် မြို့ပေါ်မှာလည်း ဒီအတိုင်းပါပဲ။ သိပ်တော့ မထူးခြား။

၂၀၀၂ နှစ်ဦးပိုင်းကာလအထိ မြန်မာပြည်ရဲ့ ဖုန်းသိပ်သည်းဆဟာ အကြမ်းဖျင်း ခြောက်ရာခိုင်နှုန်း (လူ ၁၀၀ တွင် ဖုန်းခြောက်လုံး) သာရှိပါတယ်။

ဒါကြောင့်လည်း ဆက်သွယ်ရေးနှင့်ပတ်သက်လာပါက လူထုထံကို ပျံ့နှံ့မှုဟာ နိုင်ငံတကာစံနှုန်းများနဲ့ နှိုင်းယှဉ်မယ်ဆိုရင် အလွန်အမင်း နိမ့်ကျပါတယ်။

မြန်မာရဲ့နောက်မှာ ဖုန်းသိပ်သည်းဆ နည်းလွန်းတဲ့နိုင်ငံဟာ သိပ်မကျန်တော့ဘူးလို့ အင်တာနက်သတင်းတစ်ရပ်မှာ ဖော်ပြထားပါတယ်။

တစ်ခါတစ်ရံ ကျွန်တော်တို့ တွေးမိတာက အကြားအမြင်နည်းအောင် တမင်တကာများ ဖြတ်တောက်လုပ်ဆောင်ထားသလားလို့တောင် ထင်မိပါတယ်။

ဒါက မသေချာ။

သေချာတာက အမေရိကန်လုပ်ငန်းရှင် ဘီလီယံနာဂျင်မ်ရောင်ဂျာက...

"မြန်မာရဲ့လက်ရှိအခြေအနေဟာ ၁၉၇၉ ခုနှစ်မှာ တိန့်ရှောင်ဖိန် တရုတ်ပြည်ကြီးကို ပြောင်းလဲဖို့ စလုပ်ပုံနဲ့ တူနေပြီး တံခါးဖွင့်နေပြီ။ ဒါကြောင့် တို့တစ်တွေ ဆုံးဖြတ်ချက်အသစ်တွေချမှ ဖြစ်တော့မယ်"

ဆိုတဲ့ သဘောကို စင်ကာပူ ကွန်ဖရင့်တစ်ခုမှာ ပြောသွားပါတယ်။ သူက ဖြစ်နိုင်ရင် သူ့ပိုက်ဆံတွေ အားလုံးကို မြန်မာနိုင်ငံမှာ မြှုပ်နှံလိုက်ချင်တာကိုး။

ကျွန်တော်တို့ရဲ့ အားနည်းချက်တွေဟာ သူတို့အတွက် အခွင့်အရေးတွေ ဖြစ်နေတာကိုး။

ဟုတ်တယ်လေ။

ဥပမာအားဖြင့် MPT ရဲ့ မူလစီမံကိန်းအတိုင်း အခုတစ်နှစ်မှာ မိုဘိုင်းဖုန်း လေးသန်း အမှန်တကယ် တိုးချဲ့တပ်ဆင် ရောင်းချနိုင်တယ်ပဲထားဦး။ လူဦးရေရဲ့ ၁၀ ရာခိုင်နှုန်း (သို့မဟုတ်) ၁၂ ရာခိုင်နှုန်းသာ ဖုန်းသုံးစွဲနိုင်မှာပါ။

ကျန်နေသေးတဲ့ သန်း ၆၀ သော လူဦးရေရဲ့ ၉၀ ရာခိုင်နှုန်းဝန်းကျင်အတွက် မိုဘိုင်းဖုန်း ဝန်ဆောင်မှုပေးနိုင်ဦးမယ့် အခွင့်အလမ်းဟာ နိုင်ငံတကာဆက်သွယ်ရေးလုပ်ငန်းရှင်များအတွက် မက်မောစရာ ဈေးကွက်ကြီးဖြစ်နေပါတယ်။



ဒီလို ဈေးကွက်မျိုးကလည်း တခြားတိုက်တွေ အသာထားဦး အာရှတိုက်မှာတော့ မရှိသလောက် ရှားပါးနေပြီ။

ဘင်္ဂလားဒေ့ရှ်မှာတောင် မိုဘိုင်းအော်ပရေတာ ခြောက်ခုရှိပြီး ၂၀၁၁ အထိကိုပဲ လူဦးရေ သန်း ၁၇၀ ရဲ့ ၅၆ ရာခိုင်နှုန်း (ဖုန်း ၈၅ သန်း) သုံးခဲ့တယ်။ အခု ၂၀၁၂ နှစ်ကုန်ဆိုတော့ တွက်ကြည့်ပေါ့။

၂၀၀၆ ခုနှစ် ကျွန်တော်တို့ဆီမှာ ဖုန်းထုတ်ဈေး ၁၅ သိန်း၊ အပြင်ဈေး ၂၅ သိန်းခေတ်မှာ ဗီယက်နမ်လူဦးရေရဲ့ ၃၂ ဒသမ ၆ ရာခိုင်နှုန်း ဖုန်းသုံးနေပြီး အခုဆို မိုဘိုင်းဖုန်းတင် ၁၂၅ သန်းကျော်နေပြီ။

ဗီယက်နမ်လူဦးရေ ၈၆ သန်းမှာ ဖုန်းလိုင်း ၁၂၅ သန်းဆိုတော့ စင်ကာပူ၊ ထိုင်း စတဲ့ အာဆီယံနိုင်ငံတွေလိုပဲ လူဦးရေထက် ဖုန်းက များနေပါတယ်။

ကျွန်တော်တို့ နောက်ကျခဲ့ပါပြီ။

အစစအရာရာ ယှဉ်ဖို့ မလွယ်ကူတော့။

ဘယ်သူ့ကို အပြစ်တင်ကြမလဲ။

(... ... ... ...)။

ဖြစ်ပြီးခဲ့သမျှလည်း ဖြစ်ခဲ့ကုန်ပြီဆိုတော့ ဘယ်သူ့ကိုမှ အပြစ်မတင်ချင်တော့ဘူး။

အပြစ်လုပ်ခဲ့သူများကို နားလည်ပေး၊ ခွင့်လွှတ်ပေးတာထက်စာရင် ကျွန်တော်တို့ အဲဒါတွေကို မေ့ပြီး ရှေ့ဆက် ကြိုးစားကြရပါမယ်။

ဒီတော့...

တချို့က ကျွန်တော်တို့ကို လှောင်ပြောင်နေတယ်။
တချို့က မဖြစ်နိုင်တော့ဘူးလို့ ပြောကြတယ်။
တချို့က အားမပေးကြဘူး။
တချို့က နှောင့်ယှက်ကြမယ်။
တချို့က အခွင့်အရေးယူကြမယ်။
တချို့က … … … …။
ဘာတွေပဲဖြစ်နေပါစေ။
ဘယ်လို အခက်အခဲတွေပဲ ကြုံပါစေ။
ကျွန်တော်တို့ ညီညွတ်ကြမယ်။
ကျွန်တော်တို့ စုစည်းကြမယ်။
ကျွန်တော်တို့ ကြိုးစားကြမယ်။
နောက်…
ဘာအခက်အခဲပဲရှိရှိ၊
(ဂရေဟမ်ဘဲလ်လို)
ကျွန်တော်တို့…
နောက်မဆုတ်ကြပါနဲ့။

ပြ

ရှင်လန်းချမ်းမြေ့ပါစေ…

သတိုးနွယ်

၁-၈-၂၀၁၂